ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday 24 June 2018 ၉၃၂၇

**ထစ်ချုန်းမိုး**

**နေပြည်တော်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။




၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး၊ နွေစပါးတွင် ပေါ်ဆန်းမွှေးကေ ၁၃ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့

စာမျက်နှာ - ၂

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ်နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ ရန်ကုန်မြို့၌ ကျင်းပ

စာမျက်နှာ - ၈

အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုနှစ်ခုကို အကန့်အသတ်မရှိ ဆိုင်းငံ့

စာမျက်နှာ - ၁၂

# ရန်ကုန်မြို့သစ်ကို စီးပွားရေးမြို့တော်နှင့် နေထိုင်ရန်ကောင်းသည့်မြို့တော်အဖြစ် အကောင်အထည်ဖော်သွားမည်



**ရန်ကုန်မြို့သစ်စီမံကိန်း ပုံစံငယ်ကို တွေ့ရစဉ်။** *ဓာတ်ပုံ-NYDC*

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်မြို့သစ်စီမံကိန်းနှင့်စပ်လျဉ်းပြီး ထွက်ပေါ်နေသည့် မေးခွန်းများကို ဆွေးနွေးနိုင်ရန်နှင့် အများပြည်သူမှ မေးခွန်းများ မေးမြန်းနိုင်ရန်အတွက် ရန်ကုန်မြို့သစ် ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်(NYDC)က ဦးစီးပြီး ရန်ကုန်မြို့သစ်စီမံကိန်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့သစ် ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက် (NYDC) မှ ဒေါ်အေးအေးခိုင်က အနောက်တောင် မြို့သစ်စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီးဧရိယာအတွင်းရှိ စီမံကိန်းများထဲမှ စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ အနောက်တောင်မြို့သစ် စီမံကိန်းကို အပိုင်းနှစ်ပိုင်းခွဲပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အပိုင်း(၁)တွင် ဧက ၂၀၀၀၀ ကျော်ပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က NYDCကို ဖွဲ့စည်းခဲ့ကြောင်း၊ NYDC သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ မြို့သစ်ကို စီးပွားရေးမြို့တော်နှင့် လူနေထိုင်ရန်ကောင်းသည့် မြို့တော်ဖြစ်ရန် Road Map ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

# လှိုင်သာယာမြို့နယ်ကို အခြေပြု၍ ယာဉ်လိုင်းသစ်နှစ်လိုင်း တိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိ

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ကိုအခြေပြု၍ ယာဉ်လိုင်းသစ်နှစ်လိုင်း ပြေးဆွဲနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြထားကြောင်း Omni Focus ကုမ္ပဏီလီမိတက်မှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ကို အခြေပြုကာ စတင်ပြေးဆွဲမည့် အဆိုပါယာဉ်လိုင်းနှစ်လိုင်းသည် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ချိတ်ဆက်ပြေးဆွဲမည့် ယာဉ်လိုင်းသစ်တစ်ခုနှင့် လှိုင်သာယာမှ အောက်ကြည့်မြင်တိုင်လမ်းအတိုင်း သခင်မြပန်းခြံ၊ ဗိုလ်တထောင်အထိပြေးဆွဲမည့် ယာဉ်လိုင်းသစ်တစ်ခုတို့ဖြစ်ကြောင်း သိရသည်။

ယာဉ်လိုင်းသစ်များ တိုးချဲ့ပြေးဆွဲမည့် Omni Focus ကုမ္ပဏီသည် လက်ရှိတွင် YBS 20 ယာဉ်အစီးရေ ၇၀၊ YBS 56 ယာဉ်အစီးရေ ၃၀၊ YBS 83 ယာဉ်အစီးရေ ၇၀ ပြေးဆွဲလျက်ရှိပြီး ဇွန် ၂၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့်

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ▼




**ဇွန် ၂၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဂိတ်ထိုးထားသော YBS Airport Shuttle Bus များကို တွေ့ရစဉ်။**



ကြေးမုံ

# အဂတိမဖက် ရိုးသားဖြောင့်မတ်မှုဖြင့် တာဝန်ယူ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ၁၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်၌ ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနားတွင် "ကျွန်တော်တို့ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လှိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက် သွားကြရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတက အုပ်ချုပ်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အရေးပါသည့်အချက်များကို ပြောကြားခဲ့ပြီးနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ အတော်အတန်ခရီးရောက်နေပြီဟု ဆိုရမည်ဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကော်မရှင်ကို စနစ်တကျဖွဲ့စည်း၍ ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပိုမိုထိရောက်မှုရှိစေရန် ပြန်လည်ပြင်ဆင်ခဲ့ရာ စတုတ္ထအကြိမ်အထိ ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့သည်။

စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေတွင် ပုဒ်မ ၃၊ ပုဒ်မခွဲ (က)၌ (၁) မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန် အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ အစားထိုး ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

ဤအစားထိုးပြဋ္ဌာန်းလိုက်သည့် ဥပဒေပုဒ်မသည် ပြည်သူ့ဘဏ္ဍာငွေနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုနိုင်မှုများအား ထိထိရောက်ရောက် ကာကွယ်တိုက်ဖျက်နိုင်ရန် ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ပေသည်။ ပြည်သူ့ဘဏ္ဍာရန်ပုံငွေ၏ အသုံးစရိတ်များတွင် ဝယ်ယူရေးလုပ်ငန်းများသည် ကြီးမားသော အချိုးအစားရှိသည့်အပြင် ယင်းသည် ဌာနဆိုင်ရာ ဝန်ထမ်းအကြီးအမှူးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန်ထိတွေ့ ချိတ်ဆက်မိနိုင်သော နေရာဖြစ်သဖြင့် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ ဘေးအန္တရာယ်အများဆုံးရှိသည့် နေရာဖြစ်သည်။

OECD ၏ ၂၀၁၃ ခုနှစ် ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံများတွင် အစိုးရ၏ဝယ်ယူဖြည့်တင်းရေးလုပ်ငန်းအတွက် သုံးစွဲငွေများ၏ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသည် အဂတိလိုက်စားမှုကြောင့် လေလွင့်ဆုံးရှုံးသွားသည်ဟု ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် အလားတူလေလွင့်ဆုံးရှုံးမှုမှာ ထို့ထက်ပိုမိုလိမ့်မည်ဟု ခန့်မှန်းထားသည်။ ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့်ဥပဒေအရ စည်းမျဉ်း၊ စည်းကမ်းဖောက်ဖျက်မှုကြောင့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေများ ထိခိုက်နစ်နာဆုံးရှုံးမှု မဖြစ်ပေါ်စေရန် တားဆီးကာကွယ်ရေးတာဝန် ကော်မရှင်တွင် ရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ အဆိုပါလုပ်ငန်းတာဝန်သည် နိုင်ငံတော်အတွက် အလွန်အရေးပါသော လုပ်ငန်းဖြစ်သဖြင့် ထိုတာဝန်ကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတို့ကပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ အစိုးရ၏ ဝယ်ယူဖြည့်တင်းရေးလုပ်ငန်းများတွင် ဦးစီးဦးဆောင်ပြုနေသည့် တာဝန်ရှိသူများကလည်း တာဝန်ယူထားရသော အခန်းကဏ္ဍအလိုက် အဂတိလိုက်စားမှုမဖြစ်စေရေး ပုဂ္ဂိုလ်အလိုက် ရိုးသားဖြောင့်မတ်မှုနှင့် တာဝန်ယူမှုရှိရန် ပို၍အရေးကြီးမည်ဟု ရှုမြင်ပါကြောင်း။ ။

MYANMAR
DigitalNews
Presented by NPE
www.mdn.gov.mm

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အင်ဂျင်နီယာများ မွမ်းမံသင်တန်းဆင်း

**နေပြည်တော် ဇွန် ၂၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အင်ဂျင်နီယာများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၈) ဆင်းပွဲကို ယမန်နေ့နံနက် ၉ နာရီက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရတနာခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

**အမြင်ချင်းမျှဝေ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပညာရပ်များဖြစ်သည့် ဓာတ်အားထုတ်လုပ်မှုဘာသာရပ် လေးခု၊ ဓာတ်အားသယ်ပို့ဖြန့်ဖြူးခြင်း ဘာသာရပ် ၁၃ ခုနှင့် အခြေခံမြို့ပြဆိုင်ရာဘာသာရပ် တစ်ခု စုစုပေါင်း ဘာသာရပ် ၁၈ ခု သင်ကြားပို့ချပေးခဲ့ကြောင်း၊ ပြင်ပအဖွဲ့အစည်းများဖြစ်သည့် Siemens၊ GE၊ UREC၊ Hendrix၊ YOUNG IN နှင့် ALPHA POWER ကုမ္ပဏီတို့မှ ဝါရင့်ကျွမ်းကျင်အတတ်ပညာရှင်များကလည်း ပါဝင်ဆွေးနွေးပို့ချပေးခဲ့ကြောင်း၊ အင်ဂျင်နီယာ ဝန်ထမ်းကောင်းများဖြစ်ရန်အတွက် အင်ဂျင်နီယာကျင့်ဝတ်ကို သိရှိနားလည်ကြရမည်ဖြစ်ကြောင်း၊ ဒုတိယဝန်ကြီးကလည်း လုပ်ငန်းအတွေ့အကြုံ ဗဟုသုတများကို အမြင်ချင်းဖလှယ်ဝေမျှဆွေးနွေးပေးခဲ့ကြောင်း၊ သင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများသာမက Site Visit အဖြစ် မြင်းခြံ Gas Engine ဓာတ်အားပေးစက်ရုံနှင့် Sembcorp CCGT ဓာတ်အားပေးစက်ရုံ၊ ရဲနွယ်၊ ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ၊ ရွှေမြို့နှင့် နေပြည်တော်(၂) ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံတို့ကိုလည်း လက်တွေ့ကွင်းဆင်းလေ့လာစေခဲ့ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကာလပြီးဆုံး၍ မိမိတို့၏ လုပ်ငန်းခွင်အသီးသီးသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်သည့်အခါ သင်တန်းမှရရှိခဲ့သည့် အတွေ့အကြုံများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးချပြီး လေ့လာသင့်သည့် နည်းပညာရပ်များကိုလည်း ဆက်လက် ကြိုးစားလေ့လာဆည်းပူးသွားကြရန် အလေးအနက်မှာကြားလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ထူးချွန်သင်တန်းသား သုံးဦးက ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်စစ်ဆေးခြင်း၊ ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်နှင့် လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ထူးချွန်သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ဒုတိယဝန်ကြီးက သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး၊ နွေစပါးတွင် ပေါ်ဆန်းမွှေး ဧက ၁၃ သိန်းကျော်စိုက်ပျိုးနိုင်ခဲ့

**နေပြည်တော် ဇွန် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် အလားအလာဆွေးနွေးပွဲကို ဇွန် ဒုတိယပတ်က နေပြည်တော် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**နိုင်ငံတကာဈေးကွက်ထိုးဖောက်နိုင်ရေး**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးလှကျော်က သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ တောင်သူလယ်သမားများနှင့် လယ်ယာကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံးတို့က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုတို့ကြောင့် နိုင်ငံ၏ဆန်စပါးစိုက်ပျိုးထုတ်လုပ်နိုင်မှု တိုးတက်လာလျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း ဈေးကွက်ဝင် ဈေးကောင်းရ အရည်အသွေးမြင့်ဆန်စပါးများ စိုက်ပျိုးထုတ်လုပ်ရေးအတွက်ကိုလည်း အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ပေါ်ဆန်းမွှေး၏ အနံ့၊ အရသာနှင့် စားသုံးမှု အရည်အသွေးကောင်းမွန်မှုကြောင့် ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိနေသကဲ့သို့ ပြည်ပနိုင်ငံများမှလည်း အထူးစိတ်ဝင်စားလျက်ရှိရာ နိုင်ငံတကာဈေးကွက်သို့ မြန်မာ့ပေါ်ဆန်းမွှေး ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အကြံပေးပညာရှင် ဒေါက်တာစိန်လှဗိုလ်နှင့် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်တို့က မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ မိတ်ဆက်ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဦးလှကျော်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသော ပြခန်းများကို အားပေးကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပညာရှင်များက မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာဆိုင်ရာ စာတမ်းများကို တင်သွင်းဖတ်ကြားကြသည်။

**ထူးခြားကောင်းမွန်**

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါး၊ မိုးစပါး စုစုပေါင်း ဧက ၁၇၉ သိန်းကျော် စိုက်ပျိုးခဲ့ပြီး ပေါ်ဆန်းစပါး ဧက ၁၃ သိန်းကျော် စိုက်ပျိုးခဲ့သည်။ ပေါ်ဆန်းမွှေးစပါးမျိုးကို ဒေသအသီးသီးတွင် စိုက်ပျိုးလျက်ရှိပြီး ၁၉၉၇-၉၈ ခုနှစ်တွင် ရွှေဘိုမြို့၌ စတင်စမ်းသပ်စိုက်ပျိုးခဲ့ရာမှ ဒေသရေမြေနှင့်ကိုက်ညီသဖြင့် အနံ့ အရသာ ထူးခြားကောင်းမွန်ပြီး စပါးအထွက်ကောင်းကာ အောင်မြင်မှုရရှိခဲ့သည်။ ပေါ်ဆန်းမွှေးသည် ဆန်ရည်ဆန်သွေးကောင်းမွန်ခြင်း၊ ချက်ပြုတ်ရာတွင် အမြင်လှပပြီး ထမင်း၏ အလျားရှည်သွယ်ခြင်း၊ အိုးတက်ခြင်း၊ စားသုံးရာတွင် နူးညံ့ပျော့ပျောင်း၍ စားသုံးမှုကောင်းမွန်ခြင်း၊ အနံ့မွှေးခြင်း၊ မာကျောမှုမရှိသဖြင့် မနက်ချက်ပြုတ်ထားသော ထမင်းကို ညနေစာအထိ ကောင်းစွာစားသုံးနိုင်ခြင်း၊ ကျန်သည့်ထမင်းကြမ်းသည် အစိုမပြန်၊ အရည်မထွက်၊ အစေးမပေါက်၊ ကွဲအက်မှုမဖြစ်ခြင်း စသည်တို့ကြောင့် ပြည်တွင်းဈေးကွက်တွင် အများဆုံးရောင်းချရပြီး ဈေးကောင်းရရှိကာ ဈေးကွက်ခိုင်မာလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# ပူတာအိုဌ ကွန်ကရစ်လမ်းခင်း

**ပူတာအို ဇွန် ၂၃**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေး၊ အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် အများပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ပူတာအိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပူတာအိုမြို့ မြို့မဈေးဘေး တြိဂံနှင့် ပလက်ဖောင်းများကို ဖျက်သိမ်း၍ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ယင်းမြို့မဈေးဘေး တြိဂံ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို အလျား ပေ ၉၀၊ အကျယ် ပေ ၃၀၊ ထု ခြောက်လက်မနှင့် ပလက်ဖောင်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို အရှည် ၃၇၅ ပေ၊ အကျယ် ကိုးပေ၊ ဒု ခြောက်လက်မ ခင်းသွားမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၂၂ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သည့် ဘုဏ်းမင်းခန့် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၀ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၉၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မကွေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ပခုက္ကူမြို့ရှိ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးနှင့် ရွှေကူမြတ်စွာဘုရားတို့အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းဆက်ကပ်လှူဒါန်းပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းဆွေ၊ ခရိုင်နှင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရောခန်းမ(၂)၌ ကျင်းပသည့် သဘာဝဘေးကြိုတင် ကာကွယ်ရေးနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ယခုခရီးစဉ်သည် သဘာဝဘေးနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ သဘာဝဘေးနှင့် ပတ်သက်၍ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများသာမက လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါကြောင်း၊ လူမှုရေးအသင်းအဖွဲ့များဟုဆိုရာတွင် မြန်မာနိုင်ငံ အမျိုးသမီးကော်မတီအောက်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးအရေး တက်ကြွစွာလှုပ်ရှားသူများ အသင်းများသာမက အခြားသော လူမှုရေးအသင်းအဖွဲ့များ ပါဝင်ပါကြောင်း၊ လူမှုရေးအသင်းအဖွဲ့များသည် ပြည်သူလူထုကိုကိုယ်စားပြုသည့်အတွက် ပြည်သူလူထုတစ်ရပ်လုံး ဘေးအန္တရာယ်နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို သိရှိနိုင်ရန် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကန်တော်ကန်ကျိုးပေါက်မှုအား ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးစဉ်။

### နှစ်သိမ့်ထောက်ပံ့

မိမိကိုယ်တိုင် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့သို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ အားပေးနှစ်သိမ့်ခြင်း၊ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုခရီးစဉ်သည် ပခုက္ကူမြို့နယ်အနီး ဖြတ်သန်းစီးဆင်းနေပြီး တောင်ကျရေကြောင့် လူသေဆုံးခဲ့ရသည့် ရွှေချောင်း ချောင်းရေလမ်းကြောင်းဖောက်လုပ်ခြင်း၊ မကျီးပင်ပုကျေးရွာအုပ်စု ကျွန်းအိုကျေးရွာ ရေကာတန်းပြုလုပ်ခြင်းနှင့် ကန်တော်ကန် ကျိုးပေါက်မှုတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော ပရဟိတလူမှုကူညီရေးအသင်းများအတွက် ထောက်ပံ့ငွေ ပေးအပ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့များမှလည်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးပေးပါရန် ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွှေချောင်း ချောင်းတူးဖော်ခြင်းအတွက် ထောက်ပံ့ငွေကျပ် ၁၂၄ ဒသမ ၅၆ သိန်း၊ မကျီးပင်ပုကျေးရွာအုပ်စု ကျွန်းအိုကျေးရွာ ရေကာတန်းပြုလုပ်ခြင်းအတွက် ထောက်ပံ့ခြင်း ငွေကျပ် ၅၃ ဒသမ ၅၈၈ သိန်းအားလည်းကောင်း၊ ကန်တော်ကန် ကျိုးပေါက်မှုတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော ပရဟိတလူမှုကူညီရေးအသင်း ငါးသင်းအတွက် စက်သုံးဆီဖိုး ငွေကျပ် ၁ ဒသမ ၅ သိန်းအားလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသားများက လက်ခံရယူကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေချောင်း ချောင်းတူးဖော်ထားမှု အခြေအနေများကို မြေပြင်ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ထိုမှတစ်ဆင့် ကန်တော်ကန် ကျိုးပေါက်ခဲ့မှုအား သွားရောက်ကြည့်ရှုခဲ့ကာ ဒေသခံပြည်သူများ၏ တင်ပြတောင်းဆိုချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေစကြိုမြို့သို့ ထွက်ခွာခဲ့ကြပြီး လိုတရသာရက္ခန်ရွှေကူမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဧရာဝတီမြစ်ရေတိုက်စားခြင်းခံနေရသည့် ဗလဘကျေးရွာသို့ ရောက်ရှိကာ ဉာတိကာရုံဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အတွင်း မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများအား ကာကွယ်လုပ်ဆောင်ထားသည့်အခြေအနေများကို ကြည့်ရှုခဲ့ပြီး နှစ်ပေါင်း ၈၂၃ နှစ် သက်တမ်းရှိပြီဖြစ်သော ဉာဏ်တော် ၂၇ တောင် ဓမ္မရုံသီ(ခေါ်) မြစ်ကမ်းပါးပြန် ရွှေဘုံသာစေတီအား ရေတိုက်စားမှုဒဏ်မှ ကာကွယ်နိုင်ရန် ရေအရင်းအမြစ်နှင့်မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့်အခြေအနေများကို ကြည့်ရှုသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် ဉာတိကာရုံဆရာတော်အား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ကမ်းပါးပြိုကျကြိုတင်ရွှေ့ပြောင်း အိမ်ထောင်စုနှစ်စုအတွက် အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုး စုစုပေါင်း ၂၃၅၇၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးအား ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ဓမ္မရုံသီ(ခေါ်) မြစ်ကမ်းပါးပြန် ရွှေဘုံသာစေတီအနီး မြစ်ကမ်းပါးပြိုကျမှုနှင့် ပျက်စီးဆုံးရှုံးမှုသက်သာစေရန်အတွက် မြစ်ကြောင်းထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀၀ အား ပေးအပ်ခဲ့ရာ စေတီတော်ဂေါပကနှင့် ရပ်မိရပ်ဖတို့က လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပပြုလုပ်သည့် ရေဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူလူထုများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက ဒေသအတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

ယခုနှစ်များအတွင်း မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများသည် ဆုံးရှုံးမှုအများဆုံးဖြစ်ကာ ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရပြီး မြစ်ကမ်းပါးအနီးရှိ ရှေးဟောင်းအဆောက်အအုံများ၊ စေတီပုထိုးများပါ ဆုံးရှုံးမှုများရှိနေသဖြင့် ကြိုတင်ကာကွယ်မှုအပိုင်းတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့် ပူးပေါင်းကာ အလေးထားဆောင်ရွက်ရန် လိုအပ်နေကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးသည့် တောင်မုန်း၊ မြောက်မုန်း မြောင်းမကြီးတို့အား အရေးပေါ် ပြင်ဆင်လျက်ရှိ

**ပွင့်ဖြူ ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သူလင်း ဦးဆောင်လမ်းညွှန်မှုဖြင့် ဝန်ထမ်းများအဖွဲ့က ပွင့်ဖြူမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မဲဇလီရေလွှဲဆည်ရေသောက်စနစ်အတွင်းရှိ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သဖြင့် အဆိုပါ ထိခိုက်ပျက်စီးမှုများကို မြို့နယ်အတွင်းရှိ တောင်သူများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် နွေစပါးအောင်ရေ ရရှိရေးအတွက် အရေးပေါ် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာ ယခုလ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် တောင်သူများ သီးနှံစိုက်ပျိုးရေးအတွက် ဖြန့်ဝေပေးလျက်ရှိသည့် မဲဇလီဆည်ရေသောက်စနစ်အတွင်းရှိ တောင်မုန်း၊ မြောက်မုန်းမြောင်းမကြီးတာပေါင်များ ထိခိုက်ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်၊ ထိခိုက်ပျက်စီးမှုအနေဖြင့် တောင်မုန်း၊ မြောက်မုန်း နှစ်နေရာအတွက် ပြန်လည်ပြင်ဆင်ထိန်းသိမ်းရမည့်လုပ်ငန်း ၂၇ ခု ရှိပါတယ်၊ အခုဆိုရင် တောင်မုန်းမြောင်းမကြီးတာပေါင်တစ်လျှောက် ထိခိုက်ပျက်စီးသည့်နေရာများ ပြုပြင်ခြင်းလုပ်ငန်းဟာ မကြာမီ ပြီးစီးတော့မှာဖြစ်ပါတယ်၊ ယခု ဇွန် ၂၅ ရက်ဆိုရင် မဲဇလီဆည်ရေသောက်စနစ်အတွင်းရှိ တောင်မုန်းမြောင်းမကြီးမှ တောင်သူတွေကို နွေစပါးအောင်ရေနဲ့ မိုးစပါးပျိုးထောင်ရေအတွက် စတင်ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်၊ ဒါ့အပြင် မြောက်မုန်းမြောင်းမကြီးက ထိခိုက်ပျက်စီးတဲ့ နေရာတွေကိုလည်း တောင်သူတွေ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် နွေစပါးနဲ့ အခြားသီးနှံအောင်ရေအတွက် အမြန်ဆုံး ဖြန့်ဝေပေးသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သူလင်းက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ဘီးလင်းမြို့၌ လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဘီးလင်း ဇွန် ၂၃**

မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆိုးကျိုးများကို သိရှိစေရန်၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများကို သိရှိပြီး မိမိဝန်းကျင်အား သတင်းစကား ဖြန့်ဝေပေးနိုင်ရန်နှင့် လူငယ်များအကြား မူးယစ်ဆေးဝါး ပျံ့နှံ့နေမှုကို ပူးပေါင်း အဖြေရှာ တိုက်ဖျက်နိုင်ရန်အတွက် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် "လူငယ်နှင့်မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကား ဝိုင်း ဆွေးနွေးပွဲကို ဇွန် ၂၃ ရက် နံနက်က အထက(ဘီးလင်း) ကျောင်း ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် မွန်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးကျော်သူ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဝေသဇင် မြင့်နှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းတို့က ဒေသတွင်း မူးယစ်ဆေးဝါး ပျံ့နှံ့ရောက်ရှိလာပုံ၊ အရေးယူဆောင်ရွက် လျက်ရှိသည့် အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ကျန်းမာရေးအတွက် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ မိသားစုများအတွင်း မူးယစ်ဆေးနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများနှင့် ဖြေရှင်း နိုင်သည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးကြရာ တက် ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ဘီးလင်း မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ သထုံ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာန ဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှု ရေးကွန်ရက်အဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူ များ၊ လူငယ်လူရွယ်များ၊ စိတ်ပါဝင်စားသူများနှင့် ဒေသခံ ပြည်သူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# လူငယ်နှင့် ပညာရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျောက်ကြီးမြို့၌ ကျင်းပ

**ကျောက်ကြီး ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီး မြို့နယ် သိန်တန်းရပ်ကွက် ဗျူဟာလမ်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်း အဝေးခန်းမ၌ ဇွန် ၂၃ ရက် နံနက် ၉ နာရီက "လူငယ်နှင့် ပညာရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့ စကားဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပခဲ့ သည်။

ပြည်သူ့စကားဝိုင်းတွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြသောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်း လွင်တို့က အမှာစကားအသီးသီးပြောကြား ကြပြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးရုံး ခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်း အေးက ပြည်သူ့စကားဝိုင်းများကို ဒီမိုကရေစီ စနစ် အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူအကြား ဆွေးနွေးတိုင်ပင် ရမည့် အကြောင်းကိစ္စများကို ဆွေးနွေး ပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရန်၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာ စေရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေး နွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာ စေရန် ရည်ရွယ်၍ မြို့နယ်ပညာရေးဦးစီးဌာန နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနတို့ ပူးပေါင်းကာ "လူငယ်နှင့် ပညာရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြား သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးမြင့်ငွေ၊ အမျိုးသားလွှတ်တော်ကိုယ် စားလှယ် ဒေါက်တာမြသောင်း၊ မြို့နယ်ပညာ ရေးမှူးဒေါ်သီတာမြင့်၊ ဒုတိယမြို့နယ်ပညာရေး မှူး ဦးအောင်နိုင်ဦးနှင့် မေတ္တာရောင်ခြည် ပရဟိတအသင်းခေါင်းဆောင် ဦးမောင်ဇော် တို့က ပြည်သူ့စကားဝိုင်း "လူငယ်နှင့် ပညာရေး" ခေါင်းစဉ်နှင့်ပတ်သက်၍ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းအပ်နှံနိုင်ရေး အတွက် မိဘ၊ ဆရာများအားလုံး ပူးပေါင်း ပါဝင်ပေးကြရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာများကို ပြီးပြည့်စုံစွာ လေ့လာကြရန် လိုအပ်ကြောင်း၊ ယခင်က အလွတ်ကျက်မှတ်သည့်စနစ်မှ ယခု အခါ ကိုယ်တိုင်စဉ်းစားတွေးခေါ် ဆုံးဖြတ်နိုင် သည့်စနစ်သို့ ပြောင်းလဲလာသည်နှင့်အညီ ပညာရေးစနစ်ကို အဓိကထား ဆောင်ရွက် လျက်ရှိကြောင်း၊ ယင်းအပြင် ခေတ်နှင့်အညီ ပညာအရည်အချင်းရှိမှသာလျှင် နိုင်ငံတော် အတွက် ထက်မြက်သည့် နိုင်ငံ့သားကောင်း ရတနာများ ဖြစ်ကြမည်မှာ အမှန်ပင်ဖြစ်ပါ ကြောင်း ပြောကြားခဲ့ပြီး တက်ရောက်လာကြ သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေး ခဲ့ကြသည်။

ပြည်သူ့စကားဝိုင်းသို့ လွှတ်တော် ကိုယ်စားလှယ်များ၊ တောင်ငူခရိုင် ကျောက်ကြီး မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဌာနဆိုင်ရာ များ၊ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အတွင်း ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ကြပြီး နံနက် ၁၁ နာရီခွဲတွင် ပြည်သူ့စကားဝိုင်းအား ရုပ်သိမ်း ခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(ပြန်/ဆက်)**

# သန်လျင်မြို့နယ်၌ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်းရှိ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေရန်၊ အန္တရာယ်ကြီးမားပုံ၊ နည်းအမျိုး မျိုးဖြင့် စိမ့်ဝင်စီးဆင်းပျံ့နှံ့နေပုံနှင့် ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ သုံးစွဲသူတို့၏ သွင်ပြင် လက္ခဏာများ၊ လူမှုဘဝအခြေအနေ အခက်အခဲများနှင့် ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်များ ကို အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနနှင့် RMEC ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းပြုလုပ်သော လူငယ်နှင့် မူးယစ် ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီက ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီလွင်၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ရဲအုပ်ကြည်စိုးသန့်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အင်ကြင်းအောင်၊ RMEC ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဦးတို့က ယနေ့လူငယ်များအတွင်း မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ကျောင်းသား ကျောင်းသူများ သိရှိစေရန် စိတ်ကြွရူးသွပ်ဆေးပြားအန္တရာယ်၊ လက်ဝယ်ထားရှိပါက ပြစ်မှုပြစ်ဒဏ်များနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ကျန်းမာရေးဆိုးကျိုးများနှင့် မိသားစု အတွင်း မကောင်းသော ဆိုးကျိုးများဖြစ်ပေါ်နိုင်ခြင်းကို သိရှိစေရန်၊ ကျောင်းသားမိဘများနှင့် လူငယ်များအတွင်း မူးယစ်ဆေးဝါးတားဆီးနိုင်မည့်နည်းလမ်းများကို သိရှိစေရန်နှင့် အနာဂတ် ၏ သားကောင်းရတနာလေးများ မူးယစ်ဆေးဝါးဆိုသည့် အဆိပ်ပန်းအန္တရာယ်မှ ကင်းဝေးပြီး နိုင်ငံအတွက် အားကိုးအားထားပြုနိုင်သည့် သားလိမ္မာ၊ သမီးလိမ္မာများ ဖြစ်လာကြစေရန်တို့ ဟောပြောခဲ့ကြသည်။

ဆက်လက်၍ RMEC ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေ သော သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသူများက ခန်းမအတွင်းပြသထားရှိသော ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများကိုကြည့်ရှုခဲ့ကြ ပြီး ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



# မူးယစ်ကင်းစင်လူငယ်တစ်ခွင် ခေါင်းစဉ်ဖြင့် ကာတွန်းပြိုင်ပွဲကျင်းပ

**မြိတ် ဇွန် ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြိတ်မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (အထက်တန်း၊ အလယ်တန်း၊ မူလတန်း)အဆင့် ကာတွန်းပြိုင်ပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက အဆိုပါရုံးရှိ လူမှုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

ပြိုင်ပွဲတွင် "မူးယစ်ကင်းစင်လူငယ်တစ်ခွင်" ခေါင်းစဉ်ဖြင့် ကာတွန်းရုပ်ပုံများ ယှဉ်ပြိုင်ရေးဆွဲကြရာ ပြိုင်ပွဲသို့ မြိတ်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ အခြေခံပညာကျောင်းသား ကျောင်းသူ ၆၆ ဦး ယှဉ်ပြိုင်ကြကာ ယှဉ်ပြိုင်နေမှုကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းမြင့်၊ မူးယစ်တပ်ဖွဲ့စု ၃၅ မြိတ်မှ ဒုတိယရဲမှူးမျိုးသန့်၊ အကဲဖြတ်အမှတ်ပေးဒိုင် ပန်းချီဆရာမ ဒေါ်သက်စုဝေနှင့် ဆရာ ဆရာမများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများက ပြိုင်ပွဲတွင် ပြသထားသည့် မူးယစ်ဆေးဝါး အသိပညာပေးနံရံကပ်ဓာတ်ပုံများ၊ ပိုစတာများ၊ အသိပညာပေးစာစောင်များကို ကြည့်ရှုမှတ်သားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်အား မြိတ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်(ပြန်/ဆက်)**

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့**

**၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်**




**"ဦးစွာနားထောင်ပါ"**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဟောပြောပွဲအခမ်းအနား ထန်းတပင်မြို့နယ်တွင် ကျင်းပ



**ထန်းတပင် ဇွန် ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက်က အမှတ် ၂ ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း လှိုင်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်တရားသူကြီး ဦးအောင်ကျော်ဦးက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလမင်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းကို လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးဘသိန်းက စာရိတ္တနှင့် အသိပညာအကြောင်းကို လည်းကောင်း၊ ထန်းတပင်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးဝင်းတင်က မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များအကြောင်း သိကောင်းစရာများကို လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် ဟောပြောပွဲအခမ်းအနားသို့ တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၈၀ ဦးတို့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများအား လေ့လာကြည့်ရှုခဲ့ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးဝန်ထမ်းများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဌာနမှထုတ်ဝေထားသည့် "သတင်းစကား" လက်ကမ်းစာစောင်များကိုလည်း ဝေငှပေးခဲ့ကြကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲ တနင်္သာရီ၌ ကျင်းပ

**တနင်္သာရီ ဇွန် ၂၃**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးပြီး တနင်္သာရီ လူငယ်များပရဟိတအဖွဲ့နှင့် ပူးပေါင်း၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၃ ရက်က ယှဉ်ပြိုင်ခဲ့ကြသည်။

အစီအစဉ်အရ "မူးယစ်အန္တရာယ်ပြည့်ရန်စွယ် ကာကွယ်တိုက်ဖျက်လက်ချင်းဆက်"ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲကို ယှဉ်ပြိုင်ကျင်းပရာ ပန်းချီ၊ ကာတွန်းပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၄ ဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ၄၄ ဦး စုစုပေါင်း ၉၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။



ထိုသို့ဖြေဆိုနေမှုကို မြို့နယ်မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာဇင်နှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုခဲ့ကြပြီး ကဏ္ဍအလိုက် ဆုရရှိသည့် ဆုရကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



ဇွန် ၂၁ ရက်က တာမွေ အထက-၄ မြတ်ပန်းသဇင်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)အရှေ့ပိုင်းခရိုင်မှ ကြီးမှူးကျင်းပရာ တာမွေမြို့မရဲစခန်းမှ မြို့နယ်မှူး ရဲမှူးလှဘုန်းကျော်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်း ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

**ကြေးမုံ**



အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုလှုပ်ရှားမှုအဖြစ် ဇွန် ၂၁ ရက်က တီးတိန် အထက-၁ ကမ်ဟောက်ခန်းမ၌ ပညာပေးဟောပြောပွဲ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေလင်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောစဉ်။

**ကြေးမုံ**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲကျင်းပ

**ဂန့်ဂေါ ဇွန် ၂၃**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲကို ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၂၃ ရက် နံနက်က ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပြုလုပ်ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်က ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၆၄ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုကို ဂန့်ဂေါအထက မကြည်ဟေမာန်လွင်၊ ဒုတိယဆုကို အနောက်ဂန့်ဂေါ အလကမှ မနီလာလှိုင်၊ တတိယဆုကို ဂန့်ဂေါအထကမှ မကြည်ကြည်ကောင်းတို့က ရရှိကြပြီး ဆရာမ ဒေါ်အေးအေးနွယ်၊ ဒေါ်မြင့်မြင့်ဦး၊ ဒေါ်စန်းစန်းနွယ်တို့က ဆုများချီးမြှင့်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အခမ်းအနား ကျင်းပ



**ရန်ကုန် ဇွန် ၂၃**
စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အခမ်းအနားကို အိန္ဒိယနိုင်ငံသံရုံးကကြီးမှူး၍ ယောဂ သရုပ်ပြပွဲနှင့် လေ့ကျင့်မှုပြပွဲတစ်ရပ်အဖြစ် ယနေ့ နံနက် ၇ နာရီခွဲမှ ၁၀ နာရီအထိ ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသား အားကစားရုံ(၁)၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ သံတမန်အဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများ၊ တပ်မတော် အရာရှိကြီးများနှင့် ယောဂနှင့်ပတ်သက်၍ စိတ်ပါဝင်စား သူများ တက်ရောက်ကြသည်။

"ယောဂကျင့်စဉ်ဟာ ကျန်းမာရေးနဲ့ အလွန်နီးနွယ် ဆက်သွယ်နေပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း တို့နဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်၊ ဒါကြောင့် ဒီဘာသာ ရပ်ရဲ့ အခြေခံကို မြန်မာတိုင်းရင်းဆေးတက္ကသိုလ်မှာ ထည့်ပြီးပြောကြားရင် ဘယ်လောက်အကျိုးရှိမလဲ၊ အားကစားနဲ့ကာယသိပ္ပံမှာရှိတဲ့ အားကစားသမားတွေ ဟာလည်း ဒီယောဂကျင့်စဉ်ကိုလုပ်ပေးလို့ရှိရင် ရုပ်ပိုင်း ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုတွေကို ရရှိမှာဖြစ်တဲ့ အတွက် ဒါတွေကိုစဉ်းစားသင့်ပါတယ်၊ အာကစားသိပ္ပံ ကျောင်းခြောက်ကျောင်းမှာ ကျောင်းသားတွေကို နာရီဝက် လောက် ယောဂကျင့်စဉ်အတွက် အချိန်ပေးသင့်ပါတယ်၊ ဒါဟာအလွန်အရေးကြီးပါတယ်" ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက အခမ်းအနားတွင် ပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရှိ ယောဂအဖွဲ့အစည်း ၁၆ ဖွဲ့မှ ယောဂလေ့ကျင့်သူများ ပါဝင်လျက် အခြေခံ ယောဂကျင့်စဉ်များကို သရုပ်ပြကစားခြင်းများပါဝင်ကာ ယောဂသင်တန်းဆရာများက လေ့ကျင့်ခန်းတစ်ခုစီအတွက် ညွှန်ကြားပြသခဲ့ပြီး ကျန်းမာကြံ့ခိုင်ရေးအတွက် ယောဂ၏ အကျိုးကျေးဇူးများကို သင်ကြားပေးချိန်တွင် ပါဝင်ဆောင်ရွက် သူပေါင်း ၅၆၀ ကျော်မှ သရုပ်ပြကစားခဲ့ကြသည်။

"ယောဂကျင့်စဉ်က အံ့မခန်းနိုင်လောက်အောင် အကျိုးရှိတယ်၊ စိတ်ကိုတည်ငြိမ်စေတယ်၊ ခန္ဓာကိုယ် အတွင်းအပြင်အကုန်လုံးကို ပြင်ပေးတယ်။ နေ့စဉ်နေ့တိုင်း လုပ်နိုင်ရင် ဆေးစားဖို့မလိုတဲ့အဆင့်ထိ ရောက်သွားမယ်၊ ကင်ဆာရောဂါဖြစ်ခါစတွေဆိုရင်တောင် ယောဂလုပ်ရင် ပျောက်တယ်၊ ဆီးချိုသမားတွေဆိုရင်လည်း ယောဂလုပ်ပြီး ပျောက်သွားတာတွေရှိတယ်၊ ယောဂကို ဒီလိုပွဲရှိမှ လုပ်တာမျိုးမဟုတ်ဘဲ နေ့တိုင်းလုပ်စေချင်တယ်၊ ယောဂဟာ ဆေးတစ်ပါး၊ ဆေးတစ်ခွက်ပါပဲ၊ ယောဂကို စိတ်ပါ ဝင်စားတဲ့သူတွေအနေနဲ့လည်း ပြည်သူ့ရင်ပြင်နဲ့ မဟာ ဗန္ဓုလပန်းခြံတို့မှာ မနက်တိုင်း မည်သူမဆို အခမဲ့လာရောက် လေ့ကျင့်နိုင်ပါတယ်" ဟု ယောဂပညာရှင် ဆရာကြီး ဦးခင်မောင်ဆွေက ပြောသည်။

ယောဂသည် စိတ်နှင့်ခန္ဓာကိုယ်၊ အတွေးနှင့်လှုပ်ရှားမှု၊ ချုပ်တည်းကန့်သတ်မှုနှင့် ပြည့်ဝမှုတို့ကို ညီညွတ်မျှတမှု ရှိရန် ချိတ်ဆက်ပေးသည်။ လူသားနှင့်သဘာဝ၊ ကျန်းမာရေး နှင့်နေထိုင်ကောင်းရေးကို ဟန်ချက်ညီမျှရန် ဆောင်ရွက် ပေးသည်။ ထိုသို့ ကမ္ဘာ့လူသားတို့၏ ကျန်းမာရေးနှင့် ကြံ့ခိုင်ရေးအတွက် ယောဂလေ့ကျင့်ခြင်း၏ အကျိုးကျေးဇူး များအား သိရှိကြပြီးနောက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက် တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီး၌ ဇွန် ၂၁ ရက်ကို "အပြည်ပြည်ဆိုင်ရာယောဂနေ့" ဟူ၍ သတ်မှတ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။

စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂ နေ့နှင့်ဆက်စပ်သော လှုပ်ရှားမှုများအား မြန်မာနိုင်ငံ၏ မြို့ကြီးများတွင် ရက်သတ္တပတ်အတွင်း ကျင်းပလျက်ရှိရာ ဇွန် ၄ ရက်တွင် ရန်ကုန်မြို့ Melia ဟိုတယ်၌ ပထမ အကြိမ် အမျိုးသားအဆင့် ယောဂချန်ပီယံပွဲအား လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ရန်ကုန်မြို့ Junction City Mall ၌ အခြေခံယောဂကျင့်စဉ်များ သရုပ်ပြပွဲနှင့် ပြည်မြို့တွင် အခြေခံယောဂကျင့်စဉ်များ သရုပ်ပြပွဲကို လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ယောဂပဟေဠိပြိုင်ပွဲအား အိန္ဒိယသံရုံးခန်းမ၌လည်းကောင်း ရန်ကုန်မြို့ရှိ အိန္ဒိယ ယဉ်ကျေးမှုဌာန၏ ယောဂသင်တန်းများမှ ဆရာနှင့် သင်တန်းသား သင်တန်းသူများ၊ ယောဂသင်တန်းကျောင်း များမှ ဆရာများနှင့် ယောဂအား စိတ်ပါဝင်စားသူများက အကြိုအခမ်းအနားများအဖြစ် ကျင်းပခဲ့ကြောင်း သိရ သည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ၊ ဇာနည်မောင်**

# အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် ကျင်းပ

## ကျောင်းသား ကျောင်းသူများ၊ ယောဂကျင့်စဉ်လေ့လာလိုက်စားသူများ ပါဝင်လှုပ်ရှား




**မန္တလေး ဇွန် ၂၃**
မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးက ကြီးမှူး၍ စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ်အခမ်းအနား ကို ဇွန် ၂၃ ရက် နံနက် ၆ နာရီ က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းရှိ ရှမ်းတိုင်းရင်းသား အသင်းကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့ ရုံးစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr.Nandan Singh Bhaisora က အပြည်ပြည်ဆိုင်ရာ ယောဂနေ့ ဖြစ်ပေါ်လာပုံနှင့် ပါဝင်ဆင်နွှဲပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြား သည်။

ထို့နောက် ယောဂပညာရှင် ဦးလှညွှန့်နှင့်အဖွဲ့က ယောဂကျင့်စဉ် များ လက်တွေ့သရုပ်ပြကာ တက္ကသိုလ် နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ယောဂ ကျင့်စဉ်လှုပ်ရှားသူများက စုပေါင်း လေ့ကျင့်ကြသည်။ ထို့နောက် ယောဂ ကျင့်စဉ်တွင် ပါဝင်ခဲ့ကြသူများ၊ ပွဲ ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီ သူများအား အိန္ဒိယနိုင်ငံကောင်စစ်ဝန် ချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်သည်။

**သီဟကိုကို(မန္တလေး)**

**✻ ၂၀၁၇ ခုနှစ်အတွက်မှ**

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်သည် ၂၀၁၇ ခုနှစ်အတွင်း မြန်မာအားကစားအဖွဲ့များ၏ နိုင်ငံတကာပြိုင်ပွဲအောင်မြင်မှုများကို လေ့လာကာ အားကစားအဖွဲ့ချုပ်အသီးသီးမှ တင်ပြလာသည့် အောင်မြင်မှု မှတ်တမ်းများကို ပြန်လည်ဆုံးဖြတ်ကာ ယင်းဆုငါးဆုကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ကာယဗလအားကစားနည်းမှာ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ခြင်းမရှိသော်လည်း အာရှကာယဗလပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့သောကြောင့် ထွန်းထွန်းအောင်သည် အကောင်းဆုံးအမျိုးသားအားကစားသမားအဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။

အကောင်းဆုံးအမျိုးသမီးကစားသမားဆုရ မေပိုးဝါမှာ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာသေနတ်ပစ်အဖွဲ့ရခဲ့သည့် တစ်ခုတည်းသော ရွှေတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့သူဖြစ်သည်။ အထူးဆုရွေးချယ်ခံရသည့် အောင်လအန်ဆန်သည် မြန်မာအားကစားပရိသတ်များနှင့် ရင်းနှီးကျွမ်းဝင်ပြီးသည့် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံဆုတို့ ရယူနိုင်ခဲ့သူဖြစ်သည်။ မြန်မာ့ရိုးရာလှေလှော်အသင်းသည် ကမ္ဘာ့နဂါးလှေလှော်ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံများကို ကျော်ဖြတ်ပြီး ရွှေတံဆိပ်ရယူနိုင်ခဲ့သောကြောင့် အကောင်းဆုံးအသင်းအဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က လာမည့်နှစ်များတွင်လည်း အကောင်းဆုံးအားကစားသမားဆုများ ပေးအပ်ချီးမြှင့်သွားနိုင်ရန် ကြိုးစားသွားမည်ဟု သိရသည်။

**ကြေးမုံ**
**ဓာတ်ပုံ-မြင့်မောင်စိုး**

# အလုပ်အကိုင်အခွင့်အလမ်းပြပွဲများသည် လူငယ်များအတွက် အလုပ်အကိုင်ရရှိရေး အထောက်အကူပြု

**ရန်ကုန် ဇွန် ၂၃**
အလုပ်အကိုင်အခွင့်အလမ်းပြပွဲများသည် လူငယ်များ အတွက် အလုပ်အကိုင်ရရှိရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့်အတွက် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ One Stop Service ရုံးခန်းများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်း လမ်းရှိ Rose Garden ဟိုတယ်၌ ပြုလုပ်သည့် အလုပ် အကိုင်အခွင့်အလမ်းပြပွဲမှ သိရသည်။



ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်သွင်က "အဓိကက အလုပ်ရှာနေတဲ့လူငယ်တွေနဲ့ အလုပ်ရှင်နဲ့ကို ချိတ်ဆက်ပေးတာ၊ အလုပ်လုပ်ချင်တဲ့ လူငယ်ကလည်း သူလုပ်ချင်တဲ့အလုပ် ရမယ်၊ အလုပ်ရှင်ကလည်း သူလို ချင်တဲ့ အလုပ်သမားတွေ့သွားဖို့ အဓိကဦးတည်ပါတယ်၊ ဒါကြောင့် ဒီပွဲလေးတွေကို ဌာနကနေ ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်ပေးတာပါ၊ အလုပ်လျှောက်တဲ့အခါ လိုအပ်တာ တွေကို တစ်နေရာတည်းမှာ အခုလို ရုံးခန်းဖွင့်ပြီး One Stop Service ဆောင်ရွက်ပေးနေပါတယ်" ဟု ပြောသည်။

အဆိုပါ အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို အလုပ် သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အလုပ် သမားညွှန်ကြားရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် My Jobs က ကျင်းပခြင်းဖြစ်ပြီး ပြည်တွင်း ပြည်ပမှ ကုမ္ပဏီပေါင်း ၂၃ ခုနှင့် ပညာရေးနှင့်ပတ်သက်သည့် ကျောင်း ငါးကျောင်း က ပါဝင်ပြသခဲ့ကြောင်း သိရသည်။

"အလုပ်အကိုင်ပြပွဲလုပ်မယ်ဆိုရင် ဦးဆောင်တဲ့ အဖွဲ့က လျှောက်လွှာလာတင်ပါတယ်၊ အဲဒီအခါကျရင် လိုင်စင်ပါ စာရွက်စာတမ်းအကုန်စစ်တယ်၊ မှန်ကန်ပြီဆို တော့မှ ပြည်ထောင်စုအဆင့်ကိုတင်တယ်၊ ဝန်ကြီးဌာနက စိစစ်ပြီးတော့ ဆောင်ရွက်ပါဆိုမှ ဒီအလုပ်အကိုင်ပြပွဲ တွေကို ခွင့်ပြုတာဖြစ်ပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်သွင်က ပြောသည်။

အလုပ်လာရောက်ခေါ်ယူသည့် Young Investment Group မှ ကိုရန်နိုင်ထူးက "အလုပ်အကိုင်အခွင့်အလမ်း ပြပွဲမှာ ပြီးခဲ့တဲ့နှစ်တွေမှာက တစ်နှစ်မှာ သုံး၊ လေးခါလောက် ပါဖြစ်တယ်၊ ဒီနှစ်အတွက်တော့ ပထမအကြိမ်ပါ၊ ဒီမှာ လာလျှောက်တဲ့သူတွေထဲက ၆၀ ရာခိုင်နှုန်း၊ ၇၀ ရာခိုင်နှုန်း လောက်တော့ စိတ်တိုင်းကျဝန်ထမ်းတွေ ရပါတယ်" ဟု ပြောသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် ပြည်တွင်း ပြည်ပအေဂျင်စီများ ပူးပေါင်းကာ တစ်နေရာတည်းတွင် One Stop Service ဖြင့် အလုပ် အကိုင်ရရှိရေးဆောင်ရွက်ပေးသည့် အလုပ်အကိုင်အခွင့် အလမ်းပြပွဲ Job Fair များကို ကျင်းပခဲ့ရာ ရန်ကုန် တိုင်းဒေသကြီးတွင် ၂၃ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် ခြောက်ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် တစ်ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် တစ်ကြိမ် ယခုအကြိမ်အပါ အဝင် စုစုပေါင်း ၃၂ ကြိမ်ရှိပြီဖြစ်ပြီး အဆိုပါပွဲများမှ အလုပ်ရရှိသူ ၇၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**သီသီမင်း**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကွက်လပ်ဖြည့်ကြရအောင်

**အိမ်ချစ်မေ**

၁၃-၆-၂၀၁၈ နေ့ထုတ် ကြေးမုံသတင်းစာပါ ကာတွန်းလေးကို ဖတ်မိပြီး ဒီစာကို ရေးဖြစ်ပါတယ်။ ကာတွန်းလေးကတော့ "အစိုးရဆေးရုံ၊ ဆေးခန်းတွေမှာ သူနာပြုဝန်ထမ်းတွေလိုအပ်နေတယ်ဗျ"လို့ လူတစ်ယောက်က ပြောတာကို နောက်တစ်ယောက်က "ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေမှာတော့ ပိုလို့တောင် လျှံထွက်နေတယ်ဗျ"လို့ ပြန်ပြောနေပုံ ဖြစ်ပါတယ်။

တကယ်တော့ အပြင်ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေမှာ များများစားစား တွေ့နေရတာက သူနာပြုလို့ အသိအမှတ်ပြု ခေါ်နိုင်သူများမဟုတ်ပါဘူး။ ဒီဝန်ထမ်းလေးတွေက ပုဂ္ဂလိကကျွမ်းကျင်မှုသင်တန်းဆင်းလေး တွေဖြစ်တဲ့ သူနာပြုအကူလေးတွေပါ။ သူနာပြုလို့ တရားဝင်အခေါ်ခံနိုင်သူတွေ ကတော့ အစိုးရသူနာပြုတက္ကသိုလ်များမှ ဘွဲ့ရများ၊ အစိုးရသူနာပြုသင်တန်းကျောင်းများမှ သူနာပြုဒီပလိုမာရရှိသူများသာ ဖြစ်ပါတယ်။ ဒီလိုသူနာပြုတွေ မလုံလောက်တဲ့အတွက် ပုဂ္ဂလိကသင်တန်းများက သူနာပြုအကူဆိုသူများကို လိုအပ်ချက်အရ သင်တန်းပေးမွေးထုတ်ကြတာပါ။

ဘယ်လိုကွာခြားပါသလဲလို့မေးရင် သင်ကြားပေးထားတဲ့အပိုင်းရော၊ တာဝန်ယူမှုမှာရောကွာခြားပါတယ်။ သူနာပြုတစ်ယောက်ဖြစ်ရန်အတွက် လူ၏ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် လုပ်ဆောင်ချက်များ (Anatomy and Physiology) ကို မဖြစ်မနေသင်ရပါတယ်။ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် လုပ်ဆောင်ချက်များကို သိမှသာ ရောဂါများကို သင်ကြားနိုင်ပါတယ်။ ရောဂါဖြစ်လာပုံမှစ၍ ရောဂါလက္ခဏာများ၊ ကုထုံးများကို သင်ကြားရပါတယ်။ ကုထုံးများနဲ့ပတ်သက်တဲ့ ဆေးဝါးဗေဒကိုလည်း မဖြစ်မနေသင်ယူရပါတယ်။ ရောဂါများ၊ ကုထုံးများနဲ့ ဆေးဝါးဗေဒကို နားလည်မှသာ အခြေခံသူနာပြုစုခြင်းကို ကောင်းစွာသင်ယူနိုင်မှာဖြစ်ပါတယ်။ အခြေခံသူနာပြုစုခြင်းများအပြင် ခွဲခန်းဆိုင်ရာသူနာပြုတို့၏ လုပ်ဆောင်ချက်များ၊ စိတ်ပိုင်းဆိုင်ရာ သူနာပြုစုခြင်းများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများကဲ့သို့သော ဘာသာရပ်ခွဲများကိုလည်း သင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းထားပါသေးတယ်။ ဆေးရုံများမှာ လက်တွေ့လေ့လာသင်ကြားမှုများလည်း လုပ်ရပါသေးတယ်။ အသိအမှတ်ပြုသူနာပြုတစ်ယောက်မွေးထုတ်ရန် အနည်းဆုံးသုံးနှစ်ခွဲကာလကြာမြင့်ပါတယ်။ ဘွဲ့ရသူနာပြုဖြစ်ရန် ဒီထက်ပိုကြာပါတယ်။ အဲဒီအခါမှာ ပုဂ္ဂလိကသင်တန်းများက လိုအပ်ချက်အရ ဆူလွယ်နပ်လွယ် အခြေခံသူနာပြုစုခြင်းတစ်ဘာသာကိုပဲ သုံးလ၊ ခြောက်လ စသဖြင့် စာတွေ့၊ လက်တွေ့သင်ပေးပြီး ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေမှာ သုံးပါတယ်။

ဒါကတော့ သင်ကြားရေးပိုင်းနှင့်ပတ်သက်လို့ ကွာခြားပုံပါ။ တာဝန်ယူရမှုမှာ ဘယ်လိုကွာခြားသလဲဆိုတာ ကျွန်မသူနာပြုဆရာမ လုပ်စဉ်ကတွေ့ကြုံခဲ့ရတဲ့ ဟာသဆန်ဆန်အတွေ့အကြုံလေးနဲ့တင်ပြပါရစေ။

လွန်ခဲ့တဲ့နှစ်လေးဆယ်ခန့်ကပါ။ တစ်နေ့မှာ လူနာတစ်ယောက်ကို ရင်ဘတ်ဓာတ်မှန်ရိုက်စရာရှိတာနဲ့ လူနာဆောင်က တာဝန်ကျသူနာပြုအကူလေးကိုခေါ်ပြီး ကျွန်မကပြောပါတယ်။ သူ့နာမည်က မောင်လှဆိုကြပါစို့။ "မောင်လှရေ ခုတင်နံပါတ်ဘယ်လောက်ကလူနာကို Chest X ray ရိုက်မယ်၊ ဓာတ်မှန်ဝတ်ရုံလဲပေးပြီး တွန်းလှည်းနဲ့ခေါ်ခဲ့ပါ၊ ဒီမှာအစ်မဆီမှာ စာရွက်ဝင်ယူပြီး သွားရိုက်ပါ"လို့ပြောပြီး ဝတ်ရုံထုတ်ပေးလိုက်ပါတယ်။

ကျွန်မကစာရွက်ကိုင်ပြီးစောင့်နေပေမယ့် လာသင့်တဲ့အချိန်မှာ ရောက်မလာတာမို့ လူနာခန်းကို လိုက်သွားပါတယ်။ လူနာခန်းထဲမှာတော့ အဲဒီခုတင်ကို ကန့်လန့်ကာကြီးကာထားတာ တွေ့လိုက်ရတော့ လူနာက ဆီးဝမ်းများသွားနေသလားလို့ ထင်တာနဲ့ အနားသွားပြီးမေးလိုက်ပါတယ်။ "မောင်လှရေ ကြာဦးမှာလား" လို့ မေးလိုက်တဲ့အခါ အထဲက မောင်လှပြန်ဖြေတာကြားတော့ ကျွန်မဇဝေဇဝါနဲ့ အံ့ဩသွားမိပါတယ်။ "မကြာပါဘူး အစ်မ၊ တစ်ခြမ်းကျန်သေးလို့ပါ"တဲ့။ ဒါနဲ့ကျွန်မက "ဟဲ့ ဘာလုပ်နေတာလဲ၊ တစ်ခြမ်းကျန်ရတာက" လို့ အပြင်ကနေ မေးပါတယ်။ အဲဒီတော့ သူက Shaving (အမွေးရိတ်ခြင်း) လုပ်နေတာလို့ ပြန်ဖြေပါတယ်။ "ဟာ ရင်ဘတ်ဓာတ်မှန်ရိုက်မှာ ဘာ Shaving မှမလိုဘူးလေ"လို့ပြောရင်း မသက်သာတာနဲ့ ကန့်လန့်ကာကို ဆွဲဖွင့်လိုက်တော့ လားလား လူနာက Back Rest လို့ခေါ်တဲ့ နောက်မှီနဲ့ခုတင်ပေါ်မှာ အကျအန ထိုင်နေပြီ။ မောင်လှက ဂျုတ်တစ်ချောင်းနဲ့ ရင်ဘတ်မွေးထူထပျစ်ကို ရိတ်နေလေရဲ့၊ အဲဒီတော့မှ အဲဒါဘာမှမလိုဘူး၊ တော်ပြီ၊ တော်ပြီ ရပ်လိုက်တော့ ဓာတ်မှန်ခန်းက ခေါ်လှပြီ၊ အဝတ်လဲ၊ လှည်းပေါ်တင်၊ မြန်မြန်သွားတော့ ဆိုပြီးလွှတ်လိုက်ရပါတော့တယ်။

အတွင်းလူနာတစ်ယောက် ဓာတ်မှန်ရိုက်ဖို့အတွက် ဆရာဝန်က စာရွက်မှာ ဖြည့်သွင်းလက်မှတ်ထိုးပြီး သူနာပြုကို ပေးပါတယ်။ သူနာပြုက လူနာကို ဓာတ်မှန်သွားရိုက်ဖို့ သူနာပြုအကူကို လူနာနဲ့အတူ လွှတ်ပါတယ်။ ဆရာဝန်ရဲ့ ညွှန်ကြားချက်ကို သူနာပြုရဲ့စီမံကွပ်ကဲမှုနဲ့ သူနာပြုအကူက ကိုယ်တိုင်ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဒါကတာဝန်ပိုင်းကွာခြားမှုပါ။

ယခုအခါမှာ သူနာပြုများ (ဥပဒေအရ၊ တရားဝင်သူနာပြုဟု အသိအမှတ်ပြုခံရသူများ) လိုအပ်နေသည်ကို ဝမ်းနည်းဖွယ်ရာ သိရပါတယ်။ သင်ကြားမှုပိုင်း၊ တာဝန်ယူရမှုများမှာ ကွာခြားသည်ဆိုသော်လည်း ဒီလိုပုဂ္ဂလိကသင်တန်းဆင်း သူနာပြုအကူများကို လေ့ကျင့်ပေးမှုကောင်းလျှင် ဆေးရုံ၊ဆေးခန်းများမှာ အသုံးချနိုင်ပါတယ်။ ယခုသိရသလောက်ကတော့ အစိုးရဆေးရုံများမှာ သူနာပြုသာမက သူနာပြုအကူများလည်း မလုံလောက်နည်းပါးနေပါတယ်။ သူနာပြုတစ်ယောက်မွေးထုတ်ရတဲ့ကာလနဲ့ နှိုင်းစာလျှင် သူနာပြုအကူများကို မွေးထုတ်ရတဲ့ ကာလကတိုပါတယ်။ အစိုးရအနေနဲ့ သူနာပြုအကူများကို ပိုမိုမွေးထုတ်သင့်ပါတယ်။ ချက်ချင်းဆိုသလို သူနာပြုအကူများကို အစိုးရက မမွေးထုတ်နိုင်ခဲ့ရင်တောင် ပုဂ္ဂလိကသင်တန်းဆင်းများကို စာမေးပွဲစစ်ဆေး၍ ဖြေဆိုအောင်မြင်ခဲ့လျှင် အဆင့်အတန်းတစ်ခု သတ်မှတ်ပေးသင့်ပါတယ်။ အဲဒီလိုစာမေးပွဲ အောင်မြင်သူများကို ပုဂ္ဂလိကဆေးရုံဆေးခန်းများသာမက အစိုးရဆေးရုံဆေးခန်းများတွင်လည်း ဝင်ခွင့်ဖြေဆို၍ အလုပ်ခန့်ပေးနိုင်ပါလျှင် သူနာပြုမလုံလောက်ခြင်းအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပါတယ်။ လုပ်သက်သတ်မှတ်ပြီး သူနာပြုဒီပလိုမာကို ပေါင်းကူးတက်ခွင့်ပေးမယ်ဆိုရင် လုပ်ချင်သူတွေ ပိုပြီးများလာမှာပါ။

> **"ယခုအစိုးရဆေးရုံများမှာ တွေ့မြင်နေရတာကတော့ သူနာပြုများက သူနာပြုအလုပ်ရော၊ သူနာပြုအကူအလုပ်ရော လုပ်နေရပြီး သန့်ရှင်းရေး အလုပ်သမားများကလည်း သန့်ရှင်းရေးသာမက အချို့သော သူနာပြုအကူအလုပ်များကို ဝင်လုပ်နေကြရပါတယ်။ အကယ်၍သာ သူနာပြုအကူများကို အစိုးရဆေးရုံများတွင် ပိုမိုခန့်ထားနိုင်ပါက လုပ်ငန်းလည်ပတ်ရေး ပိုမိုကောင်းမွန်ကာ လူနာများအတွက် ပိုမိုအကျိုးရှိမှာဖြစ်ပါတယ်။ ပုဂ္ဂလိကသင်တန်းများကလည်း အစိုးရစာမေးပွဲဖြေခွင့်ရမည်ဆိုပါလျှင် မိမိတို့ သင်တန်းသူ သင်တန်းသားများကို အရည်အချင်းပြည့်မီအောင် ကြိုးစားသင်ကြားပေးခြင်းဖြင့် သူနာပြုအကူများ၏ အရည်အချင်းသည် တိုးတက်လာမှာဖြစ်ပါတယ်"**

ယခုအစိုးရဆေးရုံများမှာ တွေ့မြင်နေရတာကတော့ သူနာပြုများက သူနာပြုအလုပ်ရော၊ သူနာပြုအကူအလုပ်ရော လုပ်နေရပြီး သန့်ရှင်းရေးအလုပ်သမားများကလည်း သန့်ရှင်းရေးသာမက အချို့သော သူနာပြုအကူအလုပ်များကို ဝင်လုပ်နေကြရပါတယ်။ အကယ်၍သာ သူနာပြုအကူများကို အစိုးရဆေးရုံများတွင် ပိုမိုခန့်ထားနိုင်ပါက လုပ်ငန်းလည်ပတ်ရေး ပိုမိုကောင်းမွန်ကာ လူနာများအတွက် ပိုမိုအကျိုးရှိမှာဖြစ်ပါတယ်။ ပုဂ္ဂလိကသင်တန်းများကလည်း အစိုးရစာမေးပွဲဖြေခွင့်ရမည်ဆိုပါလျှင် မိမိတို့ သင်တန်းသူ သင်တန်းသားများကို အရည်အချင်းပြည့်မီအောင် ကြိုးစားသင်ကြားပေးခြင်းဖြင့် သူနာပြုအကူများ၏ အရည်အချင်းသည် တိုးတက်လာမှာဖြစ်ပါတယ်။

ထို့ကြောင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာနိုင်သည့်အပြင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအထောက်အကူဖြစ်စေနိုင်ရန် သူနာပြုအကူများကို များများမွေးထုတ်အသုံးပြုသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။ ။

## အိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီး တာဝေး အပြေးပြိုင်ပွဲကျင်းပ

**ပဲခူး ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးပြီး အိုလံပစ်နေ့ အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး တာဝေးအပြေးပြိုင်ပွဲကို ဇွန် ၂၃ ရက် နံနက် ၆ နာရီက ပဲခူးတက္ကသိုလ်ရှေ့၌ ကျင်းပသည်။

အိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး တာဝေးအပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမား ၃၅၅ ဦးအား ပဲခူးတက္ကသိုလ်ရှေ့မှ စတင်တာလွှတ်ပြီး ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း တိုင်းဒေသကြီး အားကစားခန်းမရှေ့၌ ပန်းဝင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရာ အမျိုးသား အမျိုးသမီး အဋ္ဌမ၊ နဝမ၊ ဒသမဆုရရှိသူများအား သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်မြမြစန်းနှင့် ပဲခူးခရိုင် ကြက်ခြေနီတပ်ဖွဲ့ ခရိုင်ဦးစီးမှူး ဦးဟန်အောင်တို့ကလည်းကောင်း၊ ဆဋ္ဌမ၊ သတ္တမဆုရရှိသူများအား ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအေးတို့ကလည်းကောင်း၊ ပဥ္စမနှင့် စတုတ္ထဆုရရှိသူများအား ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မာမာချိုတို့ကလည်းကောင်း ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုများရရှိခဲ့ကြသည့် အမျိုးသမီး တာဝေးအပြေးပြိုင်ပွဲ ပထမ မသဲသဲခိုင် (သနပ်ပင်)၊ ဒုတိယ မနှင်းနွယ်ဦး (သနပ်ပင်)၊ တတိယ မအေးမြတ်မိုး (ပဲခူး) တို့အားလည်းကောင်း၊ အမျိုးသားတာဝေးပြိုင်ပွဲ အပြေး ပထမစောပြည့်စုံနေ(ပဲခူး)၊ ဒုတိယကျော်ဇေယျ (ဒိုက်ဦး)၊ တတိယအောင်သက်ပိုင် (သနပ်ပင်) တို့အားလည်းကောင်း၊ ဖွဲ့ဆုရရှိကြသော သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသူများ အားလည်းကောင်း ဂုဏ်ပြုဆုငွေများနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၁၈ ခုနှစ် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အိုလံပစ်နေ့ အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး တာဝေး အပြေးပြိုင်ပွဲအား တိုင်းဒေသကြီးအတွင်း ဖိတ်ခေါ်ပြိုင်ပွဲများမှတစ်ဆင့် တိုင်းဒေသကြီး လက်ရွေးစင်၊ နိုင်ငံ့လက်ရွေးစင်အာကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီး အားကစားအဆင့်အတန်းတိုးတက်လာစေရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး အားကစားကိုစိတ်ပါဝင်စားပြီး အားကစားစိတ်ဓာတ်မှ အမျိုးသားရေးစိတ်ဓာတ်သို့ ပြောင်းလဲသဘောထားရန်တို့အတွက် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောကြားသည်။

အဆိုပါပြိုင်ပွဲအား အမျိုးသား ၂၇၈ ဦး ပါဝင်ယှဉ်ပြိုင်ကာ ပဲခူးတက္ကသိုလ်ရှေ့မှ စတင်တာလွှတ်ပြီး တိုင်းဒေသကြီးအားကစားခန်းမရှေ့အထိ ခြောက်မိုင်ခရီးကိုလည်းကောင်း၊ အမျိုးသမီး ၇၇ ဦး ပါဝင်ယှဉ်ပြိုင်ကာ ချင်စုအထပ်သား စက်ရုံလမ်းဆုံမှ တိုင်းဒေသကြီးအားကစားခန်းမရှေ့အထိ ငါးမိုင်ခရီးကိုလည်းကောင်း ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာပါတီညီလာခံ ရန်ကုန်မြို့၌ ကျင်းပ



**ရန်ကုန် ဇွန် ၂၃**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာပါတီညီလာခံကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပသည်။

ပါတီညီလာခံတွင် နိုင်ငံတော်အလံအားအလေးပြုခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းများ ဦးစွာပြုလုပ်ပြီး ဒီမိုကရေစီ အရေးတော်ပုံအဆက်ဆက်တွင် ကျဆုံးခဲ့သော ရဟန်းရှင်လူ၊ ကျောင်းသား ပြည်သူတို့ကို ဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့်ငြိမ်သက်ခြင်းကို ဆောင်ရွက်ကြသည်။

**ပြည်သူတို့၏အနာဂတ်တိုးတက်ရေး**

ထို့နောက် ပါတီညီလာခံသဘာပတိ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားရာတွင် "ယခုညီလာခံမှာ ပထမညီလာခံထက် ထူးခြားတဲ့ဝိသေသတွေ၊ အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ ညီလာခံကြီးဖြစ်ပါတယ်၊ ရည်ရွယ်ချက်တွေကတော့ နိုင်ငံတော်အစိုးရရဲ့ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အင်အားပြည့်ဝခိုင်မာအားကောင်းပြီး စည်းလုံးညီညွတ်တဲ့အဖွဲ့အဖြစ် ဆက်လက်ရပ်တည်သွားနိုင်ရေး၊ အဖွဲ့ချုပ်ခေါင်းဆောင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ပါတီခေါင်းဆောင်တွေရဲ့ဦးဆောင်မှု၊ လမ်းညွှန်မှုနောက်မှာ စည်းလုံးညီညွတ်စွာ လိုက်ပါဆောင်ရွက်နိုင်ရေး၊ အဖွဲ့ချုပ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ အရည်အချင်းပြည့်ဝပြီး နိုင်ငံ့အကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်ရေး၊ ပါတီရဲ့ပုံရိပ်၊ ဂုဏ်သိက္ခာမြင့်မားရေးနဲ့ ပြည်သူယုံကြည်လက်ခံမှု ပိုမိုရရှိရေး၊ ယခုညီလာခံက ချမှတ်မည့် မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပြည်သူတို့၏ အနာဂတ်ဘဝ ပိုမိုတိုးတက်မြင့်မားရေးစတဲ့ ရည်ရွယ်ချက်တွေဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် ပါတီဗဟိုအလုပ်အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်မောင်က ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ နိုင်ငံရေးအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ စည်းရုံးရေးအစီရင်ခံစာကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်းက ညီလာခံလုပ်ထုံးလုပ်နည်းများအကြောင်းနှင့် ဗဟိုကော်မတီဝင်ရွေးချယ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီဝင်နှင့် အရန်ဗဟိုကော်မတီဝင်တို့ကိုရွေးချယ်အတည်ပြုခဲ့ကြသည်။

**ပြန်လည်သုံးသပ်ဆွေးနွေး**

ပါတီညီလာခံကျင်းပမှုနှင့်ပတ်သက်၍ ဗဟိုကော်မတီအဖွဲ့ဝင်၊ ဗဟိုပြန်ကြားရေးကော်မတီအဖွဲ့ အတွင်းရေးမှူး မုံရွာဦးအောင်ရှင်က "နိုင်ငံရေးအစီရင်ခံစာအနေနဲ့ကတော့ ငါးနှစ်အတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေအပေါ်မှာ ပြန်ပြီးတော့သုံးသပ်တာ၊ ရှေ့လုပ်ငန်းစဉ် ဘယ်လိုလုပ်မယ်ဆိုတဲ့ ရည်မှန်းချက်တွေကိုချပြကြတာပါ။ မနက်ဖြန်မှာတော့ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးက စီအီးစီတစ်ယောက်စီ ရွေးချယ်သွားမယ်၊ ရွေးချယ်ခံရတဲ့ ဗဟိုကော်မတီအသစ်နဲ့ အရင်ဗဟိုကော်မတီစုပေါင်းပြီးတော့ ဒီနေ့ဖတ်ခဲ့တဲ့ နိုင်ငံရေးအစီရင်ခံစာအပေါ်မှာ ပြန်လည်သုံးသပ်ဆွေးနွေးတဲ့ အစီအစဉ်လုပ်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ကျင်းပသည့် ပါတီညီလာခံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပါတီညီလာခံကိုယ်စားလှယ် ၁၀၀၀ ကျော် တက်ရောက်ကြပြီး ပါတီညီလာခံကို ယနေ့မှစ၍ ဇွန် ၂၄ ရက်အထိ နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ် တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ သွားရောက်တွေ့ဆုံ

**ရန်ကုန် ဇွန် ၂၃**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ယမန်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များရှိ တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်လျက်ရှိသော ပြည်သူများအား သွားရောက်တွေ့ဆုံကာ လက်ရှိနေထိုင်မှု အခြေအနေများနှင့် အခက်အခဲများကို မေးမြန်းစုံစမ်းခြင်းများ ပြုလုပ်ခဲ့ကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။



မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဇွန် ၂၂ ရက်နံနက်ပိုင်းတွင် အင်ဂျန်းယန်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မရန်ဂျာဆိုင်းခေါန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့နယ်နှင့်ဝိုင်းမော်မြို့နယ်များရှိ တိုက်ပွဲရှောင်စခန်းများ ဖြစ်ကြသော ဂျော်မဆတ်၊ တန်ဖရဲ၊ ကြီနီတီနှင့် ဝိုင်းမော်နှစ်ခြင်းစခန်းတို့ရှိ တိုက်ပွဲရှောင်ပြည်သူများနှင့်တွေ့ဆုံကာ အခက်အခဲများ၊ ကလေးငယ်များ၏ ပညာရေးကိစ္စများနှင့် လိုအပ်ချက်များကို မေးမြန်းမှုများပြုလုပ်ပြီး နေထိုင်ရာနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဇွန် ၂၁ ရက်နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မိုးကောင်းမြို့နယ်နှင့်ကာမိုင်းမြို့နယ်များရှိ တိုက်ပွဲရှောင်စခန်းများ ဖြစ်ကြသော လမ်းခွကေဘီစီ၊ Host၊ လမ်းခွ အာစီ၊ လမ်းခွ အေဂျီ၊ မြို့ဦး၊ လဝါးနှင့် ကာမိုင်း အာစီတို့သို့သွားရောက်ခဲ့ပြီး အိုးအိမ်များ စွန့်ခွာ၍ အဆိုပါစခန်းများသို့ ရောက်ရှိလာသော ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် လာရောက်ခိုလှုံစဉ် တွေ့ကြုံခဲ့ရသော အခက်အခဲများ၊ တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်စဉ် စားဝတ်နေရေးအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေးအခက်အခဲများနှင့် မိမိနေအိမ်များသို့ မပြန်ရဲသည့် အကြောင်းရင်းများကို အဖွဲ့လိုက် သော်လည်းကောင်း၊ တစ်ဦးချင်းအလိုက် သော်လည်းကောင်း အခက်အခဲများကို မေးမြန်းစုံစမ်း၍ မှတ်တမ်းများရယူခဲ့ကြသည်။

ထို့နောက် တိုက်ပွဲရှောင် ပြည်သူများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည့်အပြင် နေထိုင်ရာစခန်းများ၊ ချက်ပြုတ်စားသောက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်ပွဲ မန္တလေးကျုံးပတ်လမ်းတွင် ကျင်းပ

**မန္တလေး ဇွန် ၂၃**

အိုလံပစ်နေ့အထိမ်းအမှတ် ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်ပွဲကို အင်ဒိုနီးရှားနိုင်ငံမှ GrligaMuscularBalm ကဦးဆောင်၍ ယနေ့နံနက် ၅ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် လမ်း ၈၀ ၊ ၁၉ လမ်းနှင့်လမ်း ၂၀ ကြားမှတာလွှတ်ရာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီးတို့က တာလွှတ်ပေးပြီး လမ်း ၈၀ အတိုင်း ၁၂ လမ်းအထိ၊ ယင်းမှ ၆၆ လမ်းအထိ၊ ၆၆ လမ်းမှ ၂၆ လမ်းအတိုင်း မြို့တော် စည်ပင်သာယာရုံးရှေ့အထိ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်ပွဲသည် အခြားသူများနှင့် ယှဉ်ပြိုင်ရခြင်းမျိုးမဟုတ်ဘဲ မိမိကိုယ်ကိုမိမိစိန်ခေါ်သည့်ပွဲဖြစ်သည်။ သုံးကြိမ်စလုံး ပါဝင်ပြီး အချိန်နှစ်နာရီအတွင်း အစောဆုံးခြေလှမ်း ၁၀၀၀၀ ပြည့်မီ ပန်းဝင်လာသူ ၈၀၀ အား အမှတ်တရဆုံပြားများ ပေးအပ်သည်။ လမ်းလျှောက်သည့် ကျုံးပတ်လမ်းတစ်လျှောက်တွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုနေရာများ၊ ရေ၊ ဓာတ်ဆားနှင့်ဆေးဝါးများထားရှိပေးပြီး ပန်းဝင်ခြေလှမ်း ၁၀၀၀၀ ပြည့်သည့်နေရာတွင် နံနက်စာကျွေးမွေးခြင်း၊စက်ဖြင့် အကြောလျှော့ပေးခြင်းများဆောင်ရွက်ပေးသည်။ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေး စုပေါင်းလမ်းလျှောက်ပွဲတွင် မန္တလေးတောင်တက်အဖွဲ့၊ကျုံးပတ်လည်လမ်းလျှောက်အဖွဲ့နှင့် ပညာရေးကောလိပ်သင်တန်းသားသင်တန်းသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံမှ သင်တန်းသားများ၊အားကစားလိုက်စားသူ ပြည်သူ၂၀၀၀ကျော် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# တွဲဖက်ရွှေကျင်သာသနာပိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ



တွဲဖက်ရွှေကျင်သာသနာပိုင်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသ

မန္တလေး ဇွန် ၂၃

**မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် မတ္တရာသူဌေးတန်းကျောင်း ရွှေကျင်နိကာယဉပဉက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသ (သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၄ ဝါ)သည် ၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၁ ရက် စနေနေ့ နံနက် ၃ နာရီတွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး နှလုံးကြပ်မတ်ဆောင်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သိရသည်။**

### ထေရုပ္ပတ္တိအကျဉ်း

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက ရွှေကျင်နိကာယ ဉပဉက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ မတ္တရာသူဌေးတန်းကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တမာနိတသိရီဘိဝံသသည် ၁၂၉၆ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် ကြာသပတေးနေ့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် မတ္တရာမြို့နယ် ကောက်ရိုးပုံကျေးရွာနေ ခမည်းတော် ဦးထွန်းအေး+မယ်တော်ဒေါ်ပေါတို့မှ ဖွားမြင်တော်မူခဲ့သည်။

၁၃၀၇ ခုနှစ် တန်ဆောင်မုန်းလ၌ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၁၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၌ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် စုဒ္ဒသမရွှေကျင်သာသနာပိုင်လျာ ဘဒ္ဒန္တအဂ္ဂိယ၏ခြေတော်ရင်းသို့ ရောက်ခဲ့သည်။

၁၃၁၆ ခုနှစ် ဝါခေါင်လပြည့်နေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ် လူရိပ် နှစ်ဖဝါး၊ တစ်ဖီလာ အချိန်၌ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဗဒ္ဓသိမ်တွင် နဝမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီးကို ဉပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးနှင့် ဇယမေဒနီဆရာတော်၏မယ်တော်ကြီး အဘွားတွယ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၀၃ ခုနှစ် သက်တော် ရှစ်နှစ်တွင် ကောက်ရိုးပုံရွာလည်ကျောင်းဆရာတော် ဉူးဝဏ္ဏထံမှ အခြေခံစာပေများကို သင်ယူခဲ့ပြီး ၁၃၀၅ ခုနှစ်တွင် စဉ့်ကူးမြို့နယ် ညောင်ပင်ရွာ မဇ္ဈိမာရုံကျောင်းဆရာတော် အရှင်ကန္တာစရိယ၊ ၁၃၁၃ ခုနှစ်တွင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂိယတို့ထံမှ စာပေဆည်းပူးသင်ယူခဲ့ပြီး ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်းတို့ကို အောင်မြင်တော်မူ၍ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

### သမိုင်းစာတမ်းများ ရေးသားပြုစု

၁၃၂၀ ပြည့်နှစ်မှစ၍ စာပေပို့ချခဲ့ပြီး အထူးအားဖြင့် အလင်္ကာကျမ်း၊ ဝုတ္တောဒယဆန်းကျမ်း၊ ကဝိဒပ္ပဏ၊ အဋ္ဌကထာနှင့်ဋီကာကျော်တို့ကို ပို့ချသည်။ ထို့အပြင် မန္တလေးမြို့လူထုသတင်းစာတွင်"ကထိရရဟန်း" ကလောင်အမည်ဖြင့် ဆောင်းပါးရေးသားခြင်း၊ စံကင်းဂုရုပ္ပတ္တိကျမ်း၊ ဘဝနှင့်နိဗ္ဗာန်စာအုပ်၊ ဝိသုဒ္ဓါရုံရှင်ကျင့်ဝတ် အဖွင့်စာအုပ်၊ ဗုဒ္ဓ၏လူ့သမိုင်းဆောင်းပါး၊ ရွှေကျင်ဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ်၊ ဗုဒ္ဓဘာသာသင်ခန်းစာ၊ ဝိနယပိဋကစူဠဝဂ္ဂပါဠိတော်လာ ဘိက္ခုနိက္ခန္ဓကကို လေ့လာသုံးသပ်ခြင်းအမည်ဖြင့် စာတမ်း၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်သမိုင်း၊ ရွှေကျင်တိုက်သမိုင်း၊ ကဗျာ့တန်ဆာအလင်္ကာကျမ်း၊ ဝုတ္တောဒယဆန်းကျမ်း၏ နိဿယနှင့်အဖွင့်ကျမ်း၊ ရွှေကျင်နိကာယဉက္ကဋ္ဌ ဉပဉက္ကဋ္ဌဆရာတော်ကြီးတို့၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ရွှေကျင်ဂိုဏ်း သမိုင်းစာတမ်းများကို ရေးသားပြုစုခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ဂိုဏ်းလုံးဝန်ဆောင်နာယက ရွှေကျင်နိကာယအဖွဲ့၏ အကျိုးဆောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် ရွှေကျင်နိကာယဉပဉက္ကဋ္ဌမဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကလည်း ဆရာတော်ဘုရားကြီးကို မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်ဘုရားကြီးသည် သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၄ ဝါ အရ ၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၁ ရက် (၂၃-၆-၂၀၁၈) ရက်နေ့ နံနက် ၃ နာရီခန့်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး အန္တိမအဂ္ဂိဈာပနပူဇာသဘင်အခမ်းအနားကို ၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၂ ရက် (၂၉-၆-၂၀၁၈)သောကြာနေ့ မွန်းတည့် ၁၂ နာရီတွင် အေးရိပ်ငြိမ် သုသာန်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ❐ ရန်ကုန်မြို့သစ်မှ

ထို့နောက် Strategy First Institute မှ ဦးအောင်ချစ်ခင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး NYDC Co., Ltd. မှ Serge Pun (ခ)ဦးသိမ်းဝေ၊ Sandhi Governance Institute မှ ဦးခိုင်ဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးရဲမြတ်သူနှင့် The Voice Weekly Journal မှ ဦးဇေယျသူတို့က ရန်ကုန်မြို့သစ် စီမံကိန်းနှင့်စပ်လျဉ်းပြီး ပါဝင်ဆွေးနွေးကြသည်။

The Voice Weekly Journal မှ ဦးဇေယျသူက "ရန်ကုန်မြို့သစ် စီမံကိန်းနဲ့ပတ်သက်ပြီး ဝိုင်းပြီးဆွေးနွေးကြတာပါ၊ ကျွန်တော်က မီဒီယာအနေနဲ့ရော၊ စီးပွားရေးသုံးသပ်သူအနေနဲ့ရော ပြည်သူ့ကိုယ်စား မေးပေးတာပါ၊ စီမံကိန်းက အကြီးကြီးပဲ၊ မြန်မာပြည်ကို ပြောင်းသွားစေမယ့် စီမံကိန်းဖြစ်ပါတယ်၊ တိတိကျကျ စီမံချက်နဲ့ဘာနဲ့ ပြည်သူကို သေချာရှင်းပြပြီးတော့ လုပ်ရမယ်၊ လုပ်ရင်လည်း အောင်မြင်အောင်လုပ်ဖို့ လိုပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ဒီနေ့ဆွေးနွေးပွဲက ပွင့်လင်းမြင်သာမှုရှိတယ်၊ တချို့မသိတဲ့အချက်တွေကိုလည်း မစ္စတာ Serge Pun က ဖြေသွားတာရှိတယ်၊ ကျွန်တော်တို့ဆိုလည်း သိချင်တာအကုန်မေးတယ်၊ ဖြေသင့်တာတွေဖြေတယ်၊ တချို့ဟာတွေဆို ဒီရောက်မှသိရတယ်၊ ပွင့်လင်းမြင်သာမှုရှိပါတယ်"ဟု ပြောသည်။




ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူ Sandhi Governance Institute မှ ဦးခိုင်ဝင်းက "ရန်ကုန်မြို့သစ် စီမံကိန်းနဲ့ပတ်သက်လို့ ဘယ်လိုစီမံဆောင်ရွက်ထားလဲ၊ ဒီစီမံကိန်းက ပြည်သူတွေကို ထိခိုက်နိုင်လား၊ နိုင်ငံတော်အနေနဲ့ ထိခိုက်နိုင်လားဆိုတာ အဓိက ဆွေးနွေးဖြစ်ပါတယ်၊ ဆွေးနွေးပွဲမှာ အစိုးရက စီးပွားရေး လုပ်သင့်လား၊ မလုပ်သင့်လားဆိုတာနဲ့ပတ်သက်လို့ စီးပွားရေးမူဝါဒ ၁၂ ချက်တွင် နံပါတ် ၂ မှာရေးထားတာက ဈေးကွက်စီးပွားရေးကို ဦးတည်နေတယ်၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတွေတောင်မှ ပြောင်းလဲဖို့လုပ်နေတာ၊ အဲဒီအချိန်မှာ ဒီလိုလုပ်တာ ဖြစ်ရဲ့လားဆိုတာ မေးခွန်းထုတ်ခဲ့တယ်၊ အစိုးရပိုင် စီးပွားရေးလုပ်မယ်ဆိုရင် သတိထားဖို့တော့ ဆွေးနွေးခဲ့တယ်၊ စီမံကိန်းက အလုပ်အကိုင် နှစ်သန်းဖန်တီးပေးမယ်ဆိုတာ အင်မတန်ကြီးတဲ့စီမံကိန်းကြီးဆိုတော့ ချက်ချင်းလက်ငင်းကြီး ပေါ်လာဦးမှာမဟုတ်ဘူး၊ အခုဟာက ဒီဇိုင်းအဆင့်လောက်ပဲ၊ ဒီဇိုင်းတောင် ဆွဲတုန်းရှိသေးတယ်၊ အချိန်ကာလကတော့ ဖြတ်သန်းရဦးမယ်" ဟု ပြောသည်။

ယနေ့ဆွေးနွေးပွဲသို့ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးကဏ္ဍမှ လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ စိတ်ပါဝင်စားသူပြည်သူများ တက်ရောက်ပြီး ရန်ကုန်မြို့သစ် စီမံကိန်းနှင့်စပ်လျဉ်းသည့် သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြသည်။

ရန်ကုန်မြို့သစ် စီမံကိန်းတွင်ပါဝင်သည့် အနောက်တောင်မြို့သစ်စီမံကိန်းသည် ရန်ကုန်မြစ် အနောက်ဘက်၊ ပန်းလှိုင်မြစ်တောင်ဘက်နှင့် မြစ်ဝအထိတည်ရှိကြောင်း ပထမဆုံး အကောင်အထည်ဖော်မည့် အပိုင်း(၁)သည် ဧကနှစ်သောင်းရှိပြီး မြောက်ဘက်တွင် ပန်းလှိုင်မြစ်၊ တောင်ဘက်တွင် တွံတေးတူးမြောင်း၊ အရှေ့ဘက်တွင် ရန်ကုန်မြစ်၊ အနောက်ဘက်တွင် ရန်ကုန်-တွံတေးလမ်းမရှိကြောင်း၊ အပိုင်း(၂)သည် ပန်းလှိုင်မြစ် တောင်ဘက်မှ စတင်ပြီး မြစ်ဝအထိရှိကြောင်း ယနေ့အခမ်းအနားမှ သိရသည်။

**မင်းသစ်(MNA)**

## ❍ မြန်မာ့ကျောက်မျက်ရတနာမှ

ဝယ်ယူတာမဟုတ်တဲ့အတွက် ပြဿနာမရှိပါဘူး" ဟု တရုတ်နိုင်ငံမှ ကျောက်မျက်ရတနာကုန်သည် Mr.Law Chi Kwong က ပြောသည်။

### ဈေးကွက်ပိုမိုကောင်းမွန်

"တရုတ်ပြည်မှာလည်း ကျောက်တွေကို ရောင်းချတာရှိပါတယ်၊ မြန်မာပြည်ကိုလာပြီး ဝယ်ယူရခြင်းက ကျောက်စိမ်းအရည်အသွေးမှာ မြန်မာပြည်ရဲ့ ကျောက်စိမ်းကို ဘယ်နိုင်ငံမှ မမီပါဘူး၊ နောက်တစ်ချက်က တရုတ်ပြည်မှာရောင်းတဲ့ ကျောက်စိမ်းကလည်း မြန်မာပြည်ကလာတာဖြစ်ပြီး ဈေးနှုန်းအရ မြန်မာပြည်မှာယှဉ်ပြိုင်ပြီး ဝယ်ယူရတာကို ပိုမိုသဘောကျတဲ့အတွက် လာရခြင်းဖြစ်ပါတယ်၊ ကျောက်စိမ်းဈေးကွက်အနေနဲ့ အခု နှစ်နှစ်အတွင်း သိပ်မကောင်းပါဘူး။ နောက်ပိုင်းမှာ ဈေးကွက်အနေအထားအရ ပိုမိုကောင်းမွန်လာမယ့် အခြေအနေရှိပါတယ်" ဟု ၎င်းက ပြောသည်။

အလားတူ (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပလျက်ရှိသည့် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်မျက်သင်တန်းကျောင်းမှ သင်တန်းသားများ၏ လက်ရာတန်ဖိုးမြင့်ထုတ်ကုန်များပြခန်းအပါအဝင် ကျောက်မျက်ရတနာ အချောထည်အရောင်းဆိုင်များ၌ ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ပြပွဲသို့ လာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ၏ တည်းခိုနေထိုင်သွားလာရေး အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

**သူရဇော်(သတင်းစဉ်)**

## ❂ ငြိမ်းချမ်းရေးမှ

ငြိမ်းချမ်းရေးစက်ဘီးစီးပွဲတော်တွင် တိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S) ဒုတိယဉက္ကဋ္ဌ(၁) ပဒိုဘီးလယ်က အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျက ငြိမ်းချမ်းရေးစက်ဘီးစီးပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုပူးတွဲစောင့်ကြည့်ရေးကော်မတီ ဒုတိယဉက္ကဋ္ဌ(၁)နှင့် အဖွဲ့ဝင်များက စက်ဘီးစီးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီး မြိတ်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဦးဇော်ဇော်ထွန်းက ခရာမှုတ်၍ တာလွှတ်ပေးခဲ့သည်။

ငြိမ်းချမ်းရေးစက်ဘီးစီးပွဲတော်ကို မြို့မအားကစားကွင်းစုရပ်မှ မြို့တွင်းသတ်မှတ်လမ်းကြောင်းအတိုင်း စုစုပေါင်း ၁၈ မိုင်ခန့် တပျော်တပါး စုပေါင်းစီးနင်းခဲ့ကြပြီး မြို့မအားကစားကွင်းတွင် ပန်းဝင်ခဲ့ကြသည်။

ငြိမ်းချမ်းရေးစက်ဘီးစီးပွဲတော်တွင် တပျော်တပါးစုပေါင်းစီးနင်းခဲ့ကြသော စက်ဘီးစီးဝါသနာရှင် လူကြီးလူငယ်၊ အမျိုးသား အမျိုးသမီးများအား စက်ဘီးစီးပွဲကျင်းပရေးကော်မတီက စက်ဘီး ငါးစီး၊ စက်ဘီးစီးဦးထုပ်နှင့် စက်ဘီးဆက်စပ်ပစ္စည်းများကို ကံစမ်းမဲဖောက်ပေးခဲ့ပြီး တိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဒုတိယဉက္ကဋ္ဌ (၁)နှင့် အဖွဲ့ဝင်များက ကံစမ်းမဲပေါက်သူများအား စက်ဘီးနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**ခိုင်ထူး(မြန်/ဆက်)**

## ▼ ရွှေ့ဖုံးမှ

ရန်ကုန်ဘူတာကြီးသို့ စတင်ပြေးဆွဲခဲ့သည့် YBS Airport Shuttle Bus မှာ ယာဉ်အစီးရေ ၃၀ ဖြင့် စတင်ခဲ့သော်လည်း နောက်ပိုင်းတွင် အစီးရေ ၅၀ အထိ တိုးမြှင့်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကောင်အထည်ဖော်မည့် ယာဉ်စီးခငွေပေးချေမှုကတ်စနစ်အပေါ် Omni Focus ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ကိုထွန်းတောက်ဝင်းက "ကျွန်တော်တို့အနေနဲ့က ကတ်စနစ်ကို လိုချင်ပါတယ်၊ ခရီးသည်က ထည့်တဲ့လူလည်းရှိတယ်၊ မထည့်တဲ့လူလည်းရှိတယ်၊ ကတ်စနစ်မပေါ်သေးတဲ့အချိန်အထိတော့ ဒီအဖြစ်အပျက်တွေ ကျွန်တော်တို့ခံနေရဦးမှာပေါ့၊ နောင်တစ်ချိန်ကျရင်တော့ အားလုံးကောင်းသွားမှာပါ"ဟု ပြောသည်။

**ဝ၄၈**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြခဲ့သော"မွန်ပြည်နယ်ရေကြီးရေလျှံမှုကာလအတွင်း . . . "သတင်း၏ ပထမကော်လံ ဒုတိယစာပိုဒ် စာကြောင်းရေ ၁၉ တွင် ကရင်ပြည်နယ်လူမှုရေးဝန်ကြီးအစား မွန်ပြည်နယ်လူမှုရေးဝန်ကြီးဟု ပြင်ဆင်ဖတ်ရှုပါရန်

**(သတင်းစဉ် စာတည်းအဖွဲ့)**

# ရခိုင်ပြည်နယ် တရားလွှတ်တော်၌ မီဒီယာကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်လှစ်

**စစ်တွေ ဇွန် ၂၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း(USAID PRLP)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် သတင်းမီဒီယာဆိုင်ရာ ကျွမ်းကျင်မှု ဆင့်ပွားသင်တန်းကို ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်က တရားရုံးလုပ်ငန်းများကို အများပြည်သူဝန်ဆောင်မှုလုပ်ငန်းအဖြစ် ဖော်ဆောင်လျက်ရှိကြောင်း၊ တရားရုံး၏ လုပ်ဆောင်ချက်များကို အများပြည်သူသိရှိစေရန် လိုအပ်ကြောင်း၊ တရားရုံးများအနေဖြင့် မီဒီယာနှင့် ထိတွေ့ဆက်ဆံမှုသည် အလွန်အရေးပါကြောင်း၊ ထို့ကြောင့် မီဒီယာကျွမ်းကျင်မှုရှိစေရန် လိုအပ်သဖြင့် ယခုကဲ့သို့သင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်းနှင့် သင်တန်းမှ ပို့ချသည်များကို လိုက်နာပြီး လက်တွေ့အသုံးချစေလိုကြောင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရခိုင်ပြည်နယ်တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ စစ်တွေခရိုင်၊ မောင်တောခရိုင်၊ မြောက်ဦးခရိုင်အတွင်းရှိ တရားရုံးများမှ တရားသူကြီး ၂၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းဖွင့်ပွဲသို့ ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးများဖြစ်ကြသည့် ဦးသိန်းအောင်နှင့် ဒေါ်စန်းစန်းရီ၊ ပြည်နယ်တရားရေးဦးစီးမှူး ဦးစိုးစိုးနှင့် သင်တန်းသား သင်တန်းသူများတက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





# စစ်တွေမြို့၌ အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

**စစ်တွေ ဇွန် ၂၃**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီက စစ်တွေမြို့ စာတိုက်ကြီးရှေ့၌ ကျင်းပရာ ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ဘဏ္ဍာအခွန်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ အမျိုးသား အမျိုးသမီး အိုလံပစ်ပြိုင်ပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့က စတင်တာလွှတ်ပြီး ကမ်းနားလမ်းပွိုင့်မှတစ်ဆင့် ပြည်တော်သာလမ်း တစ်လျှောက်အထိ ပြိုင်ပွဲဝင်အားကစားသမားများ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲသွားကြသည်။ ထို့အပြင် အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများအား စစ်တွေစာတိုက်ကြီးရှေ့ ပန်းဝင်ရာနေရာ၌ တာဝန်ရှိသူများက ခေါက်ဆွဲနှင့်မုန့်များ ကျွေးမွေးကြသည်။

ဆက်လက်ပြီး ဆုပေးအပ်ပွဲကျင်းပရာ အမျိုးသား မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် ပြိုင်ပွဲဝင်အားကစားသမားများအား ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်ကလည်းကောင်း၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် ပြိုင်ပွဲဝင်အားကစားသမားများအား လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**မိုင်းဖြတ် ဇွန် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ကျင်းပသော "ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင်" ခေါင်းစဉ်ဖြင့် ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကို ယနေ့နံနက် ၅ နာရီက အထက(မိုင်းဖြတ်) ကျောင်းရှေ့ ပြည်ထောင်စုကားလမ်းမပေါ်၌ ကျင်းပသည်။

ရှေးဦးစွာ မီနီမာရသွန်ပြိုင်ပွဲကို အထက(မိုင်းဖြတ်) ကျောင်းအရှေ့မှ စတင်တာလွှတ်ခဲ့ပြီး မိုင်းဖြတ်-တာချီလိတ်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ (နားလီးတံတား)အထိ ထိုမှတစ်ဆင့် အထက(မိုင်းဖြတ်) ကျောင်းအရှေ့တွင် ပန်းဝင်ခဲ့သည်။ ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ၂၅၀၊ ကျောင်းသူ ၂၀၀ စုစုပေါင်း ၄၅၀ တို့က ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အားကစားမောင်မယ်များ ပါဝင်ယှဉ်ပြိုင်နေခြင်းကို ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးစိုင်းကျောက်နှင့် ဦးအားကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများက အားပေးကြည့်ရှုခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို နံနက် ၆ နာရီခွဲက မြို့နယ်ပြည်သူ့ပန်းခြံအတွင်း ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အလယ်တန်း၊ အထက်တန်းအဆင့် အမျိုးသား အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိသည့် အားကစား မောင်မယ်များနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားမောင်မယ်များအား ဂုဏ်ပြုဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**






# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဇွန် ၂၃**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ရန်ကုန်မြို့ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များက သက်ဆိုင်ရာ အားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လိုက်လံကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ပေးခဲ့သည်။

ရှေးဦးစွာ ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်က ကျင်းပသည့် အိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီးရိုးရာလှေလှော်ပြိုင်ပွဲနှင့် ကနူး၊ ကယက်၊ အပြည်ပြည်ဆိုင်ရာလှေလှော်ပြိုင်ပွဲများတွင် အနိုင်ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးနှင့် တာဝန်ရှိသူများသည် အောင်ဆန်းအားကစားပြိုင်ဝင်း (မိုးလုံလေလုံ) အားကစားခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၁၈ ခုနှစ် ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် အကြိုးတန်းကရာတေးဒိုပြိုင်ပွဲ U-14 နှင့် U-12 Kata /Kumite အမျိုးသား အမျိုးသမီးတစ်ဦးချင်းနှင့်အသင်းလိုက်ပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့သည်။

အလားတူ ယနေ့အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများအဖြစ် ဦးဝိစာရလမ်း အမျိုးသား အားကစားလေ့ကျင့်ရေးစခန်းရှိ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ အိုလံပစ်နေ့ အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က တက်ရောက်ဖွင့်လှစ်ပေးပြီး အားကစားသမားများကို လိုက်လံနှုတ်ဆက်ကာ ပြိုင်ပွဲများကိုစတင် ကျင်းပ၍လည်းကောင်း၊ အမျိုးသားလေ့ကျင့်ရေးစခန်း၌ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်က အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲများ ကျင်းပခဲ့ပြီး အဖွဲ့ချုပ်အလုပ်အမှုဆောင်များနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်သီသီရှိန်တို့က အနိုင်ရရှိသူများအား ဆုများချီးမြှင့်ပေး၍လည်းကောင်း၊ သိမ်ဖြူတင်းနစ်ကွင်း၌ အိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းနှင့် အသင်းလိုက် ပြိုင်ပွဲများအားလည်းကောင်း၊ ကျိုက္ကဆံကွင်းရှိ ကမ်ပိုအားကစားရုံ၌ မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်မှ ကမ်ပိုအားကစားနည်းဖြင့် စုပေါင်းသရုပ်ပြသခြင်း အတိုက်ပြိုင်ပွဲများအသီးသီး ကျင်းပခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်း**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၀ ပြည့်နှစ်၊ လ ရက်**
**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်** ဆိုသည်မှာ နယ်နိမိတ်တိုင်းတာ ပိုင်းခြားကြပ်မတ်ရေးအရာရှိအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသူက မြေတိုင်းရာနေရာများကိုသော်လည်းကောင်း၊ မြေတိုင်းတာရာ အမှတ်အသားများကိုသော်လည်းကောင်း၊ ယင်းမြေနယ်နိမိတ်ပေါ်တွင်ဖြစ်စေ၊ အတွင်းတွင်ဖြစ်စေ၊ မြေကြီးပေါ်၌ဖြစ်စေ သို့မဟုတ် မြေကြီးအတွင်း၌ မြှုပ်နှံ၍ဖြစ်စေ စိုက်ထူတည်ဆောက်ထားသည့် အုတ်တိုင်၊ ကျောက်တိုင်၊ အခြားတိုင်တစ်မျိုးမျိုး၊ ပြွန် သို့မဟုတ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန သို့မဟုတ် မြေတိုင်းတာသည့်ဌာန အဖွဲ့အစည်းတစ်ခုခုက ချမှတ်ထားသည့် မြေပြင်အမှတ်အသား တစ်ခုခုကို ဆိုသည်။

(ခ) **စာချုပ်စာတမ်း** ဆိုသည်မှာ အကြောင်းအရာတစ်ခုခုကို မှတ်သားအသုံးပြုရန်ကြံရွယ်၍ စာဖြင့်ဖြစ်စေ၊ ဂဏန်းဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ တစ်နည်းထက်ပိုသော နည်းများဖြင့်ဖြစ်စေ အရာဝတ္ထုတစ်ခုခုပေါ်တွင် ရေးသားထားသည့် သို့မဟုတ် ဖော်ပြထားသည့် အရာတစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေ၌ အခြားနည်းဖြင့် သီးခြားဖော်ပြထားခြင်းမရှိလျှင် သေတမ်းစာ၊ တရားရုံးဒီကရီနှင့် အမိန့်၊ သဘောတူစာချုပ်ဆိုသည့် ကတိစာချုပ်၊ ခံဝန်ချုပ်နှင့် အခြားစာချုပ်စာတမ်း တစ်ခုခုတို့လည်း ပါဝင်သည်။

(ဂ) **နယ်နိမိတ်** ဆိုသည်မှာ ဤဥပဒေအရ မြေပြင်တွင် ပိုင်းခြားသတ်မှတ်ထားသည့် နယ်မြေအပိုင်းအခြားကို ဆိုသည်။

(ဃ) **နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ** ဆိုသည်မှာ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရာတွင် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် စိုက်ထူနိုင်ရေးအတွက် ဤဥပဒေပါ လုပ်ငန်းတာဝန်များဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(င) **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးအရာရှိ** ဆိုသည်မှာ ဤဥပဒေအရ မြေပြင်တွင် ပိုင်းခြားသတ်မှတ်ထားသည့် နယ်နိမိတ်ကို စိစစ်ပိုင်းခြား သတ်မှတ်ပေးနိုင်ရေး အတွက် ဤဥပဒေအရ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်း ခံရသူကို ဆိုသည်။

(စ) **ကြော်ငြာစာ** ဆိုသည်မှာ အများပြည်သူ သို့မဟုတ် သက်ဆိုင်သူများ သိရှိစေရန်ဖြစ်စေ၊ လိုက်နာဆောင်ရွက်စေရန်ဖြစ်စေ နည်းလမ်းတကျ ဆောင်ရွက်ထားသော သတင်းပေးချက် သို့မဟုတ် အကြောင်းကြားချက်ကို ဆိုသည်။

(ဆ) **အဖွဲ့အစည်း** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ကိုဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်းရှိ ကွင်း၊ အကွက်များ၏ မြေနယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်စေရန်၊

(ခ) စိုက်ထူထားရှိသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို ထိခိုက်ပျက်စီးခြင်း၊ ပြောင်းလဲခြင်း မရှိစေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊

(ဂ) တိုင်းတာပိုင်းခြားသတ်မှတ်ထားရှိသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တို့အား ရာသီဥတုအခြေအနေအရလည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပါက တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်စေရန်။

**အခန်း(၃)**
**နယ်နိမိတ်များကိုတိုင်းတာခြင်း၊ သတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်း**

၅။ နိုင်ငံတော်၏ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၏ နယ်နိမိတ်သည်လည်းကောင်း၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာတို့၏ နယ်နိမိတ်သည်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့်အတိုင်းဖြစ်သည်။

၆။ အောက်ပါမြေနယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်ရာတွင် ဤဥပဒနှင့်အညီ ဆောင်ရွက်ရမည်-

(က) မြို့၊ ရပ်ကွက်နှင့် ကျေးရွာများ၏ နယ်နိမိတ်များ၊

(ခ) မြို့နယ်၊ ကျေးရွာအုပ်စုများအတွင်းရှိ ကွင်းများ၏ မြေနယ်နိမိတ်များ။

**အခန်း(၄)**
**နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ၊**
**နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး**
အရာရှိများခန့်ထားခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များ

၇။ (က) နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သောသူသည် အောက်ပါအကြောင်းကိစ္စများပေါ်ပေါက်ပါက နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး အရာရှိများကို ခန့်အပ်တာဝန်ပေးအပ်နိုင်သည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခု၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်းကိစ္စပေါ်ပေါက်လာခြင်း၊

(၂) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန် အကြောင်းကိစ္စ ပေါ်ပေါက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ခံတင်ပြလာခြင်း၊

(၃) ပြည်ထောင်စုနယ်မြေအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန် အကြောင်းကိစ္စပေါ်ပေါက်၍ နေပြည်တော်ကောင်စီက ထောက်ခံတင်ပြလာခြင်း၊

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပြည်ထောင်စုနယ်မြေအတွင်း၌ရှိသော ကျေးရွာ၊ ရပ်ကွက်၊ မြို့အတွင်းရှိ မြို့မြေ၊ ကျေးရွာမြေ တိုင်းတာရန် အကြောင်းကိစ္စပေါ်ပေါက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် နေပြည်တော်ကောင်စီက ထောက်ခံတင်ပြလာခြင်း။

(ခ) ယင်းသို့တာဝန်ပေးအပ်ရာတွင်-

(၁) နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိဖြစ်ပါက အရာရှိမြေတိုင်းသင်တန်း သို့မဟုတ် တန်းမြင့်မြေတိုင်းသင်တန်း တက်ရောက်အောင်မြင်ပြီး သက်ဆိုင်ရာမြို့နယ်၌ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး သို့မဟုတ် နေပြည်တော် သို့မဟုတ် ရန်ကုန်မြို့တော် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်ရမည်။

(၂) နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးအရာရှိဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။

**နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ၏ လုပ်ငန်းတာဝန်များ**

၈။ နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြေနယ်နိမိတ်ကို တိုင်းတာပိုင်းခြားသတ်မှတ်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ရမည့် မြေအတွင်းသို့ဝင်ရောက်၍ လိုအပ်သော အချက်အလက်များကို ရယူခြင်းနှင့် လိုအပ်သည်များကို ဆောင်ရွက်ခြင်း၊

(ခ) တာဝန်ယူဆောင်ရွက်ရမည့် မြေကိုလည်းကောင်း၊ ယင်းမြေနှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် မြေကိုလည်းကောင်း စစ်ဆေးရန် လိုအပ်ပါက မည်သည့်လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အကူအညီဖြင့် ဆင့်ခေါ်ခြင်း၊

(ဂ) တာဝန်ယူဆောင်ရွက်ရမည့်မြေကို နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရန် နယ်နိမိတ်မျဉ်းကြောင်း သို့မဟုတ် အခြားမျဉ်းကြောင်းတစ်လျှောက်တွင် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများကို ခုတ်လှဲ၊ ရိတ်သိမ်း၊ ဖယ်ရှားရန်ဖြစ်စေ၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရာတွင် လိုအပ်သည့် အကူအညီရယူရန်ဖြစ်စေ၊ သင့်လျော်သူတစ်ဦးအား တာဝန်ပေးအပ်ရန်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက် ရှင်းလင်းခြင်းနှင့်စပ်လျဉ်း၍ ခုတ်လှဲဖယ်ရှင်းရသည့် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးအရာရှိထံ တွက်ချက်တင်ပြခြင်း၊

(င) ပုဒ်မခွဲ(ဃ)ပါကိစ္စရပ်အပေါ်ပိုင်ဆိုင်မှု သို့မဟုတ် လက်ရှိဖြစ်ခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားလျှင် အဆုံးအဖြတ်ပေးနိုင်ရေးအတွက် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး အရာရှိထံ တင်ပြခြင်း၊

(စ) မြေနယ်နိမိတ်နှင့်စပ်လျဉ်း၍ သက်ဆိုင်သူများက အထောက်အထား စာချုပ်စာတမ်းများ တင်ပြရန်ရှိပါက တင်ပြစေခြင်း၊

(ဆ) တာဝန်ယူဆောင်ရွက်ရမည့် မြေကိုလည်းကောင်း၊ ယင်းနှင့် တစ်ဆက်တစ်စပ်တည်း ရှိနေသည့် မြေများကိုလည်းကောင်း ပိုင်ဆိုင်လုပ်ကိုင်နေသူ သို့မဟုတ် တစ်စုံတစ်ရာ အကျိုးစီးပွားကို ခံစားခွင့်ရှိသည့် သက်ဆိုင်သူများ၊ ယင်းမြေကို စီမံခန့်ခွဲအုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲအုပ်ချုပ်သူနှင့် သက်ဆိုင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ သိရှိစေရန် ကြော်ငြာစာကို ထုတ်ပြန်၍ သက်ဆိုင်သူများထံ ဖြန့်ဝေခြင်း သို့မဟုတ် နယ်နိမိတ်သတ်မှတ်မည့် မြေနေရာနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့တွင် မြင်သာစွာကပ်ထားခြင်းတို့ကို ဆောင်ရွက်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား တာဝန်ပေးအပ်ခြင်း၊

(ဇ) ကြော်ငြာစာပါ နေ့ရက်၊ အချိန်များတွင် တာဝန်ယူ ဆောင်ရွက်ရသည့် ဒေသ၏ မြေအပိုင်းအခြားကို ညွှန်ပြခြင်း၊ မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် များကို စိုက်ထူခြင်း၊ ပြုပြင်ခြင်းနှင့် နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရာ၌ လိုအပ်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီများရယူနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) တာဝန်ယူဆောင်ရွက်ရသည့် မြေနှင့်စပ်လျဉ်း၍ မြေနယ်နိမိတ်ကို တိုင်းတာပိုင်းခြား သတ်မှတ်ပြီးနောက် မြေရှင်တို့ကိုဖြစ်စေ၊ မြေလက်ရှိလုပ်ကိုင်နေသူတို့ကိုဖြစ်စေ ညှိနှိုင်းပြီး လိုအပ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်း၊

(ည) တာဝန်ယူဆောင်ရွက်ရသည့် မြေနှင့်စပ်လျဉ်း၍ ယင်းမြေကို မည်သူက လက်ရှိပိုင်ဆိုင်ကြောင်း ဆုံးဖြတ်ချက်မချနိုင်၍ မြေနယ်နိမိတ်ကို မသတ်မှတ်နိုင်လျှင် နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးအရာရှိထံ တင်ပြအစီရင်ခံခြင်း၊

(ဋ) မိမိသုံးသပ်ချက်နှင့် သဘောထားပါဝင်သော ဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာကို နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး အရာရှိမှတစ်ဆင့် မိမိအားခန့်အပ် တာဝန်ပေးသူထံ တင်ပြခြင်း၊

(ဌ) ပုဒ်မခွဲ(ဋ)အရ တင်ပြသည့်အစီရင်ခံစာတွင် နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်ကြောင်း အထောက်အထားခိုင်မာစွာ တွေ့ရှိပါက ထည့်သွင်းဖော်ပြခြင်း။

**(ဆက်လက်ဖော်ပြပါမည်)**

# အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုနှစ်ခုကို အကန့်အသတ်မရှိ ဆိုင်းငံ့



**ဝါရှင်တန် ဇွန် ၂၃**

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်က တောင်ကိုရီးယားနိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု နှစ်ခုကို အကန့်အသတ်မရှိ ဆိုင်းငံ့လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်တစ်က နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် အိမ်ဖြူတော် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်တန်တို့နှင့် ဇွန် ၂၂ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံခဲ့ပြီး ဇွန် ၁၂ ရက်က ကျင်းပခဲ့သည့် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲမှ ရလဒ်များနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရန် နည်းလမ်းကောင်းများကို တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံနှင့် ရေကြောင်းကာကွယ်ရေးဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှုနှစ်ခုကို လာမည့်သုံးလအတွင်း စတင်ရန် စီစဉ်ထားရှိသော်လည်း ယခုအချိန်တွင် ကာကွယ်ရေးဝန်ကြီး မက်တစ်က အကန့်အသတ်မရှိ ဆိုင်းငံ့ရန် ဆုံးဖြတ်ထားကြောင်း ပင်တဂွန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

ယခုကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံ၏ စေ့စပ်ညှိနှိုင်းမှုအခြေအနေအပေါ် မူတည်ပါကြောင်း ပင်တဂွန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရွှေ့ပြောင်း အခြေချသူ ၄၀၀ ကျော်အား စပိန်နိုင်ငံ ကမ်းလွန်ဒေသမှ ကယ်တင်

**မက်ဒရစ် ဇွန် ၂၃**

စပိန်နိုင်ငံကမ်းလွန်ပင်လယ်ပြင်တွင် ဇွန် ၂၃ ရက်က ရွှေ့ပြောင်းအခြေချနေထိုင်သူ စုစုပေါင်း ၄၁၈ ဦးကို ကယ်ဆယ်ရေးလုပ်ငန်း သုံးခု လုပ်ဆောင်၍ ကယ်တင်ခဲ့ရကြောင်း စပိန်နိုင်ငံမှ အမျိုးသားရှာဖွေကယ်ဆယ်ရေးလုပ်ငန်းက ပြောကြားသည်။

အကြီးမားဆုံး ကယ်ဆယ်မှုအဖြစ် ရေယာဉ် ၁၅ စင်းပေါ်တွင် ပါဝင်သည့် ရွှေ့ပြောင်းအခြေချနေထိုင်သူ ၂၆၂ ဦးအား ဂျီဘရော်လ်တာ ရေလက်ကြားတွင် ကယ်ဆယ်ခဲ့ရကြောင်း၊ အခြား ၂၇ ဦးကို မြေထဲပင်လယ်ရှိ စပိန်နှင့် မော်ရိုကိုနိုင်ငံကြား ရေပြင်တွင် ရှာဖွေတွေ့ရှိရပြီး အခြား ၁၂၉ ဦးကျော်ကို အတ္တလန္တိတ်သမုဒ္ဒရာ ကနေရီကျွန်း ကမ်းလွန်တွင် ရှာဖွေကယ်ဆယ်ခဲ့ရသည်ဟု စပိန်အမျိုးသားရှာဖွေကယ်ဆယ်ရေးလုပ်ငန်းမှ ဆယ်ဗာမင်တို မာရီတီမိုက ပြောကြားသည်။

လွန်ခဲ့သော ခြောက်ရက်ခန့်က စပိန်နိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့သို့ ရေယာဉ်သုံးစင်းဖြင့် ရွှေ့ပြောင်းအခြေချနေထိုင်သူ ၆၃၀ တို့ ဆိုက်ရောက်ခဲ့ပြီးနောက်တွင် အဆိုပါ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အစိုးရမဟုတ်သော ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ အကွာရီးယပ်စ်အမည်ရှိသော ရေယာဉ်က အဆိုပါ ရွှေ့ပြောင်းအခြေချသူများအား လစ်ဗျားနိုင်ငံ ကမ်းလွန်ဒေသတွင် ကယ်ဆယ်ရရှိခဲ့ပြီး အီတလီအစိုးရနှင့် မော်လတာအစိုးရများက အဆိုပါရေယာဉ်များ ကမ်းကပ်ခွင့်ကို ငြင်းပယ်ခဲ့သည်။

ဂျာမနီနိုင်ငံ ဥရောပသမဂ္ဂ ထိပ်သီးအစည်းအဝေးငယ် တစ်ရပ်ကို လာမည့်ဇွန် ၂၄ ရက်တွင် ကျင်းပကာ ရွှေ့ပြောင်းအခြေချနေထိုင်သူများအရေးကို ဆွေးနွေးရန် တောင်းဆိုခဲ့သည်။

စပိန်နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အီတလီနှင့် ဂရိနိုင်ငံတို့နောက်တွင် ရွှေ့ပြောင်းအခြေချနေထိုင်သူတို့ အကြား၌ တတိယမြောက် လူကြိုက်များသည့် နိုင်ငံအဖြစ် လွန်ခဲ့သည့်နှစ်က ရပ်တည်ခဲ့သည်။ **အေအက်ဖ်ပီ**



# ပြုံယမ်းအား စီးပွားရေးပိတ်ဆို့မှု အမေရိကန် တစ်နှစ်တိုးမြှင့်ချမှတ်

**ဝါရှင်တန် ဇွန် ၂၃**

အမေရိကန်အစိုးရအဖွဲ့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို တစ်နှစ်တိုင်တိုင် အချိန်တိုးမြှင့်ချမှတ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဇွန် ၂၃ ရက်တွင် ကွန်ဂရက်၌ ပြောကြားခဲ့ကြောင်း သိရသည်။

**တိုးမြှင့်ချမှတ်**

၂၀၀၈ ခုနှစ်မှစပြီး မြောက်ကိုရီးယားနိုင်ငံအား အမေရိကန်နိုင်ငံက စီးပွားရေးပိတ်ဆို့မှုများ စတင်ချမှတ်ခဲ့ပြီး တစ်နှစ်တစ်ကြိမ် ပိတ်ဆို့မှုသက်တမ်းများကိုလည်း တိုးမြှင့်ချမှတ်ခဲ့ကြောင်း သိရသည်။

ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နည်းပညာမြင့် ဗုံးကျည်များ အဆမတန်တိုးပွားမှု အန္တရာယ်နှင့် မြောက်ကိုရီးယား အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များနှင့် ၎င်း၏မူဝါဒများသည် အမေရိကန်လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည်ဟု သမ္မတထရန့်က ဆိုသည်။

**ဖိအားပေးရန်မရှိ**

ပြုံယမ်းအပေါ် ယခုချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို ဆက်လက်ထိန်းသိမ်းထားမည် ဖြစ်သော်လည်း ဖိအားအများအပြားပေးရန် အစီအစဉ်မရှိကြောင်း ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းဝေးမတိုင်မီ သမ္မတထရန့်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိုင်အက်စ်တို့သိမ်းယူထားသည့် ဆီးရီးယားအရှေ့ပိုင်းရှိ မြို့အား အမေရိကန်ဦးဆောင်၍ လေကြောင်းမှ တိုက်၊ အရပ်သား ခုနစ်ဦးသေဆုံး

**ဒမတ်စကတ် ဇွန် ၂၃**

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်း ဒီယာအယ်လ်ဇောပြည်နယ်ရှိ မြို့တစ်မြို့အား အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ရာ အရပ်သား ခုနစ်ဦးနှင့် အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)စစ်သွေးကြွ ၁၄ ဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားအရေး လေ့လာစောင့်ကြည့်သည့်အဖွဲ့တစ်ဖွဲ့က ဇွန် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒီယာအယ်လ်ဇောပြည်နယ် ကျေးလက်ဒေသပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများ သိမ်းယူထားသည့် အနည်းငယ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည့် ရှုဖာမြို့အား လွန်ခဲ့သော ၂၄ နာရီအတွင်းက အမေရိကန်ဦးဆောင်သည့် အဖွဲ့က လေကြောင်းမှ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း လန်ဒန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ပြောကြားခြင်းဖြစ်သည်။

ယင်းလေကြောင်းမှ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူများထဲတွင် ဒဏ်ရာပြင်းထန်စွာရရှိသူများ အများအပြားရှိခြင်းကြောင့် သေဆုံးရသူဦးရေမှာ မြင့်တက်လာဖွယ်ရှိကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ဒီဟာအယ်လ်ဇောပြည်နယ်တွင် အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် လူရှစ်ဦးထက်မနည်း သေဆုံးရကြောင်း ဆီးရီးယားအစိုးရပိုင် ဆာနားသတင်းဌာနက သတင်းထုတ်ပြန်သည်။



ယင်းလေကြောင်းမှ တိုက်ခိုက်မှုကြောင့် ရှုဖာမြို့ရှိ လူနေအိမ်ခြေများနှင့် အခြေခံအဆောက်အအုံများ အဓိကပျက်စီးခဲ့ရသည်ဟု ဆာနားသတင်းတွင် ဖော်ပြသည်။

အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့၏ လေကြောင်းမှတိုက်ခိုက်မှုသည် အရပ်သားများကို ပစ်မှတ်ထားလုပ်ဆောင်နေကြောင်း၊ ဆီးရီးယားနိုင်ငံတွင်း၌ အမေရိကန်က တရားမဝင်သော စစ်ရေးအရ တိုက်ခိုက်မှုများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ဆီးရီးယားအစိုးရက ထပ်ကာတလဲလဲ စွပ်စွဲပြောကြားခဲ့သည်။

ယခုနှစ် ဇွန်လဆန်းကတည်းကပင် အမေရိကန်ဦးဆောင်သည့်ညွန့်ပေါင်းအဖွဲ့က ဒီဟာအယ်လ်ဇောပြည်နယ်တွင် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် အရပ်သား ၆၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဆီးရီးယားအစိုးရပိုင် ဆာနားသတင်းတွင် ဖော်ပြသည်။

ဒီဟာအယ်လ်ဇောပြည်နယ်နှင့် ၎င်း၏ကျေးလက်တောနက် တစ်ခွင်တစ်ပြင်ရှိ ကြီးမားသော နယ်မြေအစိတ်အပိုင်းကို အီရန်က လိုလားထောက်ခံသည့် လက်နက်ကိုင်အဖွဲ့များ၏အကူအညီဖြင့် ဆီးရီးယားစစ်ဘက်က သိမ်းယူထားစဉ်တွင် ယူဖရေးတီးမြစ် အရှေ့ဘက်ကမ်းရှိ အိုင်အက်စ်စစ်သွေးကြွများ၏နောက်ဆုံးခြေကုပ်စခန်းကို သိမ်းပိုက်နိုင်ရေးအတွက် အမေရိကန်က ထောက်ပံ့ပေးထားသည့် ဆီးရီးယား ဒီမိုကရက်တစ် လက်နက်ကိုင်အဖွဲ့က ကြိုးပမ်းနေသည်။ **ဆင်ဟွာ**

## ကမ္ဘာ့ဖလားအားကစားသတင်းများ

# အင်္ဂလန်နဲ့ ဂျပန်တို့ ရလဒ်ကောင်းမယ့် အုပ်စုအဆင့် ဒုတိယပွဲစဉ်များ

**ဒီနေ့ညပိုင်းမှာ ယှဉ်ပြိုင်ကစားမယ့် ပွဲစဉ်တွေထဲမှာ အုပ်စုအဆင့်ကနေ နောက်တစ်ဆင့်တက်ဖို့အခွင့်အရေးကောင်းတွေပိုင်ဆိုင်နေတာကတော့ အုပ်စု(G)မှာ အင်္ဂလန်နဲ့ အုပ်စု(H)မှာဆိုရင် ဂျပန်အသင်းတို့က အခွင့်သာနေပြီး အဲဒီပွဲစဉ်တွေထဲက အင်္ဂလန်နဲ့ ပနားမား၊ ဂျပန်နဲ့ ဆီနီဂေါ၊ ပိုလန်နဲ့ ကိုလံဘီယာ စတဲ့အသင်းတွေနဲ့ ပတ်သက်ပြီး ဖော်ပြပေးသွားမှာဖြစ်ပါတယ်။**

### အင်္ဂလန်-ပနားမား — ည ၆း၃၀ နာရီ၊ ၂၄-၆-၂၀၁၈

အင်္ဂလန်အသင်းဟာ ဒီအုပ်စုမှာ တူနီးရှားကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရထားတာကြောင့် အခုပနားမားအသင်းနဲ့ ပွဲစဉ်မှာ အနိုင်ရခဲ့ရင် နောက်တစ်ဆင့်တက်လှမ်းဖို့ အခွင့်အရေးရရှိမှာဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ အနိုင်သုံးမှတ်အပြည့်ရထားတာဖြစ်ပြီး ပနားမားအသင်းဟာ ရမှတ်ရယူထားနိုင်ခြင်းမရှိဘဲ အုပ်စုမှာ အောက်ဆုံးကို ရောက်ရှိနေပါတယ်။ အင်္ဂလန်အသင်း နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေကျထားသလို အဲဒီငါးပွဲမှာ ဂျာမနီနဲ့ ဘရာဇီးကိုတောင် သရေရလဒ်ထွက်ပေါ်အောင် ကစားထားနိုင်တာကိုလည်း သတိပြုရမှာပါ။ ပနားမားအသင်းကတော့ အခုကမ္ဘာ့ဖလားမှာ ဘယ်လ်ဂျီယံအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်အပါအဝင် နောက်ဆုံးငါးပွဲမှာ နှစ်ပွဲသာ နိုင်ပွဲရရှိထားတဲ့အသင်းလည်း ဖြစ်ပါတယ်။ အခုလက်ရှိ ခြေစွမ်းပိုင်းမှာလည်း အင်္ဂလန်အသင်းနဲ့ ပနားမားအသင်းတို့ရဲ့ ခြေစွမ်းဟာ ကွာဟမှုရှိနေတာကြောင့် အခုကမ္ဘာ့ဖလားမှာ ခြေစွမ်းပြနေတဲ့ ဟယ်ရီကိန်းရဲ့ ခြေစွမ်းကို ထပ်မံမြင်တွေ့ရဖို့ရှိနေပြီး အင်္ဂလန်အသင်းကပဲ နိုင်ပွဲရယူသွားမယ့်အခြေအနေ ရှိနေပါတယ်။

### ဂျပန်-ဆီနီဂေါ — ည ၉း၃၀ နာရီ၊ ၂၄-၆-၂၀၁၈

ဒီနေ့ညပိုင်းမှာ ယှဉ်ပြိုင်ကစားမယ့် ပွဲစဉ်သုံးခုမှာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားဖို့ ရှိနေတာကတော့ ဂျပန်အသင်းနှင့် ဆီနီဂေါအသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျပန်အသင်းဟာ အုပ်စုအဆင့်အဖွင့်ပွဲစဉ်မှာ ကိုလံဘီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး အနိုင်သုံးမှတ်အပြည့်ရယူထားနိုင်ခဲ့သလို ဆီနီဂေါအသင်းကလည်း ပိုလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားတာကြောင့် ယုံကြည်မှုအပြည့်အဝရှိနေတဲ့အသင်းလည်းဖြစ်ပါတယ်။ ဂျပန်အသင်းဟာ ကစားသမားစုဖွဲ့မှုကောင်းသလို နောက်ဆုံးငါးပွဲမှာလည်း သုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။ ဆီနီဂေါအသင်းကတော့ နောက်ဆုံးငါးပွဲမှာ လေးပွဲအထိ အနိုင်ရရှိထားတဲ့အပြင် ရှုံးပွဲမရှိ စွမ်းဆောင်ထားနိုင်ခဲ့တာကြောင့် ဂျပန်အသင်းကို အကောင်းဆုံးကျော်ဖြတ်နိုင်မယ့်အနေအထားကို ရောက်ရှိနေပါတယ်။ ဒါပေမယ့် ကစားသမားစုဖွဲ့မှုကောင်းတဲ့ ဂျပန်ကို အနိုင်ကစားနိုင်မလားဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာပါ။

### ပိုလန်-ကိုလံဘီယာ — နံနက် ၀၀း၃၀ နာရီ၊ ၂၅-၆-၂၀၁၈

ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံနေတဲ့ ပွဲစဉ်ဟာ နှစ်သင်းစလုံးရမှတ်ရရှိထားတာမရှိတဲ့အတွက် ပိုပြီးစိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒီအုပ်စုမှာ ဂျပန်အသင်းနဲ့ ဆီနီဂေါအသင်းတို့ဟာ သုံးမှတ်စီပိုင်ဆိုင်ထားပေမယ့် အုပ်စုအဆင့်အဖွင့်ပွဲစဉ်မှာ ပိုလန်ရော ကိုလံဘီယာပါ ပြိုင်ဘက်အသင်းတွေကို ရှုံးနိမ့်ခဲ့တာကြောင့် ကမ္ဘာ့ဖလားအုပ်စုအဆင့်ရဲ့ ပထမဆုံးသောနိုင်ပွဲတစ်ပွဲ ရရှိဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ပိုလန်အသင်းမှာ လီဝန်ဒိုစကီးလို တိုက်စစ်ပိုင်းစွမ်းဆောင်ရည်မြင့်မားတဲ့ ကစားသမားရှိနေသလို ကိုလံဘီယာမှာလည်း ၂၀၁၄ ကမ္ဘာ့ဖလားမှာ ရွှေဖိနပ်ဆုရရှိထားတဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်နဲ့ ဖယ်လ်ကာအိုတို့ရှိနေခြင်းကလည်း ဒီကစားသမားနှစ်ဦးအတွက် ပြိုင်ဆိုင်မှုလို့ ဆိုရမှာပါ။ ပိုလန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားသလို ကိုလံဘီယာအသင်းကတော့ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ အနိုင်ရရှိထားပြီး တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ပိုလန်အသင်းရဲ့ ခြေစွမ်းက ကိုလံဘီယာကို ကျော်ဖြတ်နိုင်မယ့် ခြေစွမ်းမျိုးလို့ ဆိုရမှာပါ။ ဒါပေမယ့် ဒီနှစ်သင်းရဲ့ထိပ်တိုက်တွေ့ဆုံမှုကို ကြည့်မယ်ဆိုရင်တော့ ၂၀၀၆ ခုနှစ်က တစ်ကြိမ်တွေ့ခဲ့ရာမှာတော့ ကိုလံဘီယာအသင်းက အနိုင်ရရှိခဲ့တာမို့ ဆုံးဖြတ်ရခက်မယ့်ပွဲစဉ်တစ်ပွဲဖြစ်ပြီး ရမှတ်မရှိသေးဘဲ အနိုင်သုံးမှတ်အလိုရှိနေတဲ့ အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုဖြစ်တာကြောင့် ကိုလံဘီယာက အသာစီးရယူသွားဖို့ရှိနေပါတယ်။



# ဆွစ်ဇာလန်အသင်း ၁၆ သင်းအဆင့်တက်လှမ်းဖို့ နီးစပ်လာ

ဆွစ်ဇာလန်အသင်းဟာ အုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဆားဘီးယားအသင်းနဲ့ ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ၁၆ သင်းအဆင့်တက်လှမ်းဖို့ နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

ဆားဘီးယားအသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ရဲ့ ပွဲစဉ်မှာ ဆားဘီးယားအသင်းက ပွဲကစားချိန် ၅ မိနစ်မှာ မီထရိုဗစ်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့သော်လည်း ဆွစ်ဇာလန်အသင်းမှာ ပွဲကစားချိန် ၅၂ မိနစ်တွင် ဇာကာက လည်းကောင်း၊ ပွဲကစားချိန် မိနစ် ၉၀ တွင် ရှာကီရီကလည်းကောင်း အသီးသီး ဂိုးများသွင်းယူနိုင်ခဲ့တာကြောင့် ဆွစ်ဇာလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

အဲဒီအုပ်စုမှာ ဘရာဇီးအသင်းဟာ ရမှတ်တူ ဂိုးကွာခြားချက်နဲ့ အုပ်စုကို ထိပ်ဆုံးကဦးဆောင်နေပြီး ဆွစ်ဇာလန်အသင်းကတော့ အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ဆားဘီးယားအသင်းကတော့ ဆွစ်ဇာလန်အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း ကော်စတာရီကာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာကြောင့် အုပ်စုအဆင့်မှာ တတိယနေရာက ရပ်တည်နိုင်ခဲ့ပေမယ့် ကော်စတာရီကာအသင်းကတော့ ရမှတ်တစ်မှတ်မှရရှိထားခြင်း မရှိသေးပါဘူး။

# ဘယ်လ်ဂျီယံက တူနီးရှားကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ

ဘယ်လ်ဂျီယံအသင်းနှင့် တူနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလား အုပ်စုအဆင့် ဒုတိယပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းက တူနီးရှားအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းသည် လူကာကူ၊ ဒီဘရိုင်း၊ ဟာဇက်၊ ဝှစ်ဆယ်စသည့် ကစားသမားများကို အဓိကထားပွဲထွက်လာခဲ့ပြီး ၄-၂-၃-၁ ပုံစံဖြင့်လည်းကောင်း၊ တူနီးရှားအသင်းမှာ ၄-၃-၃ ပုံစံဖြင့်လည်းကောင်း ပွဲထွက်လာခဲ့သည်။

ဘယ်လ်ဂျီယံအသင်းနှင့် တူနီးရှားအသင်းတို့၏ ပွဲစဉ်တွင် ပွဲကစားချိန် ၆ မိနစ်တွင် ရရှိခဲ့သည့် ပင်နယ်တီသွင်းဂိုးဖြင့် ဦးဆောင်ဂိုး စတင်ရရှိခဲ့သည်။ အဆိုပါသွင်းဂိုးကို အေဒင်ဟာဇက်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် တိုက်စစ်မှူး လူကာကူက ပွဲကစားချိန် ၁၆ မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့ပြီး တူနီးရှားအသင်းက ပွဲကစားချိန် ၁၈ မိနစ်တွင် ဒိုင်လန်ဘရောင်း၏ သွင်းဂိုးဖြင့် ချေပဂိုးရရှိခဲ့သည်။

သို့ရာတွင် ဘယ်လ်ဂျီယံအသင်းမှာ ပွဲကစားချိန် ၄၅ မိနစ်တွင် လူကာကူကလည်းကောင်း၊ ပွဲကစားချိန် ၅၁ မိနစ်တွင် အေဒင်ဟာဇက်ကလည်းကောင်း၊ ပွဲကစားချိန် မိနစ် ၉၀ တွင် ဘတ်ရှူယာယီကလည်းကောင်း ဘယ်လ်ဂျီယံအသင်းအတွက် ဂိုးများသွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် တူနီးရှားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို နာကျင်အချိန်ပိုတွင် ကာဇရီက ထပ်မံသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဘယ်လ်ဂျီယံအသင်းက တူနီးရှားအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံအသင်းသည် ယခုတူနီးရှားအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် နောက်တစ်ဆင့်တက်လှမ်းရန် သေချာသွားခဲ့ပြီဖြစ်ပြီး တူနီးရှားအသင်းမှာလည်း နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် ပြိုင်ပွဲကို နှုတ်ဆက်ထွက်ခွာရတော့မည်ဖြစ်သည်။ ယခုပွဲတွင် ဘယ်လ်ဂျီယံအသင်းအတွက် နှစ်ဂိုးသွင်းယူပေးခဲ့သည့် လူကာကူမှာ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒို၏ သွင်းဂိုးလေးဂိုးနှင့် တူညီသွားခဲ့ပြီဖြစ်သည်။

ငွေကြယ် - ရေးသားသည်




# ကမ္ဘာ့ဖလားတွင် ဆက်လက်ကစားခွင့်ရရေး အာဂျင်တီးနားအသင်း ပြင်ဆင်

အာဂျင်တီးနားအသင်းသည် လက်ရှိအုပ်စုအဆင့်တွင် တစ်မှတ်သာရရှိထားသော်လည်း နိုင်ဂျီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်တွင် ဂိုးပြတ်နိုင်ပွဲရယူပြီး ကမ္ဘာ့ဖလားတွင် ဆက်လက်ကစားခွင့်ရရှိရေးအတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

နိုင်ဂျီးရီးယားအသင်းသည် အိုက်စလန်အသင်းနှင့် ပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် အုပ်စုအဆင့်တွင် ဒုတိယနေရာက ရပ်တည်နိုင်ခဲ့သော်လည်း နိုင်ဂျီးရီးယားနှင့် ပွဲစဉ်တွင် အနိုင်ရရှိပါက အာဂျင်တီးနားအသင်းက နောက်တစ်ဆင့်တက်လှမ်းနိုင်မည့်အခွင့်အရေးတစ်ရပ်ရရှိနိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်း သိရသည်။

အုပ်စုတွင် ထိပ်ဆုံး၌ရပ်တည်လျက်ရှိသည့် ခရိုအေးရှားအသင်းသည် အိုက်စလန်အသင်းနှင့် ကစားရမည်ဖြစ်သော်လည်း အဆိုပါပွဲစဉ်တွင်ထွက်ပေါ်လာမည့် အိုက်စလန်၏ ရလဒ်ထက် ပိုကောင်းသော ရလဒ်တစ်ခုကို ရယူနိုင်မည်ဆိုပါက အာဂျင်တီးနားအသင်းမှာ ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

# မိုးညှင်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် တူမီးသေနတ်တစ်လက် သိမ်းဆည်းရမိ



**မိုးညှင်း ဇွန် ၂၃**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်မွန်းကျေးရွာအနီး ဆင်ခေါင်းတောင်ခြေရှိ လယ်တဲအတွင်း မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ငွေကျပ် သိန်း ၂၄၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် တူမီးသေနတ်တစ်လက်တို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၂ ရက် ညနေ ၄ နာရီက ကချင်ပြည်နယ် မူခင်းနှိမ်နင်းရေးအကူဌာနစိတ်မှ ရဲအုပ်အောင်ဆန်းဝင်းနှင့် တပ်ဖွဲ့ဝင်များသည် နန့်မွန်းကျေးရွာအနီး ဆင်ခေါင်းတောင် တောင်ခြေရှိ ဦးပွားမောင်၏ လယ်တဲကို ဝင်ရောက်ရှာဖွေရာ ဦးပွားမောင်နှင့် ဇနီး ဒေါ်ခင်ဌေးတို့အား လယ်တဲအတွင်း အသင့်တွေ့ရပြီး ဦးပွားမောင် ကိုင်ဆောင်သည့် အရှည် လေးပေခန့်ရှိ သစ်သားကိုယ်ထည်တွင် သံပြောင်း တပ်ဆင်ထားသည့် တူမီးသေနတ် တစ်လက်၊ တဲပေါ်ရှိ ကြပ်ခိုးစင်ပေါ်မှ ဘိန်းဖြူဟုယူဆရသည့် ဖြူ/ဝါ မှုန့် အလေးချိန် ၁၁ ဂရမ်စီပါ ဆပ်ပြာခွက် ၁၆၅ ခွက် စုစုပေါင်း အလေးချိန် ၁၈၁၅ ဂရမ်အားလည်းကောင်း၊ တဲ၏အရှေ့ဘက် ပေ ၂၀ ခန့်အကွာရှိ ကောက်ရိုးပုံအတွင်းမှ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ စီပါ အထုပ် ၂၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၀ အား ရှာဖွေတွေ့ရှိခဲ့သဖြင့် သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများမှာ နန့်မွန်းကျေးရွာအနောက်ပိုင်းနေ ၎င်းတို့၏ သမီး ဒေါ်ချိုချိုဝင်းက သုံးစွဲရန်နှင့် ရောင်းချရန် အပ်နှံထားသည့် ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ဒေါ်ချိုချိုဝင်း၏နေအိမ်ကို သွားရောက်ရှာဖွေရာ ဒေါ်ချိုချိုဝင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ထို့ကြောင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူ ဦးပွားမောင် ၅၆ နှစ်၊ ဒေါ်ခင်ဌေး ၅၅ နှစ်နှင့် ဒေါ်ချိုချိုဝင်း ၃၀ နှစ် နန့်မွန်းကျေးရွာ မိုးညှင်းမြို့နယ် နေထိုင်သူတို့အား လုံးတိုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝ၅၈**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂၃**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကိုဖွင့်လှစ်၍ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၉ စီး၊ သွင်းကုန် ၉၉၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန်အစီး ၁၅၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၁ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ဝ၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် AD VAN ယာဉ်တစ်စီးကို မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်နောက် ထိုင်ခုံအောက်တွင် အံဝှက်ပြုလုပ်၍ လည်းကောင်း၊ ယာဉ်၏ စပယ်ယာဘီးအတွင်း သို့ဝှက်၍လည်းကောင်း သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဖြတ်စဆိုဒ်စုံ ၃၈၂ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၁ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငွေကျပ်သိန်း ၈၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကသာ ဇွန် ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် မော်လူးမြို့အတွင်းမှ ငွေကျပ် ၈၇၅၀၀၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၂ ရက် ည ၁၀ နာရီခွဲခန့်တွင် မော်လူးနယ်မြေရဲစခန်းမှ ဒု-ရဲအုပ်သက်ဦးမောင် ဦးစီးသောရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် မော်လူးမြို့ မင်းသစ္စာရပ်ကွက်ရှိ ဟဲနုတောင်ကုန်းအနီးရှိ စိုးထွန်းဦးအား စစ်မေးရှာဖွေရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ ဘိန်းဖြူ ၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၀ (စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၈၇၅၀၀၀၀)စစ်ဆေးတွေ့ရှိရသဖြင့် မော်လူးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။
**လူအောင်(ကသာ)**

# မသင်္ကာသူကို ဖမ်းဆီးစစ်ဆေးရာမှ လုယက်မှု ခြောက်မှု ဖော်ထုတ်ရရှိ

**ရန်ကုန် ဇွန် ၂၃**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းဖော်ထုတ်ရေးတပ်ဖွဲ့ဝင်များက လုယက်မှုကျူးလွန်ထားကြောင်း မသင်္ကာသူ လှိုင်သာယာမြို့နယ် အမှတ် ၁၆ ရပ်ကွက်နေ မြင့်လွင်(ခ)ပိုးကောင် ၂၁ နှစ်အား ဖမ်းဆီးစစ်ဆေးရာမှ လုယက်မှု ခြောက်မှု ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

**စစ်ဆေးပေါ်ပေါက်**

မြင့်လွင်(ခ)ပိုးကောင်အား စစ်ဆေးရာ ၎င်းသည် ရှိုင်းထက်အောင်(ခ)အသေးလေး၊ မျိုးကိုတို့နှင့်အတူ ဆိုင်ကယ်အား သုံးယောက်စီး၍ ၂၀၁၈ ခုနှစ် ဧပြီ၊ မေလအတွင်း လှိုင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ လှိုင်သာယာမြို့နယ်များအတွင်း အမျိုးသမီးများထံမှ ဆွဲကြိုးများ လုယက်ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

**ဖမ်းဆီးရမိရေး**

ပေါ်ပေါက်ချက်များအရ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ မြင့်လွင်(ခ)ပိုးကောင်အား လှိုင်သာယာမြို့နယ်၊ အင်းစိန်မြို့မရဲစခန်းနှင့် ပိတောက်ချောင်း၊ ဘုရင့်နောင်နယ်မြေရဲစခန်းတို့တွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ရှိုင်းထက်အောင်(ခ)အသေးလေးနှင့် မျိုးကိုတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။
**သတင်းစဉ်**



# မုံရွာ၌ လူမှုကူညီရေးယာဉ်တစ်စီး မီးလောင်

**မုံရွာ ဇွန် ၂၃**
မုံရွာမြို့မှ ခင်မွန်ကျေးရွာဘက်သို့မောင်းလာသော ခင်မွန်ရွာ မြတ်သုခ လူမှုကူညီရေးအသင်းယာဉ်တစ်စီးမှာ ယနေ့ မွန်းတည့် ၁၂ နာရီက ကြေးမုံရွာအနီးတွင် မီးလောင်မှုဖြစ်ပွားရာ ယာဉ်ပေါ်ပါလာသူ လေးဦးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း မုံရွာမြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးညီညီဇော်ထံမှ သိရသည်။

မီးလောင်မှုမှာ လူမှုကူညီရေးယာဉ်၏အင်ဂျင်မှရှော့ဖြစ်ကာ မီးစတင်လောင်ပြီး နာရီဝက်အကြာတွင် မီးငြိမ်းသွားကြောင်း သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**

# မင်းဘူး-အမ်း ကားလမ်း၌ ခိုင်းနွား ၂၂ ကောင် တရားမဝင်သယ်လာသူများအား ဖမ်းဆီး

**ငဖဲ ဇွန် ၂၃**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် မင်းဘူး-အမ်း ကားလမ်းမပေါ်တွင် ၁၂ ဘီးယာဉ်ဖြင့် တရားမဝင် သယ်ဆောင်လာသည့် ခိုင်းနွား ၂၂ ကောင်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ စစ်ဆေးရေးအဖွဲ့များက ဇွန် ၂၂ ရက် နံနက် ၂ နာရီခွဲခန့်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ် ၃၃/၃ နှင့် ၃၃/၄ ကြားရှိ ဆယ်စုသစ်ဆီဆိုင်ရှေ့တွင် မင်းဘူးခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့နှင့် ပဒါန်းရဲကင်းစခန်းမှူးတို့က သက်သေများနှင့်အတူ သတင်းအရ စောင့်ဆိုင်းနေစဉ် မင်းဘူး-အမ်းကားလမ်းအတိုင်း မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးနှင့် ၁၂ ဘီးယာဉ် တစ်စီးတို့အား ရပ်တန့်စစ်ဆေးခဲ့ကြောင်း သိရသည်။

တရားမဝင်နွားများ သယ်ဆောင်ရာတွင် ဆိုင်ကယ်နှစ်စီးဖြင့်လိုက်ပါလာသူ ဦးမောင်လှဦးနှင့် ချမ်းအေး၊ နွားသယ်လာသည့် ၁၂ ဘီးယာဉ်မောင်း စိုးကိုကို၊ ယာဉ်နောက်လိုက် ငွေသိန်း၊ ဇော်လင်းဦး၊ ခင်မောင်ထူးတို့ ခြောက်ဦးအား ငဖဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

# ပုသိမ်မြို့၌ ၅၀၀၀ တန်နှင့် ၁၀၀၀၀ တန် ငွေစက္ကူအတုများ သိမ်းဆည်းရမိ

**ပုသိမ် ဇွန် ၂၃**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ BT စားသောက်ဆိုင်၌ ဇွန် ၂၂ ရက်က ငွေကျပ် ၅၀၀၀ တန်နှင့် ငွေကျပ် ၁၀၀၀၀ တန် ငွေစက္ကူအတုများ သုံးစွဲနေကြောင်း သတင်းအရ ပုသိမ်နယ်မြေရဲစခန်းမှ ဒု-ရဲအုပ် ကျော်စိုးအောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့က ဝင်ရောက်ရှာဖွေရာ ညီညီအောင် ၈ ရပ်ကွက် ဗိုလ်ကြီးကုန်းနေသူနှင့် အောင်နိုင်ဝင်း အောင်သိဒ္ဓိ ၃ လမ်းနေသူတို့ နှစ်ယောက်အား စစ်ဆေးရာ ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသော ငွေကျပ် ၅၀၀၀ တန် ငွေစက္ကူအတု ၉၉ ရွက်၊ ငွေကျပ် ၁၀၀၀၀ တန် ငွေစက္ကူအတု ၁၂ ရွက် စုစုပေါင်း ငွေကျပ် ၆၁၅၀၀၀ အား တွေ့ရှိသဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး၊ ဆက်စပ်တရားခံများအား ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၄-၆-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | လေ့လာစရာစုံလင်အမိ မြန်ပြည်တစ်ခွင်"ထူးမြတ်သာယာ လက်ဆေးကန်တော်မဟာ" |
| ၈း၃၅ | "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၆၄) |
| ၈း၅၀ | "လူငယ်နှင့်မူးယစ်ဆေးဝါးကဏ္ဍ" (လူငယ်များကပြောသော လူငယ်စကားများ)(အပိုင်း-၁) |
| ၉း၁၀ | ဇာတ်လမ်းအတိုအထွာပြုံးစရာ "ပြုံးပြုံးလေး" (ဆလိုင်းလွမ်း၊ အောင်ကျော်ကျော်၊ ကံမိုးဆန်း၊ သဲဆုဇော်) (ဒါရိုက်တာ -ဆလိုင်းမျိုးဝင်းအောင်) |
| ၉း၂၀ | "ငွေခေတ်သူရဲကောင်းများ" (အပိုင်း-၁) |
| ၉း၄၀ | MRTV Travelogue |
| ၁၀း၀၀ | Sunday Talk |
| ၁၀း၃၀ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၀၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၁၁း၁၅ | ကဗျာရိပ်မြုံ "ဆရာဘယ်သူလဲ" |
| ၁၁း၃၀ | ကျန်းမာရေးမဂ္ဂဇင်း "လေဖြတ်ရောဂါအကြောင်း သိကောင်းစရာ" (အပိုင်း-၂) |
| ၁၂း၃၀ | This Week's Special Interest |
| ၁၂း၄၅ | မြန်မာ့ဂန္ထဝင်ရုပ်ရှင် "ကိုကို့ညီမ" (ကျော်ဟိန်း၊ တင်တင်ညို၊ တင်နီလာဝင်း) (ဒါရိုက်တာ - ပန်းချီစိုးမိုး) |
| ၁၅း၀၀ | Sunday Talk |

**ညပိုင်း**

| | |
|---|---|
| ၁၅း၄၅ | Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (GFA FC Vs Rakhine United FC) |
| ၁၈း၂၀ | လေ့လာစရာစုံလင်အမိ မြန်ပြည်တစ်ခွင် "ကရင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ရှိရာဆီ" (ပြတိုက်) |
| ၁၈း၄၀ | "အနောက်ဘက်တံခါးသို့ ခရီးတစ်ခေါက်" |
| ၁၉း၁၅ | "ဒိမိုကရေစီစိတ်ထား"(အပိုင်း-၂) |
| ၁၉း၅၀ | "မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်အသင်း ခရီးသွားကျန်းမာရေးဝန်ဆောင်မှု" |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ" |
| ၂၀း၃၅ | လူငယ်နှင့်မူးယစ်ဆေးဝါးကဏ္ဍ (လူငယ်များကပြောသောလူငယ်စကားများ) (အပိုင်း-၂) -"In & Out"(Taiwan ခရီးစဉ်) (အပိုင်း-၅) (လေးဖြူနှင့်အဖွဲ့) -"ရာမယဏဇာတ်တော်ကြီး" (ဒုတိယပိုင်း) (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန) -" မြူမှောင်ကင်းဖျော့ လင်းရောင်မည်" (ရဲရင့်မေအောင်၊ ဝင့်ထက်ထက်) (ဒါရိုက်တာ-မောင်မျိုးသူ) (စုံနံ့သာ) |
| ၁၂း၀၀ | ၂၀၁၈ ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်" -**အစီအစဉ်ပြီး၏။** |

# လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့

ဒေါက်တာခိုင်ခိုင်ဝင်း



တိုင်းရင်းသားလူမျိုးပေါင်းစုံမှီတင်းနေထိုင်ရာ ကျွန်ုပ်တို့ အမိမြန်မာနိုင်ငံတော်ကြီးတွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အကြားရှိ လူငယ်ဦးရေ စုစုပေါင်းမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ နိုင်ငံရှိ စုစုပေါင်း လူဦးရေ၏ ၃၅ ဒသမ ၃၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံတွင်းရှိ စုစုပေါင်း လူဦးရေ၏ သုံးပုံတစ်ပုံကျော်သည် လူငယ်များဖြစ်ကြပါသည်။ နိုင်ငံလူဦးရေ၏သုံးပုံတစ်ပုံ ကျော်သောလူငယ်ထုအင်အားဖြင့် နိုင်ငံ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးကဏ္ဍများတွင် ထိရောက်စွာ ပါဝင်လာရေး နိုင်ငံတော်အစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်ခဲ့သည့် ရလဒ်အနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ၂၀၁၈ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် မြန်မာနိုင်ငံလူငယ်ရေးရာ မူဝါဒကို မိတ်ဆက်ဖြန့်ချိခဲ့ပါသည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့် စကားအတိုင်း ယနေ့လူငယ်ဖြစ်သူများသည် နောင်တစ်ချိန် တိုင်းပြည်တာဝန်များကို ပခုံးပြောင်းတာဝန်ယူဆောင်ရွက်ကြရမည့် လူကြီးများဖြစ်လာမည်ဖြစ်သည်။ တစ်နည်းအားဖြင့် လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူကြရမည့် ခေါင်းဆောင်လောင်းများဖြစ်ကြပါသည်။ ထို့အတွက် လူငယ်များ၏ကိုယ်ကျန်းမာ၊ စိတ်ကျန်းမာစေရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါသည်။ အထူးသဖြင့် လူငယ် ဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးအတွက် မိဘအုပ်ထိန်းသူများနှင့် ရပ်ရွာအသိုင်းအဝိုင်းတွင် အဓိကတာဝန်ရှိကြ၍ လူငယ်ဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံအနာဂတ်တည်ဆောက် ခြင်းဖြစ်သည်ဆိုခြင်းကို အားလုံးကနားလည်ထားကြရပါမည်။ လူငယ်များဘဝ ဖွံ့ဖြိုးတိုးတက်ပါမှ တိုင်းပြည်အနာဂတ်အရေး စိတ်အေးရမည်လည်းဖြစ်ပါသည်။

## အနာဂတ်ပန်းလေးများ

သို့သော်လည်း ယနေ့အချိန်တွင် နိုင်ငံ၏လူငယ်အများစုသည် မူးယစ်ဆေးဝါးအန္တရာယ်ကို နိစ္စဓူဝရင်ဆိုင်နေရသည်ကို နေ့စဉ်ထုတ်သတင်းစာများ၊ သတင်းများတွင် လူငယ်များသည် မူးယစ်ဆေးဝါး သုံးစွဲသူများအဖြစ်လည်းကောင်း၊ ဖြန့်ဖြူးရောင်းချသူများအဖြစ် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းခံနေရခြင်းများကို တွေ့မြင်သိရှိနေရပါသည်။ မူးယစ်စေတတ်သည့် ဆေးဝါးများသုံးစွဲ၍ အသိအမြင်များ ပျောက်ပြီး မွေးသမိခင်နှင့် ဖခင်တို့အား ရန်ရှာခြင်း၊ နေထိုင်ရာအိမ်ကို မီးရှို့ခြင်း၊ စိတ်ကယောင်ချောက်ချားဖြစ်ကာ နီးစပ်ရာတို့အား ရန်ပြုခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲရန် ငွေကြေးလိုအပ်နေသည့်အတွက် ခိုးမှု၊ အလစ်သုတ်မှု၊ လုယက်မှုများကို နေ့လယ်ခင်းများ၌ပင် ကျူးလွန်နေကြခြင်း စသည့်ပြစ်မှုများကို မူးယစ်ဆေးစွဲနေသူများသည် ကျူးလွန်နေမှုများရှိကြောင်းကိုလည်း နေ့စဉ်ကြားသိနေရပါသည်။ လွန်စွာမှပင်နှမြောစရာ အနာဂတ်ပန်းလေးများ အချိန်မတိုင်မီ ညှိုးရော်ခြင်းဖြစ်စဉ်များဖြစ်ပါသည်။ ငယ်ရွယ်နုပျိုသည့် လူငယ်ဘဝကို မူးယစ်စေတတ်သည့်အရာများ၊ မူးယစ်ဆေးဝါးများသုံးစွဲပြီးအချိန်ကို အကျိုးမဲ့စွာ ကုန်ဆုံးနေကြပါသည်။

မူးယစ်ဆေး၏နောက်ဆက်တွဲဆိုးကျိုးများကို မူးယစ်ဆေးဝါးသားကောင် တစ်နည်းအားဖြင့် သုံးစွဲသူကိုယ်တိုင်သာမက ၎င်းနှင့်ဆက်နွှယ်နေသူများနှင့် ပြည်သူအများပါ ခံစားနေကြရပြီး နိုင်ငံ၏တရားဥပဒေစိုးမိုးရေးကို ထိခိုက်နေမှုများ ရှိလာနေပြီဖြစ်သည်။

## ကမ္ဘာလုံးဆိုင်ရာပြဿနာ

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ပြဿနာမဟုတ်တော့ဘဲ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်လည်းဖြစ်နေပြီဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ဆောင်ပုဒ်ဖြစ်သော "Problem of Drug is Problem of People"ဆိုသည့်အတိုင်း " မူးယစ်ဆေးဝါးပြဿနာသည် လူသားအားလုံး၏ ပြဿနာလည်း ဖြစ်လာနေပြီဖြစ်ပါသည်" သို့အတွက်ကြောင့် ဆိုးရွားလှသည့် မူးယစ်ဆေးဝါးအန္တရာယ် မိမိတို့နိုင်ငံအတွင်းရှိ လူငယ်များအတွင်း မကျရောက်စေရေးအတွက် မြန်မာနိုင်ငံအပါအဝင် ယနေ့ကမ္ဘာ့နိုင်ငံများသည် မူးယစ်ဆေးဝါးထိန်းချုပ်မှုများကို မိမိတို့ နိုင်ငံအတွင်းတွင်လည်းကောင်း၊ နိုင်ငံဖြတ်ကျော်၍ နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများဖြင့်လည်းကောင်း ကြိုးပမ်းဆောင်ရွက်နေကြသည်ကို အားတက်ဖွယ် မြင်တွေ့နေရပါသည်။

လူငယ်များမည်သည့်အတွက်ကြောင့် မူးယစ်ညွှန်တွင်းကျရောက်၊ မူးယစ်သားကောင်များ ဖြစ်ရသည်ကို လေ့လာကြည့်ရာတွင် စူးစမ်းလိုစိတ်၊ စမ်းသပ်လိုစိတ်၊ သာယာမှုလိုချင်စိတ်၊ လူမှုပတ်ဝန်းကျင်မှ ဖယ်ကြဉ်ခံထားရခြင်း၊ စိတ်ပိုင်းဆိုင်ရာအားငယ်တတ်မှု၊ မိဘများ၏ ဂရုစိုက်ခြင်းမခံရမှု၊ အပေါင်းအသင်းများကြောင့် စသည့်ဖြင့် အကြောင်းအရာမျိုးစုံကို တွေ့ရပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုသည် လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်နေသည့်အလျောက် လူငယ်ထုအတွင်း မူးယစ်သားကောင်များ များပြားလာနေပါက နိုင်ငံ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်လာနိုင်၍ နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနှောင့်ယှက်နိုင်သည်လည်းဖြစ်ပါသည်။ အထူးသဖြင့် လူငယ်ထုအင်အားများပြားသော မြန်မာနိုင်ငံအနေဖြင့် အဆိုပါအချက်ကို ဂရုပြုသတိထားမိရန် အရေးကြီးလှပါသည်။ နိုင်ငံအနာဂတ်အတွက် အားကိုးအားထားပြုရမည့် လူငယ်များ၏ အားအင်များ နိုင်ငံတော်အတွက် အသုံးမချနိုင်ဘဲဆုံးရှုံးရခြင်းများမဖြစ်ပေါ်ရေး လူငယ်များအား မူးယစ်အန္တရာယ်ဘေးမှ ကာကွယ်ပေးရမှာဖြစ်ပါသည်။

> မူးယစ်ဆေးစွဲသူ ငယ်ရွယ်သူလူငယ်များအတွက် မည်သို့မည်ပုံ ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်ကြမည်ဆိုသည့်အချက်မှာ ယနေ့ လူငယ်များ၏ လူမှုစီးပွား တိုးတက်မှု၊ နိုင်ငံ၏ လူမှုစီးပွား တိုးတက်မှုတို့နှင့် ဆက်နွှယ်လာနေပြီး အရေးကြီးသည့် အချက်လည်းဖြစ်… လူမှုကဏ္ဍအသီးသီးသို့ အကျိုးသက်ရောက်မှုများ ရှိနေသည့်အတွက် မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်သည့်နေရာတွင် ထိရောက်မှုရှိရန် အလွန်အရေးကြီး…

"Prevention is better than Cure" ဆိုသည့်စကားရပ်ရှိသည်နှင့်အညီ ကာကွယ်ခြင်းသည် ပို၍ထိရောက်မှုရှိပြီး ကုသခြင်းထက် ပိုမိုကောင်းမွန်သည့်အတွက်လူငယ်များ မူးယစ်အန္တရာယ်မှ ကင်းဝေးစေရန် ကာကွယ်ခြင်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဆိုလျှင်ဖြင့် လူငယ်များအတွက်၊ နိုင်ငံအတွက် ပိုမိုအကျိုးရှိစေမည်ဟု ယုံကြည်ပါသည်။ ကာကွယ်ခြင်းတွင် ပညာပေးခြင်းနည်းလမ်းသည် အကောင်းဆုံးဖြစ်သည်ဟုဆိုချင်ပါသည်။ မူးယစ်ညွှန်တွင်းကျရောက်ပြီး မူးယစ်သားကောင်ဖြစ်နေသူများ၏ နောက်ဆက်တွဲ ဆိုးကျိုးများအား လူငယ်ထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်နိုင်မည်ဆိုပါက လူငယ်များသည် မူးယစ်သားကောင်တစ်ယောက်၏ နောက်ဆက်တွဲ ဆိုးကျိုးများကို နားလည်သိမြင်လာပြီး စူးစမ်း စမ်းသပ်လိုစိတ်များ လျော့နည်းသွားမည်ဟု ယုံကြည်ပါသည်။ ကျောင်းသားလူငယ်များအတွက် ကျောင်းများသို့ သွားရောက်၍လည်းကောင်း၊ တက္ကသိုလ်များသို့ လည်းကောင်း၊ ရပ်ရွာအသိုင်းအဝိုင်းသို့လည်းကောင်း တာဝန်ရှိသူများနှင့်အတူ မူးယစ်သားကောင်ဖြစ်ခဲ့ရသူ ကိုယ်တိုင်မှ ၎င်းကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည်များကို လိုက်လံဆွေးနွေးဟောပြောအသိပညာပေးခြင်းများကို ဆောင်ရွက်သင့်ပါသည်။ အလားတူ မူးယစ်အန္တရာယ် ကာကွယ်ရေးအတွက် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာရသည့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများကို ကြော်ငြာ၊ ပိုစတာ၊ လက်ကမ်းစာစောင်များတွင် ရိုက်နှိပ်ဖော်ပြခြင်းဖြင့်လည်း အသိပညာဖြန့်ဝေခြင်းများ ပိုမိုဆောင်ရွက်သင့်ပါသည်။ မူးယစ်ဆေးဝါးပြဿနာသည် တစ်ဦးတစ်ယောက်၊ မိသားစုတစ်ခု၏ ပြဿနာမဟုတ် နိုင်ငံအတွင်းရှိ လူသားအားလုံး၏ပြဿနာ၊ နိုင်ငံ၏ပြဿနာဟု ခံယူထားရန် အလွန်အရေးကြီးပါသည်။ "မူးယစ်အန္တရာယ်ပြည့်ရန်စွယ်၊ ကာကွယ်တိုက်ဖျက် လက်ချင်းဆက်" ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်သူအားလုံးက ဝိုင်းဝန်း၍ လက်ချင်းဆက်ကာ စုပေါင်းအင်အားဖြင့် မူးယစ်အန္တရာယ် လူငယ်ထုအတွင်း မကျရောက်စေရေး ကာကွယ်တိုက်ဖျက်ရမည်ဖြစ်ပါသည်။

## မိဘအုပ်ထိန်းသူများ၏ အခန်းက အလွန်အရေးကြီး

ဤနေရာတွင် လူငယ်များအတွက် လက်ဦးဆရာဟုခေါ်ထိုက်ပြီး နိစ္စဓူဝ မိမိသားသမီးများနှင့် ထိတွေ့ဆက်ဆံရသည့် မိဘအုပ်ထိန်းသူများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးပါသည်။ မိဘ အုပ်ထိန်းသူများအနေဖြင့် မိမိတို့သားသမီး လူငယ်လူရွယ်များအား မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိ၊ မရှိ သိရှိနိုင်မည့် မူးယစ်ဆေးဝါးစွဲနေသူတစ်ဦး၏ လက္ခဏာများကို လေ့လာသိရှိထားရန်လိုအပ်ပါသည်။ မိဘအုပ်ထိန်းသူများသည် သားသမီးများအား လျစ်လျူရှုပစ်ပယ်ထားခြင်းမျိုး မပြုလုပ်သင့်ဘဲ အမြဲလို မျက်ခြည်မပြတ်စောင့်ကြည့်နေသင့်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသည်ဟု သံသယရှိလာပါကလည်း နားလည်သဘောပေါက်အောင်ပြောဆို၍ အမြန်ဆုံး ကုသမှုခံယူနိုင်ရေး ဆောင်ရွက်ရေးသည်လည်း လူငယ်များအား မူးယစ်အန္တရာယ်တွင်းထဲ ပိုမိုမကျရောက်စေရေး ကြိုးပမ်းဆောင်ရွက်ချက်မည်ပါသည်။

အခြားတစ်ဖက်တွင်လည်း မူးယစ်ဆေးစွဲသူ ငယ်ရွယ်သူလူငယ်များအတွက် မည်သို့မည်ပုံ ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်ကြမည်ဆိုသည့်အချက်မှာ ယနေ့လူငယ်များ၏ လူမှုစီးပွား တိုးတက်မှု၊ နိုင်ငံ၏ လူမှုစီးပွားတိုးတက်မှုတို့နှင့် ဆက်နွှယ်လာနေပြီး အရေးကြီးသည့် အချက်လည်း ဖြစ်လာနေပြီ ဖြစ်သည်။

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြန်လည်ပြင်ဆင်ပြီး ဥပဒေပြဋ္ဌာန်းခြင်းကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြုလုပ်ခဲ့သည်ကိုလည်း လေ့လာသိရှိရပါသည်။ မူးယစ်ဆေးဝါးသားကောင်တစ်ဖြစ်လဲ အနာဂတ်မဲ့နေသော လူငယ်များအတွက် အမှန်ပင် ရည်ရွယ်ချက် ကောင်းမွန်စွာဖြင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဥပမာ- ယခင်ဥပဒေပြဋ္ဌာန်းချက်တွင်မပါဝင်ခဲ့သည့် မူးယစ်ဆေးစွဲသူများအား လူမှုအကျိုးပြု ဆောင်ရွက်စေခြင်း၊ လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း စသည့်အချက်များ ပါဝင်လာခြင်းတို့ဖြစ်သည်။ မူးယစ်ဆေးဝါး ပြဿနာသည် နိုင်ငံတိုင်းလိုလိုနှင့် လူမှုကဏ္ဍအသီးသီးသို့ အကျိုးသက်ရောက်မှုများ ရှိနေသည့်အတွက် မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်သည့်နေရာတွင် ထိရောက်မှုရှိရန် အလွန်အရေးကြီးပါသည်။

## အပြန်အလှန်ဆက်နွှယ်

နိဂုံးချုပ်ဆိုရပါလျှင် နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်လောင်းများဖြစ်သည့် လူငယ်များ မူးယစ်အန္တရာယ်ကကင်းဝေးပါမှ လူငယ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်ပါသည်။ လူငယ်များဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ပါမှ နိုင်ငံတစ်ခုလုံးဖွံ့ဖြိုးတိုးတက်နိုင်မည်လည်းဖြစ်ပါသည်။ သို့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များမူးယစ်အန္တရာယ်မှကင်းဝေးရေးတို့သည် အပြန်အလှန်ဆက်နွှယ်မှုများ ရှိနေသဖြင့် မူးယစ်အန္တရာယ် နိုင်ငံအတွင်းမကျရောက်စေရေး အားလုံးတွင် တာဝန်ရှိ၍ လက်တွဲညီဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်ပါသည်။ လူသားများ အထူးသဖြင့် လူငယ်လူရွယ်များ မျိုးတုံးအညွှန့်ကျိုးစေမည့် မူးယစ်ဆေးဝါးကို တိုက်ဖျက်ထိန်းချုပ်ချေမှုန်းရေးတွင် လူမှုအဖွဲ့အစည်းများအပါအဝင် နယ်ပယ်အသီးသီးရှိ လူသားအားလုံး တည်ဆဲဥပဒေများနှင့်အညီ လက်တွဲညီစွာ တွန်းလှန်သွားရေးသည် အရေးကြီးဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သလို လူငယ်ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မူးယစ်အန္တရာယ်ကာကွယ်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံသူ နိုင်ငံသားအားလုံးက ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။






ကာတွန်း
စမ်းချောင်းကိုကိုအောင်
အောင်မယ် ခိုင်ဝေက
အထည်တွေအတွေ
ရောင်းနေပါလား....၊
ငါ့ဦးလေးဆိုင်ပါဟာ၊ဒီနေ့
သူမအားလို့ငါရောင်းပေးနေ
တာ၊
သမီးလေးဒီအင်္ကျီတစ်ထည်
ဘယ်လောက်လဲ..၊
ငါးထောင်ပါရှင့်၊
လျှော့ပါဦးကွယ်၊
တစ်ထည်မှနှစ်ထောင်
ပဲမြတ်ပါတယ်အန်တီ၊
ဒါဆို သုံးထည်ပေးကွယ်၊
ဟေ့ဟေး ငါရောင်းလိုက်
တာ၊ခြောက်ထောင်မြတ်
ပြီ၊
အရင်းငွေရော၊ယတောင်းလိုက်
ဘူးလား...၊
အဲဗျော့







# ကုန်သွယ်ရေးစစ်ပွဲ တိုက်ပွဲခေါ်သံ ညံသလေ

ကိုရင်ညြ


ဓာတ်ပုံ- Postandcourier

"ပါးကိုက်လျှင် နားကိုက်မည်" ဟူသော ထုံးကို နှလုံးမူ၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်သွယ်မှု ဆက်ဆံရေးကို ဖန်တီးကြသောအခါ 'ကုန်သွယ်ရေးစစ်ပွဲ' တည်းဟူသော ပဋိပက္ခကို ထိပ်တိုက်ရင်ဆိုင်တိုးမိတတ်ကြ၏။ သို့ဖြစ်ပေရကား ပဋိပက္ခကို လွယ်ထားကြရသည့် ကုန်သွယ်ရေးစစ်ပွဲသည် အပြစ်ကင်းသော လောကီစီးပွားရရှိရေးအတွက် ကြိုးပမ်းအားထုတ်ရန် အာသီသရှိကြသည့် ကမ္ဘာ့နိုင်ငံများအတွက် ရတက်ပွေစရာ ပြဿနာဖြစ်လာရမည်ကား အမှန်ပင်ဖြစ်၏။

သံမဏိနှင့် အလူမီနီယမ် သွင်းကုန်တို့အပေါ် ကြီးလေးစွာ အခွန်ကောက်ယူမည်ဟု သမ္မတဒေါ်နယ်ထရန့်၏ ခြိမ်းခြောက်သံက မိုးလုံးကျွက်ကျွက်ညံခဲ့ရပြီးလျှင် အမေရိကန်ပြည်ထောင်စုသည် ယင်း၏ မဟာမိတ်ဥရောပသမဂ္ဂ (အီးယူ) ၏ ထိပ်တန်းအဖွဲ့ဝင် နိုင်ငံများနှင့်လည်းကောင်း၊ အစဉ်အလာမဟာမိတ်အဖြစ် ရပ်တည်ခဲ့သော နိုင်ငံများနှင့်လည်းကောင်း၊ အရှေ့တိုင်း၏ ထွန်းသစ်စ 'ကြယ်နီ' တစ်ပွင့်ဖြစ်သော တရုတ်နိုင်ငံနှင့်လည်းကောင်း၊ ယခုနောက်ဆုံး အိန္ဒိယနိုင်ငံနှင့်လည်းကောင်း ကုန်သွယ်ရေးပဋိပက္ခ အထင်အရှားဖြစ်ပေါ်၍ လာကုန်၏။

ကုန်သွယ်ရေးစစ်ပွဲကြီး ဖြစ်လာတော့မည်လောဟု ကမ္ဘာတစ်လွှားတွင် စုတ်သပ်ကာ ပြောဆိုနေကြစဉ်မှာပင် 'ဘုံရန်သူ' ကို တရကြမ်း ပြန်လည်လက်စားချေတိုက်ခိုက်ရန် တာစူလာသည့် နိုင်ငံများတွင် ကျွန်ုပ်တို့၏ အိမ်နီးချင်း အိန္ဒိယပါဝင်၏။ အိန္ဒိယနည်းတူပင် ကျွန်ုပ်ဆိုအပ်ပြီးသော နိုင်ငံများလည်း လက်စားချေတိုက်ခိုက်မည့် အသွင်ကို ထင်မြဲထင်ကြကုန်၏။

အမေရိကန်ပြည်ထောင်စုမှ တင်သွင်းသော ကုန်ပစ္စည်းအမျိုးအမည် ၃၀ ခန့်အပေါ် သွင်းကုန်ခွန်တိုးမြှင့်ကောက်ယူရန် မိမိတို့ဆုံးဖြတ်လိုက်ပြီဟု အိန္ဒိယအစိုးရက ဇွန် ၁၄ ရက်တွင် နိုင်ငံတကာကုန်သွယ်ရေးအဖွဲ့အစည်းကြီးဖြစ်သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ထံ အသိပေးခဲ့သည်။

ယခုနှစ်အစောပိုင်းက သမ္မတထရန့်၏ သွင်းကုန်ခွန်တိုးမြှင့်ကောက်ခံရေး အစီအစဉ်သစ်ကို ကြေညာခဲ့ပြီးသော် နောက်ဆုံး တုံ့ပြန်လာသည့်နိုင်ငံက အိန္ဒိယဖြစ်၏။ အိန္ဒိယသည် ယင်း၏ ပို့ကုန်တန်ဖိုးဒေါ်လာ ၂၄၁ သန်းအတွက် နစ်နာရမှုကို ပြန်လည်ထေမိကာမိစေရန် အမေရိကန်နည်းတူ သွင်းကုန်ခွန် တိုးမြှင့်ကောက်ယူရန် စီစဉ်လိုက်ခြင်းဖြစ်၏။

အိန္ဒိယနှင့် အမေရိကန်ကုန်သွယ်မှုမှာ ၂၀၁၆ ခုနှစ်တွင် ဒေါ်လာ ၁၁၄ ဘီလီယံရှိခဲ့သည်။ ထိုစဉ်အတွင်း အမေရိကန်နှင့် တရုတ်ကုန်သွယ်မှုမှာမူ ဒေါ်လာ ၆၄၈ ဒသမ ၅ ဘီလီယံအထိရှိပေရာ ကုန်သွယ်ရေးစစ်ပွဲ စစ်မျက်နှာပြင်များအနက် တရုတ်-အမေရိကန် စစ်မျက်နှာပြင်က သာလွန်၍ပင် ပွဲကြမ်းနေလိမ့်မည်ဟု ကျွန်ုပ်တို့ ရှုမြင်ရလေသည်။

ကုန်သွယ်ရေးစစ်ပွဲကြီး၏ သွင်ပြင်လက္ခဏာများကိုကြည့်လျှင် မိတ်ဖက်နိုင်ငံများအဖြစ် ရပ်တည်ကြသော နိုင်ငံများအတွင်းမှာပင် အမျိုးသားရေး အကျိုးစီးပွားအရ ဆုံးဖြတ်လုပ်ကိုင်တတ်ခြင်းကို ကျွန်ုပ်သတိမူမိ၏။

ကုန်သွယ်ရေးစစ်ပွဲကြီး ဖြစ်ပြီဆိုလျှင် ကမ္ဘာ့နိုင်ငံများသည် အကျိုးတူပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် 'ဘုံရန်သူ' ကို အထီးကျန်ထားနိုင်အောင် ဝိုင်းဝန်းလုပ်ဆောင်ကြပေအံ့။

### ချင်းစိမ်းနှင့် မိဿလင်

'ချင်းစိမ်းနှင့် မိဿလင် သူကြင်မှ ကိုယ်ကြင်' ဟူသော ထုံးအရ အိန္ဒိယသည် ကုန်သွယ်ရေးဆက်ဆံမှုအရ အရှေ့တောင်အာရှဒေသနှင့် ဥရောပသမဂ္ဂဒေသတို့ဘက်သို့ ပိုမိုယိမ်းနွဲ့လာနိုင်၏။

အိန္ဒိယနှင့် ကုန်သွယ်ရာ၌ ၂၀၁၇ ခုနှစ်တွင် ဒေါ်လာ ၂၃ ဘီလီယံအထိ အမေရိကန်ဘက်မှ ကုန်သွယ်ရေးလိုငွေပြမှု ပိုမိုလျော့နည်းသွားခဲ့ပြီး အိန္ဒိယဈေးကွက်သို့ အမေရိကန်ကုန်ပစ္စည်းတင်ပို့မှုမှာ ဒေါ်လာ ၂၆ ဘီလီယံအထိ မြင့်တက်ခဲ့သည့်တိုင် ကမ္ဘာ့ကုန်သွယ်ရေး စစ်ပွဲကြီးအတွင်း အိန္ဒိယ သက်ဆင်းလာရခြင်းဖြစ်သည်။ ကုန်သွယ်ရေးစစ်ပွဲအရှိန်အဟုန် ပြင်းထန်လာမည်ဆိုလျှင် နှစ်နိုင်ငံဆက်ဆံရေးကိုပါ ဆင့်ပွားထိခိုက်နိုင်သေးသည်ကို သတိချပ်အပ်ရာသည်။

အမေရိကန်သို့တင်ပို့သော မိမိ၏ ကုန်ပစ္စည်းများမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ပမာဏသေးငယ်ခြင်းကြောင့် အမေရိကန်၏ သွင်းကုန်ခွန်သစ် ကောက်ယူရေး အစီအစဉ်တွင် လွတ်ငြိမ်းခွင့်ပေးရန် အိန္ဒိယအစိုးရက မေတ္တာရပ်ခံခဲ့သည့်ကြားမှ ကုန်သွယ်ရေးစစ်ပွဲအတွင်းသို့ မဝင်ချင်ဘဲ ဝင်ခဲ့ရ၏။

နှစ်ပေါင်းကြာရှည် ကုန်သွယ်ရေးအရ မညီမျှမှုများ ရှိလာခဲ့ရခြင်းကြောင့် သွင်းကုန်ခွန်များ တိုးမြှင့်ကောက်ခံရန် စီစဉ်ရခြင်းဖြစ်သည်ဟု အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝီလ်ဘာရို့စ်က သမ္မတထရန့်၏ မူဝါဒဘက်မှ ကာကွယ်ပြောကြားခဲ့၏။

ကုန်သွယ်ရေးစစ်ပွဲတွင် နှစ်ဖက် အထိမနာကြရလေအောင် အိန္ဒိယနှင့် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်များ လာမည့် ရက်သတ္တပတ်တွင် မြို့တော်နယူးဒေလီ၌ တွေ့ဆုံရန် စီစဉ်ထားသည်။

လတ်တလော အနေအထားအရမူ တရုတ်နှင့် အမေရိကန်တို့၏ ကုန်သွယ်ရေးစစ်ပွဲမှာ အရှိန်အဟုန်မြင့်တက်နေသည်ကို တွေ့မြင်ရသည်။

တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် လွန်ခဲ့သည့်နှစ်က အမေရိကန်ဘက်မှ ကုန်သွယ်ရေးလိုငွေပြမှု ဒေါ်လာ ၃၇၅ ဘီလီယံအထိရှိခဲ့ပေရာ သမ္မတထရန့်မှာ 'ရည်းစားလူလု အူနုကျွဲခတ်' ခံရသည့်ပမာ တရုတ်နိုင်ငံအပေါ် ကုန်သွယ်ရေးရှုထောင့်အရ မျက်စောင်း တထိုးထိုးရှိနေ၏။

ကုန်သွယ်ရေးဆက်ဆံမှုတွင် မညီမမျှ တစ်ဖက်စောင်းနင်းဖြစ်နေသော ချိန်ခွင်လျှာတစ်ဖက်ကို အပေါ်သို့ပြန်လည်ရောက်ရှိလာစေရန် တရုတ်နိုင်ငံလုပ် ကုန်ပစ္စည်းအမျိုးအမည် ၁၃၀၀ ခန့် အပေါ် ၂၅ ရာခိုင်နှုန်း သွင်းကုန်ခွန်ထပ်ဆောင်းကောက်ယူရန် သမ္မတထရန့်က ရည်ရွယ်၏။

တရုတ်နိုင်ငံကလည်း အမေရိကန်နည်းတူပင် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းကောက်ယူမည်ဟုဆိုကာ တန်ပြန်ထိုးစစ်ဆင်နွှဲရန် ပြင်ဆင်နေသည်။

တရုတ်-အမေရိကန်ကုန်သွယ်ရေး စစ်မြေပြင်ကိုကြည့်လျှင် အမေရိကန်ဘက်မှ သွင်းကုန်ခွန်ကောက်ယူမည့် ကုန်ပစ္စည်းအမျိုးအမည် ၁၃၀၀၊ တရုတ်ဘက်မှ သွင်းကုန်ခွန် တန်ပြန်ကောက်ယူမည့် ကုန်ပစ္စည်းအမျိုးအမည် ၁၃၀ တည်းဟူသော စာရင်းကို တွေ့ရ၏။

အမေရိကန်က တရုတ်နိုင်ငံသို့ ဒေါ်လာ ၁၂၅ ဘီလီယံဖိုးခန့်တင်ပို့နေပြီး တရုတ်နိုင်ငံက အမေရိကန်သို့ ဒေါ်လာ ၅၀၀ ဘီလီယံဖိုးခန့် တင်ပို့လျက်ရှိနေရာ အမေရိကန်အတွက် ကုန်သွယ်ရေးလိုငွေပြမှု ဒေါ်လာ ၃၇၅ ဘီလီယံရှိနေပေသည်။

စစ်ပွဲကြီးဖြစ်လျှင် လက်နက်ကုန်သည်များ အမြတ်ထွက်ဟူဘိသို့ပင် ကမ္ဘာ့ကုန်သွယ်ရေးစစ်ပွဲကြီးအပေါ်မှ အကျိုးအမြတ်ရရှိသွားနိုင်သော နိုင်ငံအချို့ရှိနေသည်။ တောမီးလောင် တောကြောင်လက်ခမောင်းခတ်မည့်နိုင်ငံများကို ကြည့်လျှင် ဘရာဇီး၊ လက်တင်အမေရိကနိုင်ငံများနှင့် ဗြိတိန် စသည့်နိုင်ငံတို့ဖြစ်သည်။

သာဓကတစ်ရပ် ပြရမည်ဆိုလျှင် တရုတ်နိုင်ငံသည် အမေရိကန်ထံမှ ပဲပုပ်ပဲဝယ်ယူနေရာမှ ဘရာဇီးထံမှ ဦးလှည့်ဝယ်ယူလာဖွယ်ရှိသည်။

ကုန်သွယ်ရေးစစ်ပွဲကြီးဖြစ်လျှင် ကမ္ဘာ့စီးပွားရေးအပေါ် ထိခိုက်လိမ့်မည်ဟု ဈေးကွက်သုတေသီတို့က ယူဆကြသော်လည်း ပို့ကုန်ဖွံ့ဖြိုးမှု ပုံစံပြောင်းလဲသွားနိုင်သော သဘောတရားကလည်း ရှိနေပြန်သည်။

သာဓကဆောင်သော် တရုတ်နိုင်ငံသည် အမေရိကန်ကုန်ပစ္စည်းများကို အစားထိုးနိုင်ရန် လက်တင်အမေရိကနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံတို့ဘက်သို့ ဦးလှည့်လာနိုင်သည်။ ကုန်သွယ်ရေးစစ်ပွဲကို အကြောင်းပြု၍ ကုန်သွယ်ဖက်နိုင်ငံများက သူတို့၏ ပို့ကုန်ဈေးကွက်များကို တိုးချဲ့လာပေမည်။ အမေရိကန် ကုန်ပစ္စည်းများအပေါ် တရုတ်နိုင်ငံက သွင်းကုန်ခွန်ကောက်ခံခြင်းမှ အခြားနိုင်ငံအချို့ အကျိုးအမြတ်ရရှိလာနိုင်သည်ကား ဧကန်ပင်ဖြစ်၏။

ကုန်သွယ်ရေးစစ်ပွဲ၏ သဘောသဘာဝကို စေ့ငုလေ့လာသော် ကုန်သွယ်ရေးစစ်ပွဲတိုင်းသည် စီးပွားရေးနှင့်သာ သက်ဆိုင်နေသည်မဟုတ်မူ၍ နိုင်ငံရေးနှင့်လည်း အထူးပင်သက်ဆိုင်နေသည်ကို ထူးခြားစွာ တွေ့မြင်နိုင်၏။

### အာရုံပြောင်း

ကုန်သွယ်ရေးစစ်ပွဲကြီး၏ နောက်ကွယ်မှ နိုင်ငံရေးဖြစ်စဉ်များကို ထောက်ချင့်ကာ မီဒီယာပုံရိပ်များ ရုတ်ခြည်းပြောင်းလဲသွားစေရန် (ဝါ) အာရုံပြောင်းစေရန် ကုန်သွယ်ရေးစစ်ပွဲကို သမ္မတထရန့် စတင်ဖန်တီးလေသလောဟု စောကြောရှုမြင်သူများလည်းရှိ၏။

ကိလေသာနှီးဆွသူ မင်းသမီးတစ်ဦး အသံတိတ်စေရန် လုပ်ဆောင်ခဲ့ရသည့်ကိစ္စ၊ အစိုးရအဖွဲ့အတွင်း အရွှေ့အပြောင်း အနုတ်အသိမ်းများ ဆောင်ရွက်ခဲ့ရသည့်ကိစ္စ၊ လွန်လေပြီးသော ရွေးကောက်ပွဲအရှုပ်အထွေးများကိစ္စ စသည်တို့နှင့် ပတ်သက်၍ မီဒီယာပုံရိပ်များက ပုံဖော်ခဲ့ကြရာတွင် သမ္မတထရန့်အတွက် ရာဇဝင်ရွေ့ထိပါးခံခဲ့ရပုံမျိုးဖြစ်၏။

အမေရိကန်ပြည်ထောင်စု၏ သက်တမ်းအလယ် ရွေးကောက်ပွဲမှာ ယခုနှစ်နှောင်းပိုင်းတွင် ပြုလုပ်ရန်ရှိနေပြီး ရီပတ်ဘလီကန်ပါတီကြီးမှာ အမတ်အများစု အနေအထားပျောက်ကွယ်မည့်အလားအလာရှိနေပြန်သည်။

အမေရိကန် နိုင်ငံရေးကိုကြည့်လျှင် ပါတီကြီး နှစ်ပါတီမှာ ယှဉ်ပြိုင်အားအလွန်မြင့်မား၏။ နိုင်ငံတော်ကြီး ပြဿနာများတွေ့ကြုံရလေတိုင်း "နင့်ပါတီကြောင့်၊ သူ့ပါတီကြောင့်" ဟု တိုက်ခိုက်လေ့ရှိပြီး အမေရိကန်ပြည်ထောင်စု၏ အကျိုးစီးပွားများကို သယ်ပိုးနေသော ပါတီအဖြစ် ပါတီကြီးနှစ်ပါတီစလုံးက ဂုဏ်ယူဝင့်ကြွားစွာ ပြောဆို မဲဆွယ်လေ့ရှိကြ၏။

လွန်လေပြီးသော ရွေးကောက်ပွဲ၌ ကတိစကား အများအပြားဆိုခဲ့သူ ထရန့်မှာ သူ့အာဏာရရှိစဉ် ဂုဏ်ထူးဖြင့် စာမေးပွဲအောင်ဖို့ ကြိုးပမ်းမည်ကား သေချာလှသည်။ သမ္မတထရန့်သည် နောက်တစ်ကြိမ် ရွေးကောက် တင်မြှောက်ခံရဖို့အရေး ၂၀၁၉ ခုနှစ် အစောပိုင်းမှအစပြု၍ လှုပ်ရှားရန်လည်း တာစူနေချိန်ဖြစ်သည်။

'အမေရိကန်က ပထမ' ဟူသော ကြွေးကြော်သံဖြင့် အာဏာရရှိလာသူ ထရန့်သည် မဟာအင်အားကြီးနိုင်ငံ၏ အကြီးအမှူးအဖြစ် ကမ္ဘာ့ခေါင်းဆောင်အသွင်ကို ပီပီပြင်ပြင် ထင်ထင်ရှားရှား ပြသလိုပုံရပြီး အမေရိကန်၏တန်ခိုး (ဩဇာ)ကို ကန့်သတ်ထားသည်ဟု သူရှုမြင်သော နေတိုးစစ်မဟာမိတ်အဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့တို့ကို ထောက်ခံအားပေးရန် ဝန်လေးခဲ့သူအဖြစ်လည်း ကမ္ဘာ့မီဒီယာတို့က သူကို ပုံရိပ်ဖော်ခဲ့လေသည်။

ပစ္စက္ခကုန်သွယ်ရေးစစ်ပွဲကို စီးပွားရေးအမြင်ဖြင့် ကြည့်သူများကမူ အမေရိကန်၏ စီးပွားရေးအင်ဂျင်ကျလာခြင်း၊ အမေရိကန်ကုန်ထုတ်လုပ်ငန်းများ ကမ္ဘာ့အလယ်ယှဉ်ပြိုင်နိုင်မှု ကျဆင်းလာခြင်း၊ အမေရိကန်ကို တရုတ်က စီးပွားရေးအရ အန်တုဖက်ပြိုင်လာခြင်း၊ ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ အမေရိကန် ကုန်သွယ်ရေးလိုငွေပြမှု တောက်လျှောက်ဖြစ်ပေါ်လာခြင်း၊ သမ္မတထရန့်သည် စီးပွားရေးလုပ်ငန်းရှင်ဘဝမှ နိုင်ငံရေးသမားဘဝသို့ ပြောင်းလဲလာသူဖြစ်ခြင်းကြောင့် ဘောဂဗေဒပညာရှင်၏ အမြင်အားမသန်ဘဲ နိုင်ငံတကာ ကုန်သွယ်ရေး၏ သဘောသဘာဝကို နားလည်မှု အားနည်းခြင်း၊ အမေရိကန်၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၌ အလုပ်အကိုင်နေရာများ ဆုံးရှုံးရခြင်းသည် တရုတ်နိုင်ငံ၏ ပယောဂကြောင့်မဟုတ်မူ၍ ဘောဂဗေဒ အကြောင်းတရားတစ်ရပ်အရ ဖြစ်ပေါ်ခြင်း စသည့် အကြောင်းခြင်းရာများကို ထောက်ပြကြကြောင်း ကျွန်ုပ်လေ့လာတွေ့ရှိရသည်။

နိုင်ငံတကာ ကုန်သွယ်ရေးစစ်ပွဲ အစပျိုးလာချိန်၌ ဝါဏိဇ္ဇပဋိပက္ခမှုများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဥပဒေမူဘောင်အတွင်းမှ ဖြေရှင်းလာနိုင်ကြမည်ဟု တွေးတောမိရင်း "ကုန်သွယ်ရေးစစ်ပွဲ တိုက်ပွဲခေါ်သံ ညံသလေ" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

*Ref:*
*India imposes retaliatory tariffs on U.S., widening global trade war (Washington Post)*

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး(၁၀၃)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်

**နေပြည်တော် ဇွန် ၂၃**
နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၀၃)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ကျင်းပရာ နေပြည်တော် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက် ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဓနှင့် သံဃာတော် ကိုးပါး၊ တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်မှ သံဃာတော် ကိုးပါး စုစုပေါင်း သံဃာတော် ၁၉ ပါး ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အထောက်အကူပြု အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ တပ်နယ်ဝတ်အသင်း ၂၀၀ စုစုပေါင်းအင်အား ၃၀၀ ကျော်တက်ရောက်ခဲ့ကြပြီး ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၀၃)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်အထိ ငါးရက်တိုင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သီဟန်သိန်း(အေးချမ်းမြေ)**

## rtift oyhmay;a [ majym

**ရန်ကုန် ဇွန် ၂၃**
လှည်းကူးမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေမှ မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှုပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂၁ ရက် နံနက် ၁၁ နာရီက ကလီထော်ကျေးရွာအုပ်စု နွတ်ခမ်းမွေးသိုက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## နိုင်ငံတကာမွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲ မန္တလေးမြို့တွင်ဖွင့်လှစ်




**မန္တလေး ဇွန် ၂၃**
မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်နေသော စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေအနေများကို နိုင်ငံတကာကသိရှိပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်ရည်ရွယ် ကျင်းပသော နိုင်ငံတကာ မွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲ ဖွင့်ပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမတွင် ကျင်းပသည်။

ပြပွဲတွင် မွေးမြူရေးဆိုင်ရာ အစာများ၊ ဆေးဝါးများ၊ ခြံသုံးပစ္စည်းများ၊ မွေးမြူရေးအစာထုတ်လုပ်သည့် စက်ပစ္စည်းများ၊ သားပေါက်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများ၊ ဆန်စက်၊ ဆီစက်ဆိုင်ရာ စက်ပစ္စည်းများ၊ မျိုးစေ့၊ ဆေးဝါးနှင့် မြေဆီမြေသြဇာများကို နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကုမ္ပဏီများက ရှင်းလင်းပြသပြီး ပညာရှင်များက ဘာသာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲပြုလုပ်သည်။ မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့နေသော ဖရဲ၊ သခွား၊ သရက်စသည့် သီးနှံများ၊ ပြည်တွင်းထုတ် နိုင်ငံတကာအဆင့်မီ သစ်သီးထွက်ကုန်ချောများ၊ လက်ဖက်၊ လက်ဖက်ခြောက်၊ အချိုခြောက်အမျိုးမျိုးကိုလည်း မြန်မာနိုင်ငံ သစ်သီးဝလံထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းက ပြသထားသည်။

တတိယအကြိမ် နိုင်ငံတကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးပြပွဲတွင် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးခင်စိုးက လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာဝါဝါဟန်က မြန်မာ့စားသောက်ကုန်ထုတ်စက်ရုံများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ပတင်ပို့ရန် အရည်အသွေးကောင်း သရက်သီးထုတ်လုပ်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ USAIDမှ ဒေါက်တာ အိသန္တာကျော်က မြန်မာ့စိုက်ပျိုးမွေးမြူရေးမဟာဗျူဟာနှင့် ပိုးလမ်းမလျှောက်ကြည့်ခြင်း ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးကြသည်။

အဆိုပါပြပွဲသို့ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ရုံးစိုက်အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်တို့ တက်ရောက်အားပေးပြီး ပြပွဲကို ဖွင့်လှစ်ပေးကာ ပြသထားသော စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပြခန်းများကို ကြည့်ရှုသည်။

ပြပွဲကို ဇွန် ၂၄ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြော

**ဘားအံ ဇွန် ၂၃**
ကရင်ပြည်နယ် ဘားအံမြို့နယ် ရဲသာကျေးရွာအုပ်စု ကမော့ကစင်ကျေးရွာ အလက(ခွဲ)တွင် ကျောင်းသား ကျောင်းသူအရွယ်မှစတင်ကာ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး မှုခင်းအသိပညာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာများ သိရှိနားလည်စေရန်အတွက် ဇွန် ၂၂ ရက်က အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောရာတွင် ဘားအံမြို့မရဲစခန်းမှူး ဒုတိယရဲမှူးဝင်းနိုင်က သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် သိသင့်သိထိုက်သော အချက်အလက်များ၊ အသက်အရွယ်အလိုက် မှုခင်းဖြစ်ပွားနိုင်သည့် အကြောင်းအရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ အမှတ်(၇၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်သက်ဆွေက ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောပြီး ဒုတိယရဲအုပ် အေးအေးမာနှင့်တပ်ဖွဲ့ဝင် ရဲမေများက တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ စုစုပေါင်း ၂၀၀ ကျော်အား မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။ **နေမျိုးလွင်(ပြန်/ဆက်)**



## မိုးမိပဲတီစိမ်းများ မန္တလေးဈေးကွက်တွင် ငွေကျပ် တစ်သိန်းအောက်ကျဆင်း

**မန္တလေး ဇွန် ၂၃**
မုတ်သုံမိုးရွာသွန်းမှုကြောင့် မိုးမိပဲတီစိမ်းများ အရည်အသွေးပိုင်းကျဆင်းကာ ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိရာ ဇွန် ၂၁ ရက်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် တစ်သိန်းအောက်သို့ ရောက်ရှိသွားကြောင်း မန္တလေးပဲဈေးကွက်မှ သိရသည်။

မိုးကြိုကာလတွင် ထွက်ရှိလာသည့် အဆိုပါပဲများမှာ မေလအတွင်းနှင့် ဇွန်လဆန်းများက ရွာသွန်းခဲ့သည့် မုန်တိုင်းမိုးများကြောင့် စိုက်ခင်းများတွင်လည်းကောင်း၊ ရိတ်သိမ်းချိန်တွင်လည်းကောင်း ထိခိုက်မှုများဖြစ်ပေါ်ကာ အထွက်နှုန်းလျော့နည်းသွားသည့်အပြင် မိုးမိသွားသည့်အတွက် အညိုရောင်အဖြစ် အရောင်ပြောင်းလဲကာ အရည်အသွေးပိုင်း ကျဆင်းသွားကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

လက်ရှိမန္တလေးဈေးကွက်တွင် ဇွန် ၁၄ ရက်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ နှုန်းရှိခဲ့သည့် မိုးလွတ်ပဲတီစိမ်း (ထိပ်စ)မှာ ယခုဇွန် ၂၁ ရက်တွင် ငွေကျပ် ၁၀၅၀၀၀ နှုန်းအထိ ကျဆင်းသွားပြီး မိုးမိပဲတီစိမ်းမှာ ဇွန် ၁၄ ရက်က ငွေကျပ် ၁၁၀၀၀၀ နှုန်းရှိနေရာမှ ယခုဇွန် ၂၁ ရက်တွင် ငွေကျပ် ၉၀၀၀၀ နှုန်းအထိ ကျဆင်းသွားကြောင်း သိရသည်။

“ဈေးကျနေပေမယ့် အရောင်းအဝယ်ကသွက်နေတယ်၊ မနှစ်က ဒီလိုအချိန်မှာ ပဲတီစိမ်း (ထိပ်စ)က သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၈၀၀၀၀ ဝန်းကျင်လောက်ပဲ ပေါက်ဈေးရှိခဲ့တာဆိုတော့ တောင်သူတွေအတွက် လက်ရှိအခြေအနေက ဖြေသာပါသေးတယ်” ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ပဲတီစိမ်းများကို ပခုက္ကူ၊ မြင်းခြံ၊ ရွှေဘို၊ ရေစကြို၊ ကျောက်ဆည်ဒေသတို့မှ အစောဆုံးထွက်ရှိလာပြီး ယခုရက်ပိုင်းတွင် နေပြည်တော်၊ တပ်ကုန်း၊ အောင်လံ၊ မကွေး၊ ရမည်းသင်းနှင့် ပျော်ဘွယ်တို့မှလည်း ဆက်တိုက်ဝင်ရောက်လာကာ မန္တလေးပဲဈေးကွက်သို့ နေ့စဉ် အိတ် ၂၀၀၀၀ ခန့် ဝင်ရောက်လျက်ရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စက်ရုံစွန့်ပစ်ရေဆိုးအနံ့များကြောင့် ပြည်သူများအလုပ်အကိုင်နှင့် ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်နေရ

**မုံရွာ ဇွန် ၂၃**
မုံရွာစက်မှုဇုန်နယ်မြေအတွင်း လုပ်ကိုင်လျက်ရှိသော ကြာဆန်လုပ်ငန်း၊ သားရေလုပ်ငန်း၊ စက္ကူစက်ရုံများမှ စွန့်ပစ်ရေဆိုးအနံ့များကြောင့် ဆင်သောက်ကန်အင်းအနီးမှ ဆားကျင်းကျေးရွာနေ ဒေသခံပြည်သူများ အလုပ်အကိုင်နှင့် ကျန်းမာရေး ထိခိုက်မည်ကို စိုးရိမ်နေကြောင်း ဒေသခံ ပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

ဆင်သောက်ကန်အင်းအတွင်းမှ ထွက်ရှိသောအနံ့ဆိုးများကြောင့် အင်းအနီးပတ်ဝန်းကျင်ရှိ ဆားကျင်းကျေးရွာသည် အိမ်ခြေ ၂၀၀ ရှိပြီး လူဦးရေ ၉၀၀ ကျော်ရှိရာ အလုပ်အကိုင်အခွင့်လမ်းများ နည်းပါးခြင်းနှင့် ကျန်းမာရေးထိခိုက်မှုများကို ရင်ဆိုင်နေရကြောင်း သိရသည်။

“စက်မှုဇုန်မလုပ်ခင်က ဆင်သောက်ကန်အင်းမှာ လုပ်ကိုင်ကြတာ မြစ်ထဲက ဝင်တဲ့ငါးတွေရကြတယ်၊ စက်မှုဇုန်ပေါ်လာပြီး ရေဆိုးစွန့်တာတွေက ကန်ထဲကို ရောက်လာပြီး နောက်ပိုင်းမှာတော့ အင်းထဲမှာ ငါးတွေသေကုန်တယ်၊ ရေဆိုးတွေက နေအလွန်ပူရင်တအားအနံ့ဆိုးတယ်၊ ဟိုတုန်းက တစ်ရွာလုံးသောက်သုံးလို့ရတဲ့ ရေတွင်းတောင်မှ စွန့်ပစ်ရေတွေစိမ့်ဝင်တဲ့အတွက် ပျက်စီးသွားတာအတော်ကြာပြီ၊ အခုနောက်ပိုင်းမှာ ရေပိုက်တွေနဲ့ သွယ်တန်းပြီး ရေချိုသုံးရတယ်၊ အဲဒီရေကလည်း မီးပျက်ရင်မလာတော့ဘူး၊ ကျွန်တော်တို့ အနေနဲ့တော့ ဒီကန်ကြီးထဲက ရေဆိုးအနံ့တွေ မနံ့ရင်ပြီးရော ကျန်းမာရေးအနေနဲ့ ကိုယ်ဝန်ရှိတဲ့ အမျိုးသမီးတွေဆိုရင် ကိုယ်ဝန်အဆိပ်တက်တယ်၊ လူကြီးတွေဆိုရင် အနံ့ဆိုးကြောင့် ခေါင်းကိုက်တယ်၊ နောက်ကျောတွေတက်တယ်၊ ကလေးမွေးပြီးစ အမျိုးသမီးတွေဆိုရင် ကိုယ်ရောင်တာတွေအထိ ဖြစ်လာတယ်” ဟု ဆားကျင်းကျေးရွာနေ ဒေသခံ ဦးမြင့်ဌေးက ပြောသည်။

ယခင်က ဆင်သောက်အင်းသည် ရေချိုကန်ဖြစ်ကာ ငါးလုပ်ငန်းဦးစီးဌာနက ငါးမွေးမြူရေးကန်အဖြစ် အသုံးပြုပြီး ၁၉၉၀ ပြည့်နှစ်မှစတင်၍ မုံရွာစက်မှုဇုန် စတင်တည်ထောင်၍ ဆင်သောက်ကန်အင်းအတွင်းသို့ ကြာဆံရုံ ကိုးလုံး၊ သားရေရုံ ငါးလုံး၊ စက္ကူစက်ရုံ တစ်လုံး၊ နို့ချက်စက်ရုံ တစ်လုံးတို့မှ နေ့စဉ် ရေဆိုးများ စွန့်ပစ်နေကြောင်း သိရသည်။

“စက်မှုဇုန်က ရေဆိုးတွေနဲ့ ပတ်သက်ပြီး စမ်းသပ်မှုတွေ လုပ်နေပါတယ်၊ စိမ်းလန်းအမိမြေနဲ့ ချိတ်ဆက်ပြီးတော့ လေထုတိုင်းတာခြင်း၊ ရေဆိုးတိုင်းတာခြင်းလုပ်ငန်းတွေကို လုပ်ဆောင်ခဲ့တယ်၊ ကြာဆံစက်တွေ၊ စက္ကူစက်၊ နို့ချက်စက်ရုံနဲ့ သားရေစက်ရုံတွေက ရေဆိုးတွေကိုစွန့်ပစ်တယ်၊ ဒီရေထဲမှာ ဘာတွေပါသလဲ အသေးစိတ် တိုင်းထွာပြီးတော့ ဓာတ်ခွဲစမ်းသပ်ခဲ့တာ အခုဆိုရင် အဖြေတွေလည်း ထွက်လာပါပြီ၊ အဲဒီအတွက် စက်ရုံဒီဇိုင်းတွေ ဆွဲပြီးပြီ၊ မြေနေရာလည်း တိုင်းထွာပြီးပြီ၊ စွန့်ပစ်ရေဆိုးထွက်ရှိတဲ့ စက်ရုံ ၁၆ လုံးအတွက် ထောက်ပံ့ငွေ သိန်းပေါင်း ၁၂၀၀၀၀ ကျော်ခန့်နဲ့ ရေဆိုးသန့်စင်တဲ့ စက်ရုံတည်ဆောက်သွားဖို့ အစီအစဉ်ရှိပါတယ်” ဟု မုံရွာစက်မှုဇုန်ကော်မတီ ဥက္ကဋ္ဌ ဦးဝေတင့်က ပြောသည်။

မုံရွာစက်မှုဇုန် မတည်ထောင်ခင်အချိန်က အင်းပတ်ပတ်လည်တွင် ကျေးရွာနေပြည်သူများ စပါးစိုက်ပျိုးခြင်း၊ ကန်စွန်းရွက်စိုက်ပျိုးခြင်း၊ ကုလားပဲနှင့် သီးထပ်သီးညှပ် စိုက်ပျိုးရေးကို လုပ်ကိုင်ကြပြီး ယခုအချိန်တွင် ကြာဆံစက်၊ သားရေစက်များမှ စွန့်ပစ်ရေဆိုးများကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်၍ မရတော့ဘဲ ကျေးရွာနေပြည်သူများ အလုပ်အကိုင် ရှားပါး၍ အခြားလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်နေရကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**



# မအိုသေးတဲ့ ဘဘပိုလ်ကလေးတင့်အောင်

## တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)



၂၀၁၇ ခုနှစ်အတွက် အကယ်ဒမီထူးချွန်ဆုပေးပွဲတွင် တစ်သက်တာ ရုပ်ရှင်ထူးချွန်ဆုကို လက်ခံရယူစဉ်။

အနုပညာမှာ ဆိုဖွယ်ရာမရှိ၊ ဂုဏ်ထူးဝိသေသများကား များလှပါဘိ၊ တိုင်းသိပြည်သိ ကြည်ညိုလေးစားခြင်းခံရသည့် ဘိုးသက်ရှည်ဂုရုဆရာ၊ "အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းဟူသည် လာဘ်ကြီး တစ်ပါး ပိုင်ဆိုင်ထားသူ၊ ပြီးခဲ့သည့် ဇွန် ၃ ရက်မှာ ဘဘအသက် ၉၆ နှစ်ပြည့်ခဲ့ပြီ။ သီလ ကောင်းလေစွ၊ ဇွန် ၂ ရက်ညက မွေးနေ့ညစာစားပွဲကို ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပခဲ့ရာ ဘဘမိသားစုဝင်များ၊ မိတ်ဆွေအပေါင်းအသင်းများ၊ စာပေ၊ ရုပ်ရှင်၊ ဂီတနယ်ပယ်အသီးသီးမှ အနုပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြသည်။ အကြောင်းအမျိုးမျိုးကြောင့် လူကိုယ်တိုင် မတက်ရောက်နိုင်ကြသော်လည်း စိတ်ကတော့ ရောက်နေကြမည်။ နိုင်ငံတစ်ဝန်းရှိ ဘဘကိုချစ်သည့် ပြည်သူများကလည်း ထိုပွဲကို မှန်းဆမေတ္တာပို့ကြမည်မှာ မလွဲ၊ သို့ဖြစ်၍ ဘဘ ဤမျှ အသက်ရှည်စွာနေထိုင်နိုင်ခြင်းသည် အစားအသောက်အာဟာရ၊ ဆေးဝါးအာဟာရတွေထက် အစွမ်းထက်လှသော ပရိသတ်၏ မေတ္တာအာဟာရစွမ်းပကားတွေကြောင့်ဟု ဆိုချင်သည်။

ဘဘသည် အနုပညာလောကထဲသို့ ဂီတကိုအခြေခံ၍ ဝင်ရောက်ခဲ့သူဖြစ်ပြီး ဂီတနှင့်ပတ်သက်၍ ဝါသနာဆန္ဒ ပြင်းထန်လှသည်၊ အသက်ရှူရပ်မှ ဂီတနှင့်ပြတ်မည့်သူ၊ ဂီတကို အသက်ထက်ချစ်သည်၊ အကြောင်းသိ ဂီတဝိုင်းတော်သားများက ဘဘမွေးနေ့မှာ ဘဘလက်ရာတေးများကို ပြန်လည်ဖော်ထုတ်ရင်း ဂီတဖြင့် ဂုဏ်ပြုကြသည်မှာ ကြည်နူးစရာ။

ဘဘသမိုင်းကို စိတ်ကြိုက်ရေးရမည်ဆိုက ဆုံးအံ့မထင်၊ တစ်ထောင့်တစ်ညပုံပြင်သည်ပင် ဘဘသမိုင်း၏နိဒါန်းမျှသာ ရှိမည်ထင်၏။ အများသိစေရန် အကျဉ်းသဘောမျှတင်ပြရလျှင် စာပေ၊ ပြဇာတ်၊ ရုပ်ရှင်၊ ဂီတစွယ်စုံရ ဘဘပိုလ်ကလေးတင့်အောင်ကို အဖ ဦးဘသင်၊ အမိ ဒေါ်ဖွားသိမ်းတို့က ၁၉၂၂ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ဘိုကလေးမြို့၌ မွေးဖွားခဲ့သည်။ မွေးချင်း ခြောက်ယောက်အနက် ဒုတိယမြောက်။ စတုတ္ထမြောက် ညီဖြစ်သူမှာ အကယ်ဒမီဂီတလုလင်မောင်ကိုကို၊ ၁၀ တန်းအထိ ပညာသင်ကြားခဲ့ပြီး ငယ်စဉ်ကတည်းက မယ်ဒလင်၊ ဂီတာ၊ တယောအတီးပညာများ တတ်ကျွမ်းသည်။ ခက်ခဲနက်နဲသည့် မဟာဂီတပညာရပ်များကို မြန်မာညွှန့် ဦးချစ်မောင်၊ အမေ ဒေါ်အောင်ကြည်တို့ထံတွင် သင်ယူခဲ့ပြီး အသက် ၂၀ အရွယ် ၁၉၄၂ ခုနှစ်တွင် သီချင်းများ စတင်ရေးသားသည်။ ဂျပန်ခေတ်တစ်ခေတ်လုံး ပြဇာတ်နှင့် ဂီတပညာရပ်များကို လေ့လာသည်။ ဘိုကလေးမြို့တွင် နေထိုင်စဉ် ပြဇာတ်ကပြပြီး "သစ်လွင်" ပြဇာတ်အဖွဲ့ကို တည်ထောင်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ကာ ပြဇာတ်ဘုရင် ဒဂုံဆရာတင်ထံ တပည့်အဖြစ် ခံယူသည်။ ပြဇာတ်သီချင်းရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ တွဲဖက်ဒါရိုက်တာဘဝဖြင့် ရပ်တည်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဒါရိုက်တာအဖြစ်နှင့် "အပြုံးလက်ဆောင်" ပြဇာတ်ကို စတင်ကပြခဲ့သည်။ ဘဝတစ်လျှောက် ကပြခဲ့သည့် ပြဇာတ်ပေါင်း ၄၀ ခန့်ရှိခဲ့ရာ ကာဌေးရုံ၊ ဝင်းဝင်းရုံ၊ ကျိုက္ကဆံကွင်း ပြည်ထောင်စုပဒေသာကပွဲ၊ မြေပဒေသာ



"ငယ်ကျွမ်းဆွေ"ရုပ်ရှင်ဇာတ်ကားကြီးကို ပြန်လည်ရိုက်ကူးရန် ဆွေးနွေးနေကြစဉ်။

ကျွန်းပဒေသာကပွဲ၊ နယ်လှည့်ပဒေသာကပွဲ နိုင်ငံတော်မှ တာဝန်ပေးအပ်သည့် ပဒေသာကပွဲနှင့် ဝဇီရာပြဇာတ်တို့တွင်ကပြခဲ့သည့် ပြဇာတ်များထဲမှအချို့ကို ကောက်နုတ်ဖော်ပြရလျှင် အပြုံးလက်ဆောင် (တက္ကသိုလ်မျိုးချစ်၊ မေမြင့်)၊ မြေပဒေသာ(ခင်မောင်မြင့်၊ ကြည်ကြည်ဌေး)၊ မြတ်မွန်ရတနာ(ဇေယျ၊ ခင်အုန်းမြင့်)၊ နှစ်ကိုယ်သစ္စာ(တက္ကသိုလ်မျိုးချစ်၊ ကြည်ကြည်ဌေး)၊ ဂီတလုံမေ (ဒေါ်ခင်ညွန့်၊ မြင့်မြင့်ဌေး)၊ ဗမာ့သွေးခဲ (ဝင်းဦး၊ သင်းသင်းလဲ့)၊ ခြင်းတောင်းကြီးငါးလုံး (ဖိုးပါကြီး၊ သာဆန်း၊ မသန်းရွှေ)၊ လောဘကို သတ်ကြပါနော် (ဦးပလာတာ၊ ပါရဂူ၊ စန္ဒရား ခင်နုနု)၊ အလှဆုံးအချိန် (လွင်မိုး၊ ထက်ထက်မိုးဦး)၊ ဂုဏ်တုဂုဏ်ပြိုင်-ပထမအကြိမ် (မန္တလေး သိန်းဇော်၊ တစ်ခိုင်လုံးရွှေအေးအေးမြင့်)၊ ဂုဏ်တုဂုဏ်ပြိုင်-ဒုတိယအကြိမ် (ညွှန့်ဝင်း၊ ရဲအောင်၊ ခင်သန်းနု၊ ခိုင်ခင်ဦး) တို့ဖြစ်သည်။

ဘဘသည် မြန်မာအသံဓာတ်ပြားတေး၊ ရောင်းတမ်းဓာတ်ပြားတေး၊ ပြဇာတ်နှင့် ရုပ်ရှင်နောက်ခံတေး၊ တေးစီးရီးနှင့် နိုင်ငံတော်မှတာဝန်ပေး၍ ရေးစပ်ရသည့် ပြည်သူ့အကျိုးပြုတေး စသည်ဖြင့် တေးသီချင်းပေါင်းများစွာ ရေးစပ်ခဲ့သည်။ ပရိသတ်အကြိုက် တေးအချို့ကိုတင်ပြရလျှင် လက်ပံပွင့်ကောက်အရောက်လာမယ်(မာမာအေး၊ အေးအေးသွယ်၊ မိမိလေး)၊ မွှေးလွန်းသည့်ပန်း(စန္ဒရားချစ်ဆွေ)၊ သံယောဇဉ်(မာမာအေး)၊ မျက်ဝန်းလဲ့ပြာပြာ(ဝင်းဦး)၊ နှစ်သစ်ချစ်ဦး(ခင်မောင်မြင့်၊ ကြည်ကြည်ဌေး)၊ သက်ဆိုင်သူသို့(ခင်ယုမေ)၊ ဂျင်မလေး ဂျမ်း (ကိုမင်းနောင်)၊ လွမ်းမေယုတောင်(ကြည်ကြည်ဌေး)၊ ပျိုလေးတို့ကောက်စိုက်ရာ(ဂီတလုလင်မောင်ကိုကို၊ ကြည်ကြည်ဌေး)၊ ရုပ်ရှင်နှင့် ဂီတ(တွံတေးသိန်းတန်၊ မာမာအေး)၊ မေနှင်း(ကိုမင်းနောင်)၊ မျှော်တလင့်လင့်(မာမာအေး)၊ စာရေးကြီး(ခနေဖြူစိုးသိန်း)၊ ချစ်ရည်ပြိုင် (ဂီတလုလင်မောင်ကိုကို၊ ကြည်ကြည်ဌေး)၊ လူပျိုကြီး(ခနေဖြူစိုးသိန်း)၊ စကားဝါမြေ(ရီရီသန့်)၊ မွန်တို့ဌာနီ(ထား)၊ ငယ်ကျွမ်းဆွေ(မောင်သိန်းဝင်း၊ မာမာအေး)၊ ပန်းတံတား(စန္ဒရားချစ်ဆွေ၊ အေဝမ်းတင်တင်လှ)၊ ယုန်ကမတိုးပိုက်ကတိုး(မိမိလေး)၊ မေတ္တာဟူသည်(စန္ဒရားထွန်းညွန့်)၊ ဇရာ (ကိုမင်းနောင်)၊ မငိုပါနဲ့ ကောက်ပင်ပျို(ကိုမြကြီး)၊ ရေခပ်ဆင်းချိန်(တွံတေးသိန်းတန်နှင့်အဖွဲ့)၊ တက္ကသိုလ်ကျောင်းသူတစ်ဦး

> ❛ ဘဘသည် အနုပညာလောကထဲသို့ ဂီတကို အခြေခံ၍ ဝင်ရောက်ခဲ့သူဖြစ်ပြီး ဂီတနှင့်ပတ်သက်၍ ဝါသနာ ဆန္ဒ ပြင်းထန်လှသည်။ အသက်ရှူရပ်မှ ဂီတနှင့် ပြတ်မည့်သူ၊ ဂီတကို အသက်ထက်ချစ်သည်။ အကြောင်းသိ ဂီတဝိုင်းတော်သားများက ဘဘမွေးနေ့မှာ ဘဘလက်ရာတေးများကို ပြန်လည်ဖော်ထုတ်ရင်း ဂီတဖြင့် ဂုဏ်ပြုကြသည်မှာ ကြည်နူးစရာ ❜

(ကိုမင်းနောင်)၊ လာလာလေလိုက်ခဲ့တော့(ပိုလ်ကလေးတင့်အောင်၊ ကြည်ကြည်ဌေး)၊ ပိတောက်ချစ်သူ (ဇော်ဝမ်း၊ မာမာအေး)၊ ဂီတအခြေခံ (ကိုမင်းနောင်၊ တင်တင်မြ၊ မာမာအေး)၊ ပျံသန်းရမည့်နေ့ (စိန်စိန်မြိုင်)၊ မေတ္တာရှင်တစ်ခက်ပန်း(ရီလေး)၊ ရှစ်တိုင်းအမွှန်(မာမာအေး)၊ တိမ်မိလ္လာ(တင်တင်မြ)၊ စာခြောက်ရုပ်(ပိုလ်ကလေးတင့်အောင်၊ မာမာအေး)၊ ကိသာဂေါတမီ(ပိုလ်ဗကို၊ မောင်မောင်ကြီး၊ ကိုမင်းနောင်၊ ကမ္ဘောဇမေသင်းရီ)၊ ပန်တော်ကျဒေဝီ (အေဝမ်းတင်တင်လှ)၊ အသည်းထဲက ဆူး(မောင်သိန်းဝင်း၊ အေဝမ်းတင်တင်လှ)၊ ပျော်စရာအစုံ မြို့ရွှေဂုံ(ထား)၊ ဂျမ်းဆိုသော ဂျင်မလေး(ခင်မျိုးအေး)၊ မန်းတောင်ရိပ်ခို (အောင်ထက်၊ မေသက်ထားဆွေ)တို့ဖြစ်ပါသည်။

ဘဘဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော ရုပ်ရှင် ၁၂ ကားရှိသည်။ မများသော်လည်း တစ်ကားဆို ဆိုသလောက် ခရီးပေါက်သည်။ အချို့ကိုဖော်ပြရလျှင် နှောင်ကြိုးကို ငင်ပါ့မယ်(မြင့်အောင်၊ တင်တင်မူ)၊ မေတ္တာဟူသည်(ထွန်းဝေ၊ စံရှားတင်)၊ မေမြတ်နွယ် (မြင့်အောင်၊ ကြည်ကြည်ဌေး)၊ ဆောင်းတစ်ညဝယ် (ဝင်းဦး၊ ဝါဝါဝင်းရွှေ)၊ မြချုသံ(မြတ်လေး၊ တွံတေးသိန်းတန်၊ မာမာအေး)၊ ရွှေဝါ(ကောလိပ်ဂျင်နေဝင်း၊ နွဲ့နွဲ့မူ၊ မေသစ်)၊ ငယ်ကျွမ်းဆွေ(ထွန်းထွန်းဝင်း၊ နွဲ့နွဲ့မူ)၊ နော်မေဖော(ထွန်းထွန်းဝင်း၊ နွဲ့နွဲ့မူ)တို့ဖြစ်သည်။

ပြဇာတ်၊ ရုပ်ရှင်၊ ဂီတဖြင့် မအားလပ်သည့်ကြားမှ အချိန်လု၍ စာရေးပြန်သည်။ ကြေးမုံ၊ ဗမာ့ခေတ်၊ လုပ်သား၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းနှင့် အခြားသော စာစောင်မဂ္ဂဇင်းများတွင် ဝတ္ထုတိုနှင့် ဆောင်းပါးပေါင်းများစွာရေးသားခဲ့ပြီး ဆောင်းပါးလုံးချင်း လေးအုပ်ထုတ်ဝေခဲ့ရာ "ပန်းဝက်ပါ" စာအုပ်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့ပါသည်။

လက်ရှိ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့တွင် နာယက၊ နိုင်ငံတော်မှ ဦးစီးကျင်းပသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကိုလည်း ရှေ့ဆုံးက ဦးဆောင်စီစဉ်ပေးခဲ့သူ တိုင်းပြည်ကို အနုပညာဖြင့် အကျိုးပြုခဲ့သည့်အတွက် ဘဘကို နိုင်ငံတော်မှ စည်သူဘွဲ့၊ ဒေါက်တာဘွဲ့နှင့် ၂၀၁၇ ခုနှစ်အတွက် တစ်သက်တာရုပ်ရှင်ထူးချွန်ဆုတို့ကို ချီးမြှင့်ခဲ့သည်။

ကမ္ဘာမှာ မြန်မာတို့သည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အသံဖြင့် ကိုယ့်လူမျိုး၊ ကိုယ့်ဂီတ မျက်နှာပန်းလှအောင် ဖန်တီးနိုင်ကြသူများဖြစ်သည်။ အစဉ်အလာကြီးမားပြီး အနှစ်သာရပြည့်ဝသည့် မြန်မာသံ ဂန္ထဝင်တေးများကို Channel 9 "ဤဘဝဝယ်" အစီအစဉ်မှ ဘဘဦးဆောင်၍ အပတ်စဉ် ပြန်လည်ဖော်ထုတ်ပေးလျက်ရှိသည်မှာ မြန်မာဂီတလောကအတွက် ဂုဏ်ယူအားတက်ဖွယ်ရာ၊ ဘဘနှင့်အတူ ဘဘတပည့်ရင်း Channel 9 တာဝန်ခံ တေးသံရှင် ဒါရိုက်တာ ခင်နန်းယုထွေး၊ ဂီတမှူး ညမွှေးပန်း ဇော်ဟိန်း(ကွယ်လွန်သူ ညမွှေးပန်း တင်ထွတ်၏သား)၊ စည်သူဘွဲ့ပိုင်ရှင်များဖြစ်ကြသည့် ဂန္ထဝင်အဆိုတော် တင်တင်မြ၊ ထား၊ မောင်မောင်ကြီးနှင့် မျိုးဆက်သစ်တေးသံရှင်များက "ဤဘဝဝယ်" အစီအစဉ်အောင်မြင်ရေး ပါဝင်အားဖြည့်ပေးကြသည်။

ဘဘအရွယ်လေးရလာတော့ အိုပြီဟုထင်ကြမည်။ တကယ်တော့ ဘဘ မအိုသေးပါ၊ မေ ၂၉ ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်မှာ ရုရှားနိုင်ငံက ဘွားသက်ရှည် "အမ်တမ်ဘူလိုဗာ" အသက် ၁၂၉ နှစ်ပြည့် မွေးနေ့ကျင်းပမည့်သတင်း ဖတ်လိုက်ရသည့်အခါ ထိုဘွားဘွားနှင့် ယှဉ်လိုက် လျှင် ဘဘသည် မောင်လေးအရွယ်မျှသာ။ သို့ပါ၍ ဘဘကို ကဗျာဖြင့် ဦးညွတ်ဂုဏ်ပြုလိုက်ချင်သည်က-

"မအိုသေးတဲ့ ဘဘပိုလ်ကလေးတင့်အောင်"

○ ဂီတဖြင့် အလှဆင်၊ စာပေအရာမှာလည်း တန်းဝင်
ရုပ်ရှင်နှင့်ပြဇာတ်၊ နှံ့စပ်သေချာ
လက်ရာမြောက်စံတင်၊ ဂန္ထဝင်တွေထဲက ဘဘ
○ မေ့မရသည်က ငယ်ကျွမ်းဆွေ
ပြည်သူတွေ တမ်းတ၊ ယဉ်ကျေးလှသည့်
မြန်မာ့သုခုမအနုပညာ
ကမ္ဘာမှာ ပြန်ကြည့်၊ နောက်တန်းမှာ မရှိ
ပညာရှင်တိုင်း သိကြသည်
○ သဒ္ဒါရဖြင့်ကြည့်
အားလုံးသည် တအိအိ အို
ဇရာကိုဆန် လှန်၍မရ
ဘဘ အရွယ်လေးကျပေမယ့်
စိတ်ဓာတ်က နုပျို၊ အရင်လိုပါပဲ
ဘာတစ်ခုမှ မမေ့၊ ဆုံတွေ့လေသမျှ
ဆုံးမသွန်သင်၊ မေတ္တာရှင် ဘဘ
ချွေးဒီးဒီးကျစေ၊ ဝေငှဆင့်ကမ်း
အနုပညာလမ်းမှာ လှမ်းနေဆဲ ။ ။

**(စည်သူဒေါက်တာ ပိုလ်ကလေးတင့်အောင် အသက် ၉၆ နှစ်ပြည့် မွေးနေ့ဂုဏ်ပြုအမှတ်တရ)**

**ROLEX , OMEGA** နှင့် **SWISS** နာရီကောင်းများမှန်လျှင်...(၃)နှစ်တစ်ကြိမ်စစ်ဆေးရန်လိုပါသည်။
လူကြီးမင်းတို့၏ တန်ဖိုးကြီးသောနာရီများအတွက် ""အတု - အစစ်"" စစ်ဆေးပေးခြင်း၊ ဈေးမှန်ပေးဝယ်ယူခြင်း
**SERVICE** ပြုလုပ်လိုပါက စေတနာမှန်...စက်ကိရိယာပစ္စည်းအမှန်...နှစ်ကြာကြာ တာရှည်သုံးစွဲလိုပါက
နိုင်ငံခြားပြန် **ROLEX** ဦးညွန့်မောင်၏ သားတပည့်များမှ မိတ်ဟောင်း/မိတ်သစ်များအား အချိန်နှင့်
တစ်ပြေးညီ စိတ်တိုင်းကျအကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်။
၁၉၆၄ ခုနှစ်မှ ယနေ့တိုင် နှစ်ပေါင်း (၅၀)ကျော် စဉ်ဆက်မပြတ် အားပေးလျက်ရှိသော မိတ်ဆွေများ
ကျန်းမာ.ချမ်းသာစွာဖြင့် လိုအင်ဆန္ဒပြည့်ဝကြပါစေ။ **ရွှေလဝင်း နာရီပြုပြင်ရေး**
ရွှေဘုံသာလမ်းအလယ်က အမှတ် (၁၇၁)သို့ ကြွခဲ့ပါ၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁–၂၄၆၈၂၄

**Asia Dragon** (အာရှနဂါး)
ချောင်းသာ 12,000/- ငွေဆောင် 12,000/-
ကျိုက်ထီးရိုး လားဝမ်း
ဖြူးတီး၊ခဲဆော်ဒ် ဖူဏံ၊ဖူမွှား
09 300 300 70, 09 300 300 90

အိမ်အရောက်သင်ပေးသည်
- Managerial Accounting
- Financial Management
- LCCI - 1 & 2
- MYOB - Level 1,2 & 3
- Excel For Accounting
- Computer Basic
- Part Time Accountant

☎- 09 7996 42842, 09 254953952

# ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

**LCCI Level - I&II, III စာရင်းကိုင် သင်တန်းများ ခုံနံပါတ်ယူထားနိုင်သည်။**

**LCCI** ☑ (၂၅)နှစ်ကျော်အတွေ့အကြုံကြောင့် ☑ သင်ကြားမှုပြီးပြည့်စုံစေသည်။

အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎- 09 -776349905, 403090950, 01-371741, 240824



โรงพยาบาลสุขุมวิท
**SUKUMVIT HOSPITAL**

ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့ ***နိုင်ငံတကာအဆင့်မီ ဆုခွန့်ဗစ်ဆေးရုံကြီး*** တွင် ဝါရင့်ကျွမ်းကျင်သော အထူးကုဆရာဝန်ကြီးများမှ နောက်ဆုံးပေါ်ခေတ်မီစက်ပစ္စည်းကိရိယာများဖြင့် လူကြီးမင်းတို့၏ ကျန်းမာရေးနှင့်ပတ်သက်၍ စိတ်တိုင်းကျ ကုသပေးနေပါသည်။ ထို့အပြင် သင့်တင့်သော ဈေးနှုန်း၊ ပျူငှာကောင်းမွန်သော ဝန်ဆောင်မှုတို့နှင့် ကုန်ကျစရိတ် အသက်သာဆုံး အဆင်ပြေဆုံး စိတ်ကျေနပ်မှု ရရှိစေရန် အကောင်းဆုံးဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၇၇-E)၊ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Hot Line : 09-338 444 00, 09-338 444 11
sukumvit.ygnoffice@gmail.com, www.facebook.com/sukumvithospitalmyanmaroffice

# မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
**Box** ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
**09-450042704**
**09-250095116**
**09-420096296**

## ထိုင်းနိုင်ငံ၊ ဝေ့ဌာနီ ဆေးရုံကြီး၏ အထူးအစီအစဉ်

ထိုင်းနိုင်ငံ၊ ဝေ့ဌာနီဆေးရုံကြီးမှ ကင်ဆာအထူးကု ဆရာဝန်လေးယောက်ပါဝင်သောအဖွဲ့သည် ယနေ့ကမ္ဘာတွင်သာမက မြန်မာနိုင်ငံတွင် အဖြစ်များလာသော ကင်ဆာရောဂါအမျိုးမျိုး၊ အမျိုးသမီးကင်ဆာရောဂါများ၊ ကလေးသွေးကင်ဆာများနှင့်ပတ်သက်၍ ပြီးပြည့်စုံသော အထူးကုသမှုခံယူခြင်းနှင့် မည်ကဲ့သို့ စောစီးစွာ နည်းလမ်းရှာဖွေ ကုသခံယူနိုင်မှု နည်းလမ်းများအကြောင်းကို ၂၀၁၈ခုနှစ်၊ ဇွန်လ ၂၇ရက် Hotel Melia တွင် ဆွေးနွေးဟောကြားပေးမည်ဖြစ်ပါသည်။ **"အခမဲ့"** လာရောက်တိုင်ပင်နိုင်ပါသည်။

စိတ်ပါဝင်စားသူများနှင့် တိုင်ပင်ဆွေးနွေးလိုသူများ ကြိုတင်စာရင်းပေးနိုင်ပါသည်။

**ZAW MAUNG MEDICAL SERVICES**
Ph:09-254254330, 09-799645804
(နံနက် ၁၀း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအတွင်းသာ ဆက်သွယ်ပါရန်)







Authorized Sole Distributor in Myanmar
Kaday Myaing Co., Ltd
Bldg 31, Rm.no 5, Sabai St,
Near Yuzana Plaza.
Ph: 01 203671, 205756

Imported from Singapore
www.goldenedensleepsolutions.sg



# Facebook လူမှုကွန်ရက် စံနှုန်းများ

မြန်မာပြည်က သုံးစွဲသူတွေဟာ နေ့စဉ်နေ့တိုင်း သူတို့အကြောင်းတွေကို သူငယ်ချင်းတွေနဲ့ မျှဝေဖို့၊ ကမ္ဘာတစ်ဝန်းက အဖြစ်အပျက်တွေကို အခြားသူတွေရဲ့ အမြင်တွေနဲ့အတူ သိရှိနိုင်ဖို့၊ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ဖို့၊ သူတို့ စိတ်ဝင်စားတဲ့ အကြောင်းအရာတွေဖတ်ရှုဖို့အတွက် Facebook ကို အသုံးပြုကြပါတယ်။ ဒီလိုမျှဝေတဲ့အခါ သုံးစွဲသူ အချင်းချင်း လုံခြုံစိတ်ချပြီး လေးစားမှုရှိတဲ့ ပတ်ဝန်းကျင်ဖြစ်နေဖို့ အလွန်ပဲ အရေးကြီးပါတယ်။ ဒါကြောင့် Facebook မှာ ဘယ်လိုအကြောင်းအရာတွေ ခွင့်ပြုတယ်၊ မပြုဘူးဆိုတာတွေကို လူမှုကွန်ရက်စံနှုန်းတွေ အနေနဲ့ ပြဋ္ဌာန်းထားပါတယ်။ Facebook ပေါ်မှာ မရှိသင့်ဘူးလို့ထင်တဲ့ အကြောင်းအရာတွေကိုလည်း Facebook ကို တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားချက် အားလုံးကို အမည်လျှို့ဝှက်ထားမှာ ဖြစ်ပြီးတော့ သင်တိုင်ကြားထားတဲ့ အကြောင်းအရာက Facebook ရဲ့ မူဝါဒတွေကို ချိုးဖောက်၊မဖောက် ဆိုတာကိုလည်း ပြန်လည်အသိပေး ပြောကြားပေးသွားမှာ ဖြစ်ပါတယ်။



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများကို သင်သိပါသလား။



ကျေးဇူးပြု၍ အမုန်းစကား မပြောပါနှင့်။



အွန်လိုင်းပေါ်တွင် အခြားသူများအား အနိုင်ကျင့်ခြင်းနှင့် နှောင့်ယှက်ခြင်းကို တားမြစ်သည်။



ကျေးဇူးပြု၍ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများ Post မလုပ်ပါနှင့်။




Facebook စည်းမျဉ်း ချိုးဖောက်သည့် အကြောင်းအရာ အားလုံးကိုတိုင်ကြားနိုင်ပါသည်။ စည်းကမ်းချိုးဖောက်သည့် အကြောင်းအရာတွေ တိုင်ကြားနည်းကို သိနားလည်ရန် www.facebook.com/help/reportlinks ကိုဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

facebook
Learn more at: https://www.facebook.com/safety/resources/myanmar
Ma Thel Nu Soe
Ph : 09 799145081, 09788343331


MIXAGRIP
Peppermint
LOZENGES
မစ်ဆာဂရစ် ငုံဆေးပြား
သင့်လည်ချောင်းကိုရှင်းသွားစေမှာပါ
လန်းဆန်းတဲ့ အသက်ရှူသွင်းမှုကို သင် ခံစားရမည်
MIXAGRIP
Peppermint
LOZENGES
Lemon Flavour
KALBE
STRONG
6 Lozenges @2.5g Net Weight: 15g
MIXAGRIP
Peppermint
LOZENGES
Original Flavour
KALBE
EXTRA STRONG
6 Lozenges @2.5g Net Weight: 15g
သင့်လည်ချောင်းကိုရှင်းသွားစေမှာပါ aaahhhhh.....
KALBE

# STRATEGY FIRST INSTITUTE

## Civil Engineer တစ်ယောက်ဖြစ်လိုတဲ့ အိပ်မက်ကို အကောင်အထည်ဖော်နိုင်ဖို့

## B.Eng Degree Pathway HND Civil Engineering

SQA Scottish Qualifications Authority





တက္ကသိုလ်ဝင်တန်းအောင်များအတွက် UK နိုင်ငံ SQA (Scottish Qualifications Authority) မှချီးမြှင့်မည့် Higher National Diploma HND in Civil Engineering ကို (၂) နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသွားပါက SQA နှင့် ချိတ်ဆက်ထားသော UK နှင့် အခြားသောနိုင်ငံတကာ တက္ကသိုလ်များတွင် နောက်ထပ် (၁) နှစ် (သို့) (၂) နှစ် တက်ရောက်ပြီး ကုန်ကျစရိတ်သက်သာစွာဖြင့် B.Sc (သို့) B.Eng. Civil Engineering ဘွဲ့ကိုရယူနိုင်မည်ဖြစ်သည်။ ကျောင်းသား / သူများသည် Civil Engineering ဘာသာရပ်များကို လက်တွေ့လုပ်ဆောင်ချက်များနှင့် အသေးစိတ်လေ့လာရမည်ဖြစ်ပါသည်။

**ဝင်ခွင့်သတ်မှတ်ချက်**

သင်္ချာနှင့် ရူပဗေဒ နှစ်ဘာသာပေါင်း ရမှတ် ၁၃၀ မှတ် နှင့်အထက် IGCSE တွင် သင်္ချာနှင့် ရူပဗေဒ 2Bs ရရှိထားရမည်။

**သင်တန်းကြေးနှင့် ပညာသင်ဆု**

ပထမနှစ် ၃,၅၀၀,၀၀၀ + ဒုတိယနှစ် ၃,၈၀၀,၀၀၀ + SQARegistration စတာလင်ပေါင် (၂၆၀)

ပညာသင်ဆုကို သိန်း (၂၀) အထိ ချီးမြှင့်ပါမည်။

**ဇူလိုင်လ (၂) ရက် အတန်းသစ်စမည်။**

#Yangon Campus (1) - 8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon, Myanmar.
#Yangon Campus (2) - 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
#Yangon Campus (3) - 237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.
#Yangon Campus (4) - 575, Near Hladen Bridge appearance and Marlar Bus Stop, Pyay Road, Kamaryut Township, Yangon.
#Mandalay Campus - Block 4, Unit 8, Mingalar Mandalay, 73rd Road, Between Thazin and Ngu Shwe War Road, Mandalay.
#Monywa Campus - Kyaukka Road, Nanda Wunn Ward, Monywa.

**CALL NOW : 09 450 1777 71**



# Racer College

## ၂၀၁၇-၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ Congratulation!

SQA(UK) မှပေးအပ်ချီးမြှင့်မည့် HND

**အင်ဂျင်နီယာပညာ လိုလားသူများအတွက် အခွင့်လမ်းကောင်းများ**

- Architecture
- Civil Engineering
- Electronics Engineering



SQA

APPLY NOW !

www.racercollege.com

www.facebook.com/racercollege

**အမှတ် - ၂(ဘီ)၊ ၂၈လမ်း၊ ၇၁-၇၂လမ်းကြား၊ မန္တလေးမြို့။ ☎ ၀၉-၂၀၁၄၄၅၀**


**ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆/အနောက်)ရပ်ကွက် မြင်တော်သာလမ်း၊ အမှတ်(၂၄၅/က)ဟုခေါ်သည့် (၆)ထပ်(လွှာချင်း)ကန်ထရိုက်တိုက်၏(၅-လွှာ)တိုက်ခန်း အခရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

အထက်ပါတိုက်ခန်းကို မြေပိုင်ရှင် ဦးကျော်မြင့်(၁၂/သကတ(နိုင်)၁၃၇၀၉၂)က တရားဝင်ပိုင်ရှင်အဖြစ် လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွဲပြောင်းရောင်းချပိုင်ခွင့် ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)ပေးချေထားပြီဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

ဦးသန့်ဇင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

ဒေါ်ဟန်နွေနိုင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀) ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။


လိုင်မြက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ

**ခရုသင်း၊ သမင်ဖြူ**

နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာ ယူနိုင်ပါသည်။

ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ ပျောက်ကင်းစေသော အရေပြားရောဂါများကို ကုသပေးသည်။

အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။

ဖုန်း ၀၁-၂၅၂၂၅၉၈၊ ၀၁-၂၄၃၈၅၅


**ဖခင်အမည်မှန်**

ခရမ်းမြို့၊ အထက(၁) ဒသမတန်း(E)မှ မဇင်မို့မို့ထက်၏ ဖခင် အမည်မှန်မှာ ဦးနိုင်လင်းထွေး [၁၂/ခရန(နိုင်)၀၉၉၆၆၉] ဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း**

ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ ပေ(၆၀×၆၀)၊ မြေကွက်အမှတ်(ဒ-၂၇၇)၊ ဦးတင်ကို(ဘ)ဦးမြ [၉/လဝန(နိုင်)၁၀၉၈၆၂]၊ အမည်ပေါက်ပါမစ်မြေကွက်၏ မြေပေးမိန့်အား ဦးတင်ကိုထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၅/၂၀၁၂)ရရှိထားသူ ဒေါ်မိုးမိုး(ဘ)ဦးထွန်းအောင်သာ [၁၁/ဘသတ(နိုင်)၀၀၂၁၀၄]မှ မြေပေးမိန့်ပျောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်မိုးမိုးအား ထုတ်ပေးမည်ဖြစ် ကြောင်းကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


**သိမ်းသန်းဆက်**

**အိမ်ပြောင်း / အိမ်ရှေ့လုပ်ငန်း**

**မြို့တွင်း / နယ်ဝေး**

**09-440390558**

**09-784109116**


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၉၀၁/က)၊ မြေကွက်တည်နေရာအမှတ်(၉၀၁/က)၊ သီရိဇေယျာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးတင်မောင်(၁၂/ဥကတ(နိုင်)၀၁၉၇၉၁)အမည်ပေါက်နေထိုင်(၆၀)ကရန်မြေအား အမည်ပေါက်ဦးတင်မောင်(ဖခင်)သည်(၇-၂-၂၀၀၂)နေ့တွင်ကွယ်လွန်ပြီး၊ ဒေါ်ခင်သန်းအေး(မ)ဒေါ်ခင်အေးမှ သည်(၁၆-၇-၂၀၀၀)နေ့တွင်ကွယ်လွန်သဖြင့် ဒေါ်လှလှတင်(၁၂/ဥကတ(နိုင်)၁၂၅၇၅၅)၊ ဒေါ်သန္တာတင်(၁၂/ဥကတ(နိုင်)၁၇၂၅၂၂)တို့မှ ကွယ်လွန်သူမိဘများ၏ တရားဝင်အမွေဆက်ခံသူ(၂)ဦးတည်းကိုသာ အမွေစားအမွေခံ ကျန်ရစ်ကြောင်း ... ဤကြော်ငြာပါသည့်နေ့မှ စ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လေဆိုးတွေကိုဖျက်၊ လေကောင်းတွေကိုဆက်၊ အစာကြေလေသက်
သမားစဉ်ဆက် ဆေးစွမ်းထက်မြက် သုံးဖူးသူတိုင်းလွှန်နစ်သက်
ဗိန္ဒာယက် လေကျွဲဆေး နှင့် ဆက်
အစာကြေဖျင်ပြည့်ရင်ကယ်၊ လေထိုးလေထိုးလေအောင့်၊ ဝမ်းတောဝမ်းဗောင် ရောဂါများ သုံးစွဲနိုင်ပါသည်။

ချွဲသလိပ်ကြေပြီး ချောင်းဆိုးရင်ကျပ်ကင်းစေတဲ့ ရသာဓါတ်မှာချိုချဉ်သက်
ဆောင်းနွေမိုး
ချွဲသလိပ်ကြေပက်လင်ချဉ်လျှက်ဆား

IGCSE
CAMBRIDGE International Examinations
edexcel Approved Centre
အသက်၁၄နှစ်ပြည့်ပြီးသူတိုင်း IGCSE ဖြေဆိုခွင့်ရှိသည်။ နိုင်ငံတကာအတွေ့အကြုံရှိ UK ဘွဲ့ရ Master နှင့် PhD ဒေါက်တာဆရာများမှ တစ်နှစ်အတွင်း Text book, Revision Guide နှင့် Past Paper များကို နှစ်ခေါက်ပြီးအောင် လေ့ကျင့်ပေးမည်။
- Free study guide
- Free school fees for second year
- Guarantee to get A and A*
- Refund policy for not achieving good grades
ဂုဏ်ထူး A နှင့် A* များရရှိရန် အာမခံသည်။
Exam Result ကောင်းပါက School fees များပြန်ပေးမည်။
No. 704, Yadanar Housing, Yadanar Road, Sout Okkalapa Township
Ph. 09 799 24 24 31 , 09 448 331 664

SEVEN စံ မာ်
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
ရွှေပေါက်ကံ၊ ရွှေပြည်သာ
အိမ်အရောက် ငွေပေးချေသည်။
'ပွဲခလုံးဝမယူပါ'။
09 - 33 333 511, 09 - 33 333 514, 09 - 33 333 644

FAME
Echinacold®
For acute respiratory tract infection
TMR 007347 (1216)
အအေးမိတုပ်ကွေးရောဂါကုဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-965559860

FAME
Starnise®
Natural medicine for influenza
TMR 009069 (0717)
နာနတ်ပွင့်ဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-73142216

# ဆက်သွယ်ရေး Fiber Cable (ဖိုင်ဘာကေဘယ်) ကုမ္ပဏီများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့တော်အတွင်း တည်ဆောက်ထားသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် ဆက်သွယ်ရေးတိုင်များပေါ်တွင် ခွင့်ပြုချက်မရှိဘဲ Fiber Cable များ တရားမဝင်သွယ်တန်းထားသည်ကို စိစစ်တွေ့ရှိနေရပါသည်။

ထိုသို့ တရားမဝင်သွယ်တန်းထားသော Fiber Cable များနှင့် ပတ်သက်၍ လာရောက် ဆက်သွယ်/ဖယ်ရှားပေးရန်အတွက် သက်ဆိုင်ရာကုမ္ပဏီများသို့ ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂၃) ရက်တွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်တွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ (၁၂) ရက်တွင်လည်းကောင်း အသိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ တရားမဝင်သွယ်တန်းထားသော Fiber Cable များကို သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ၂၀၁၈ ခုနှစ်၊ ဇွန်လ (၃၀) ရက်အတွင်း လာရောက်ဆက်သွယ်/ဖယ်ရှားပေးရန်နှင့် လာရောက်ဆက်သွယ်/ဖယ်ရှားခြင်းမရှိပါက သွယ်တန်းထားသော Fiber Cable များအား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၂) ရက်မှစတင်၍ ဖယ်ရှားသွားမည်ဖြစ်ပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

STRATEGY FIRST INSTITUTE

OXFORD BROOKES UNIVERSITY





တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ပြီးသူ လူငယ်များအတွက်

Undergraduate Pathway Programme Leading to BA (Hons) Business & Management, Oxford Brookes University.

တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ပြီးသူများအတွက် UK နိုင်ငံ Oxford Brookes University မှ BA (Hons) Business & Management ဘွဲ့ကို STRATEGY FIRST တွင် UK Diploma များမှတစ်ဆင့် ရယူနိုင်ပါပြီ။ BA (Hons) Business & Management Pathway Bachelor Programme ကို Foundation (၃)လ၊ ပထမနှစ် (၁) နှစ်၊ ဒုတိယနှစ် (၁) နှစ် နှင့် နောက်ဆုံးနှစ် (၁) နှစ် တက်ရောက်ရမှာဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအနေနဲ့ စုစုပေါင်း (၃) နှစ် (၃)လ ခန့်ဖြင့် UK နိုင်ငံ Oxford Brookes University မှ တိုက်ရိုက် ပေးအပ်တဲ့ဘွဲ့ကို ရရှိမှာပဲဖြစ်ပါတယ်။ စီးပွားရေးနှင့် ပတ်သက်ပြီး အခြေခံမှသိရှိစေရန် Foundation ကာလ (၃) လ ဦးစွာတက်ရောက်ရမည်ဖြစ်ပြီး ထို (၃) လပြီးပါက ပထမနှစ်ကို စတင်တက်ရောက်ရမှာ ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ STRATEGY FIRST တွင်ပင် (၃) နှစ်လုံး စရိတ်သက်သာစွာဖြင့် မိဘနဲ့မခွဲပဲ တက်ရောက်နိုင်မည် ဖြစ်ပြီး BA (Hons) Business & Management Bachelor ဘွဲ့ကို UK နိုင်ငံ Oxford Brookes University မှာ ကျင်းပတဲ့ Graduation Ceremony တွင် တက်ရောက်ရယူခွင့်ရရှိမှာ ဖြစ်ပါတယ်။

ဂုဏ်ထူးရဘာသာရပ်အလိုက် Scholarship အစီအစဉ်

| | |
|---|---|
| အခြားလိုင်စာ အမှတ် ၆၀ နှင့် အထက် | - ၂ သိန်းကျွပ် |
| အခြားလိုင်စာဂုဏ်ထူး | - ၄ သိန်းကျွပ် |
| ဂုဏ်ထူး ၁ ဘာသာ | - ၂ သိန်းကျွပ် |
| ဂုဏ်ထူး ၂ ဘာသာ | - ၄ သိန်းကျွပ် |
| ဂုဏ်ထူး ၃ ဘာသာ | - ၆ သိန်းကျွပ် |
| ဂုဏ်ထူး ၄ ဘာသာ | - ၈ သိန်းကျွပ် |
| ဂုဏ်ထူး ၅ ဘာသာ | - ၁၅ သိန်းကျွပ် |
| ဂုဏ်ထူး ၆ ဘာသာ | - သိန်း (၂၀) ကျွပ် |

Cash down သွင်းတဲ့သူတွေအတွက် ၁၀% Discount

■ သင်တန်းကြေး ■ ပထမနှစ် (Foundation အပါအဝင်) - ၃,၅၇၅,၀၀၀ ကျပ် + Registration Fees - 259 GBP (HNC+HND)

ရန်ကုန်၊ မန္တလေး၊ မုံရွာ တန်းခွဲသစ်များ ဇူလိုင်လ (၂) ရက်နေ့ စမည်။

#Yangon Campus (1) - 8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon, Myanmar.
#Yangon Campus (2) - 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
#Yangon Campus (3) - 237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.
#Yangon Campus (4) - 575, Near Hladen Bridge appearance and Marlar Bus Stop, Pyay Road, Kamaryut Township, Yangon.
#Mandalay Campus - Block 4, Unit 8, Mingalar Mandalay, 73rd Road, Between Thazin and Ngu Shwe War Road, Mandalay.
#Monywa Campus - Kyaukka Road, Nanda Wunn Ward, Monywa.

ရန်ကုန် : 09 450 1777 71
မန္တလေး : 09 444 555 616
မုံရွာ : 09 4242 67 577

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ယူရိုငွေ ၁ ဒသမ ၃၇၈ သန်းတန်ဖိုးရှိ ကျောက်မျက်အတွဲ ၆၉ တွဲ ရောင်းချရ


ကျောက်စိမ်းအတွဲများဝယ်ယူရန် ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် ဇွန် ၂၃

**(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့အဖြစ် ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။**

ယနေ့ကျင်းပသည့် ကျောက်မျက်ရောင်းချပွဲ၌ အခြေခံဈေးနှုန်း ယူရိုငွေ ၅၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် ကျောက်မျက်အတွဲပေါင်း ၃၃၆ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာ ကျောက်မျက်ရတနာကုန်သည်များက ယူရိုငွေ ၁ ဒသမ ၃၇၈ သန်းတန်ဖိုးရှိ ကျောက်မျက်အတွဲပေါင်း ၆၉ တွဲအား ဈေးပြိုင်ဝယ်ယူခဲ့ကြသည်။

**တင်ဒါထည့်သွင်း**

ထို့ပြင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် ပရဝဏ်အတွင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဇွန် ၂၄ ရက်မှ ၂၉ ရက်အထိ ရောင်းချမည့် အခြေခံဈေးနှုန်း ယူရိုငွေ ၄၀၀၀ နှင့်အထက် ကျောက်စိမ်းအတွဲများ၊ အခြေခံဈေးနှုန်း ယူရိုငွေ ၁၀၀၀ နှင့်အထက် အချောထည်ကျောက်စိမ်းတွဲများကို ကြည့်ရှုလေ့လာကြပြီး သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ဈေးနှုန်းတင်သွင်းလွှာများကို အပြိုင်အဆိုင် ထည့်သွင်းကြသည်။

အဆိုပါ ကျောက်စိမ်းအတွဲများ၌ အခြေခံဈေးနှုန်း ယူရိုငွေ တစ်သန်းနှင့်အထက် တင်ပြရောင်းချသည့် ကျောက်စိမ်းအတွဲ ၁၄ တွဲပါရှိပြီး ယင်းအတွဲများအနက် ယူရိုငွေ ၁၅ သန်းဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲ တစ်တွဲလည်း ပါဝင်ကြောင်း သိရသည်။

**အများဆုံးဝယ်ယူ**

ကျောက်စိမ်းအတွဲများကို ပြည်ပမှ တရုတ်နိုင်ငံသား ကျောက်မျက်ရတနာကုန်သည်များက အများဆုံးဝယ်ယူကြပြီး ယခုပြပွဲတွင်လည်း ထိုင်း၊ ကနေဒါ၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့မှ ကျောက်မျက်ရတနာကုန်သည်များထက် ပိုမိုလာရောက်ကြောင်း သိရသည်။

"ကျွန်တော် နေ့တိုင်း ကျောက်စိမ်းအတွဲကို ကြည့်ပြီး အကြိုက်တွေ့တဲ့ ကျောက်စိမ်းတွဲတွေကို ဈေးပြိုင်ဝင်ဆွဲပါတယ်၊ ဒီတစ်ခေါက် ကျောက်စိမ်းပွဲမှာ ကျောက်စိမ်းအတွဲပေါင်း ၆၀၀၀ ကျော်ရှိတဲ့အနက် ရှေ့ပိုင်းအတွဲ ၃၀၀၀ လောက်မှာ ကျောက်ရဲ့ လိုအပ်ချက်တွေကို တွေ့ရပေမယ့် ကျွန်တော်အနေနဲ့ အတွဲအများကြီး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

# ငြိမ်းချမ်းရေးစက်ဘီးစီးပွဲတော် မြိတ်မြို့၌ ကျင်းပ စက်ဘီးအစီး ၁၀၀၀ ကျော် စုပေါင်းစီးနင်း

မြိတ် ဇွန် ၂၃

**တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို နားလည်သိရှိ သဘောပေါက်စေရန်နှင့် ငြိမ်းချမ်းရေးဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် ပြည်သူလူထုပူးပေါင်းပါဝင်လာရေး ရည်ရွယ်၍ ငြိမ်းချမ်းရေးစက်ဘီးစီးပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် စတင်ကျင်းပရာ မြိတ်မြို့ မြို့မအားကစားကွင်းစုရပ်မှစတင်၍ စက်ဘီးစီးဝါသနာရှင်များစုပေါင်းကာ စက်ဘီးအစီး ၁၀၀၀ ကျော်ဖြင့် တပျော်တပါး စုပေါင်းစီးနင်းခဲ့ကြကြောင်း သိရသည်။**

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✪


ငြိမ်းချမ်းရေးစက်ဘီးစီးပွဲကို မြိတ်မြို့အတွင်း၌ သတ်မှတ်လမ်းကြောင်းအတိုင်း စက်ဘီးစီးဝါသနာရှင်များ တပျော်တပါး စီးနင်းကြစဉ်။




# ၂၀၁၇ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံးအားကစားသမားဆုပေးပွဲ ကျင်းပ

## အထူးဆု အောင်လအန်ဆန် ရရှိ

**ရန်ကုန် ဇွန် ၂၃**

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က ချီးမြှင့်သည့် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံးအားကစားသမားဆုပေးပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ - ၁ သုဝဏ္ဏ၌ ကျင်းပသည်။ ယင်းဆုပေးပွဲတွင် အကောင်းဆုံးအားကစားသမားဆု အမျိုးသားနှင့် အမျိုးသမီး၊ အကောင်းဆုံးအသင်းဆု၊ အကောင်းဆုံးနည်းပြဆရာဆုနှင့် အထူးဆုပါ ဆုစုစုပေါင်းငါးဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

အကောင်းဆုံးအမျိုးသားကစားသမားဆုကို ထွန်းထွန်းအောင်(ကာယဗလ)၊ အကောင်းဆုံးအမျိုးသမီးကစားသမားဆုကို မေပိုးဝါ(သေနတ်ပစ်)၊ အကောင်းဆုံးအသင်းဆုကို မြန်မာ့ရိုးရာလှေလှော်အသင်း၊ အကောင်းဆုံးနည်းပြဆရာဆုကို ကာယဗလနည်းပြဆရာဦးမင်းဇော်ဦးနှင့် အထူးဆုကို မြန်မာ MMA ကစားသမား အောင်လအန်ဆန်တို့က ရရှိခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၅ သို့ ✳




အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284

ဆောင်းပါး

## ဆန်းလင်းအောင်



# ယနေ့လူငယ် နောင်ဝယ်လူကြီး

လူကြီးတွေ ဝိုင်းဖွဲ့စကားကောင်းနေတဲ့အနား ကလေးတစ်ယောက်ရောက်သွားရင် “သွား ဒီနားမလာနဲ့ ကလေးက ကလေးနေရာနေ ဟိုဘက်ဝေးဝေးသွား” စသဖြင့် ငေါက်ငမ်းပြောဆို နှင်လွှတ်တာမျိုးတွေ၊ ဟိုတစ်ချိန်တောရွာက အလှူပွဲတွေမှာဆိုရင် လူကြီးတွေ ထမင်းစားပြီးမှ ကလေးတွေ စားကြရမယ် ဆိုတာမျိုး၊ လူကြီးသပ်သပ် ကလေးသပ်သပ် ထမင်းစားခိုင်းတာမျိုး၊ လူကြီးတွေအတွက် ဟင်းလျာကို ခွက်နဲ့သေချာထည့်ပေးပြီး ကလေးတွေကို တစ်ယောက်တစ်တုံးစီ စားမယ့်ပန်းကန်ထဲ ပုံထည့်ပေးတာမျိုး၊ ကလေးက တစ်ခုခု လုပ်မယ်ကြံရင် “နင် မလုပ်တတ်ပါဘူး အသာနေစမ်းပါ” ဆိုပြီး မလုပ်ခိုင်းတာမျိုး၊ ငါပြောသလိုမလုပ်ရင် အရိုက်ခံရမယ်ဆိုပြီး ကလေးတွေရဲ့ဆန္ဒကိုခေါက် စရိုက်ကောင်း၊ ဗီဇကောင်းတွေကို ရိုက်ချိုးပစ်လိုက်တာမျိုး စသဖြင့် ကျွန်တော်အများကြီး တွေ့ကြုံဖူးပါတယ်။

အဲဒီတော့ ဘာဖြစ်သွားလဲ ကလေးတွေမှာ တစ်ခုခုဆိုလုပ်ရဲကိုင်ရဲစိတ်တွေ ပျောက်ကုန်တယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ မရှိကြတော့ဘူး။ အထိန်းအချုပ်များတဲ့ မိဘတွေကြား သံပတ်ပေးစက်ရုပ်လို စိတ်နဲ့လူ မကပ်ကြတော့ဘူး၊ သူတို့ ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတာတောင် သူတို့ကိုယ်တိုင် မသိကြတော့ဘူး။

ပြဿနာတစ်ခုခုဖြစ်လာရင် ပထမ ဒေါသထွက်ဆူပူနေမယ့် မိဘမျက်နှာကို ပြေးမြင်လာမယ်၊ ပြီးတော့ ကိုယ်စွမ်းကိုယ်စ တစ်ခါမှထုတ်မသုံးဖူးတော့ မဝံ့မရဲ အားငယ်စိတ်နဲ့ အားကိုးရှာကြမယ်၊ ဘယ်လောက်တောင် သနားဖို့ကောင်းလိုက်လဲ စဉ်းစားကြည့်။ တကယ်တော့ လူငယ်တွေဟာ လူကြီးတွေရဲ့ အလေးထားဆက်ဆံမှု၊ သူတို့အပေါ် ယုံကြည်ပေးမှု စတာတွေကို သိပ်ပြီးတောင့်တကြပါတယ်။

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများဆိုရင်လည်း တစ်နှစ်ပတ်လုံး ကျောင်းစာတွေနဲ့ပဲ လုံးပန်း၊ အိမ်မှကျောင်း ကျောင်းမှကျူရှင် ပြေးလွှားလှုပ်ရှားနေရတာ သိပ်ကို ပင်ပန်းလှပါတယ်။ လူကြီးမိဘများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူ လူငယ်လေးများအပေါ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာအောင်၊ တရားသဖြင့်တွေးခေါ်တတ်လာအောင် တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်ဖို့ ကြိုးစားသင့်ပါတယ်။ ဒါကြောင့် လူငယ်တွေကို ပြင်ပစာပေများဖတ်ဖို့ တိုက်တွန်းနှိုးဆော်ပေးကြပါ၊ ကာတွန်းသရုပ်ပြစာအုပ်များမှအစပြု၍ သုတရသ စာပေများအထိ ဆွဲခေါ်သွားကြပါ။

ဘုရားဖူးခရီးစဉ်များ လိုက်ပို့ပေးခြင်းဖြင့် လူငယ်လေးများ၏စိတ်ကို ပေါ့ပါးလန်းဆန်းလာအောင် ဖန်တီးပေးကြပါ၊ သဘာဝအလှတွေကို ခံစားတတ်လာအောင်၊ ဒီမြေဒီရေကို မြတ်နိုးချစ်ခင်တတ်လာအောင် ပြုစုပျိုးထောင်ပေးကြပါ။

“ပညာမြင့်မှ လူမျိုးတင့်မည်”ဆိုတဲ့ ဆောင်ပုဒ်ကို အသက်သွင်းဖို့ လူငယ်များကို ကျောင်းနေပျော်၍ စာတော်ရအောင် လူကြီးမိဘများမှ တက်နိုင်သမျှ အချိန်ပေး၍ ဂရုစိုက်လမ်းညွှန်ကြပါ။ အကျင့်ကောင်းဆိုတာ ထိန်းသိမ်းရခက်ပါတယ်။ ငယ်ငယ်ကစွဲလမ်းလာတဲ့ အကျင့်တစ်ခုဟာ ရာသက်ပန် ပြုမရ၊ ပြင်မရနဲ့ အကျင့်ဆိုးရင်ဆိုးသလို အကျင့်ကောင်းရင်ကောင်းသလို တန်ပြန်သက်ရောက်မှုတွေ ရှိလာတတ်ပါတယ်။

ဒါကြောင့် ကလေးလူငယ်တွေကို ငယ်ငယ်ကတည်းက စိတ်ကောင်းနှလုံးကောင်း၊ စာရိတ္တကောင်းများ မွေးမြူတတ်စေဖို့ လူကြီးသူမများကိုယ်တိုင် ရှေ့ဆောင်လမ်းပြဆုံးမသြဝါဒများ မကြာခဏ ပေးသင့်ပါတယ်။

မိဘတော်တော်များများကတော့ ထူးချွန်တဲ့ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်တဲ့ သားကောင်းသမီးကောင်းတွေဖြစ်လာစေဖို့ ညအိပ်ရာဝင်ခါနီးအချိန်မှာပဲဖြစ်ဖြစ်၊ နံနက်စာစားတဲ့အချိန်မှာပဲဖြစ်ဖြစ် လူ့လောက ဝန်းကျင်မှာ ပြုမူနေထိုင်သင့်ပုံများကို အသေးစိတ် စိတ်ရှည်လက်ရှည်ရှင်းပြပေးတတ်ကြပါတယ်(ကျွန်တော်ကိုယ်တိုင် အဆိုပါမိဘတော်တော်များများနဲ့ တွေ့ကြုံခဲ့ဖူးပါတယ်)၊ သူတို့ဟာ သူတို့ရဲ့ဆုံးမစကားတွေ ကလေးရဲ့နားထဲ ထပ်ခါထပ်ခါ ကြားအောင် အကြိမ်ကြိမ်ရိုက်သွင်းထားကြပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဖတ်ဖူးတဲ့အဖြစ်အပျက်လေးတွေကို တင်ပြချင်ပါတယ်၊ အချို့သော မိဘတွေရဲ့ မိမိတို့သားသမီးအပေါ် သွန်သင်ပုံလေးတွေပါ မှတ်သားစရာလည်း ကောင်းပါတယ်။

ဂျာမန်အမျိုးသမီးတစ်ဦးဟာ ငါးနှစ်အရွယ် သူ့ကလေးကို စက်ဘီးစီးသင်ပေးတယ်၊ ကလေးက ခဏခဏ လဲကျနေပေမယ့် ထူမပေးဘူး၊ ကလေးကလည်းငို မိခင်ဖြစ်သူက စက်ဘီးကိုပြန်နင်းခိုင်း နောက်ဆုံး အနီးအနားက အမျိုးသမီးတစ်ဦးက ဘာကြောင့် ထူမပေးတာလဲ မေးတော့မှ “သူ ခုအရွယ်တည်းက ကိုယ့်အားကိုယ်ကိုးတတ်အောင် ကျွန်မသင်ပေးနေတာ”တဲ့။

အမေရိကန် အမျိုးသမီးတစ်ဦးကလည်း နှစ်နှစ်အရွယ် သူ့ကလေးကို ထမင်းစားပန်းကန်တွေ ဆေးခိုင်းတယ်လို့ ဖတ်ဖူးတယ်၊ ကလေးက ပန်းကန်တွေ လွတ်ကျပြီးကွဲတော့ အမေဖြစ်သူက မဆူမငေါက်တဲ့အပြင် ပြုံးပြုံးလေးကြည့်ပြီး “ငါ့သား နောက်ဆို လွတ်မကျဘူးလို့ အမေယုံတယ်”ဆိုပြီး အားပေးရှာသတဲ့။

ဩော် အတုယူစရာ၊ မှတ်သားစရာ ကောင်းလိုက်တာ။ သတိပြုရမယ့်အချက်တစ်ခုက ကလေးသူငယ်တွေရဲ့ စိတ်ကို ရိုက်ချိုးစေမယ့်စကားမျိုး ဘယ်တော့မှ ထုတ်ဖော်မပြောမိပါစေနဲ့။ သူတို့တွေ ညံ့ကြောင်း၊ တုံးကြောင်း ပြောလွှတ်လိုက်မိရင် တကယ်ပဲငါက တုံးအနေပါလားလို့ အရိုးစွဲမှတ်ယူပြီး ဘာပဲလုပ်လုပ် စိတ်အားငယ်နေတတ်ပါတယ်၊ စကားတစ်ခွန်းဟာ လူတစ်ယောက်ရဲ့ဘဝကို အများကြီး ပြောင်းလဲသွားစေနိုင်ပါတယ်။ အချို့လူငယ်တွေရဲ့ စိတ်မှာ ဖြစ်ချင်စိတ်၊ ကြိုးစားလိုစိတ် ပြင်းထန်နေပေမယ့် လူကြီးမိဘတွေရဲ့ နားလည်မှုကင်းမဲ့တဲ့ ချိုးနှိမ်မှုတွေကြောင့် ကြိုးစားလိုစိတ် အညွန့်ကျိုးသွားတဲ့အဖြစ်တွေ ဒုနဲ့ဒေးပါပဲ။

“လူငယ်ဘဝဟာ ဖယောင်းလုံးလေးနဲ့တူတယ်၊ ဒီအရွယ်ဟာ ထုဆစ်ပြောင်းလဲလို့ရတဲ့ အရွယ်လည်းဖြစ်တယ်၊ ဘဝတစ်ခုလုံးရဲ့ အကောင်းအဆိုးကို ဒီအရွယ်ကစတယ်” လို့ ဆင်မြူရယ်စမိုင်းက ပြောဖူးပါတယ်။ “လူငယ်ဘဝမှာ အထာမကျရင် ဘဝတစ်လျှောက်လုံး အထာမကျနိုင်ဘူး” လို့ ဒေါက်တာဂျီလတ်ခ်က ဖွင့်ဆိုခဲ့ဖူးပါတယ်။ “ လူကြီးဘဝမှာ စံပြဖြစ်ဖို့ လူငယ်ဘဝမှာ ပြုပြင်သင့်တာကို ပြုပြင်ပေးလိုက်ပါ”လို့ ဒေးကာနယ်ဂျီက လမ်းညွှန်ခဲ့ဖူးပါတယ်။

အချို့မိဘတွေကျတော့ သားသမီး လမ်းမှားရောက်နေတာကို သိသိကြီးနဲ့ ငြိုငြင်ခံရမှာစိုးတဲ့အတွက် ဟန့်တားဆိုဆုံးမမှုတွေမလုပ်ဘဲ ဘာသိဘာသာ နေလေ့ရှိပါတယ်၊ ဒီအချက်ဟာ မိဘရဲ့ တာဝန်မကင်းမှုကြောင့် သားသမီးတွေ မှားရခြင်းဖြစ်ပါတယ်။

“ပုပ္ပါစရိယ မိနှင့်ဖ”ဆိုတဲ့စကားဟာ အကြောင်းမဲ့မဟုတ်ပါဘူး၊ မိဘဆိုတာ သားသမီးကို လမ်းညွှန်သူဖြစ်ရမယ်။ အမှားအမှန်ကို ဝေဖန်ခွဲခြား သုံးသပ်ပြပေးရမယ်၊ မကောင်းတာကို တားမြစ်ပိတ်ပင်ရပါမယ်။ အစ်ကိုတစ်ယောက်ရဲ့ စကားကတော့ မှတ်သားစရာလေးပါ။ သူကပြောတယ်။

“ငါ ကလေးတွေရှေ့မှာ ဘယ်တော့မှ ကြမ်းတမ်းတဲ့စကားမျိုး မပြောဘူး၊ သူတို့လေးတွေ အတုယူမှားမှာစိုးလို့”တဲ့ သူ့လိုစိတ်ဓာတ် မွေးမြူကျင့်သုံးနိုင်အောင် ကြိုးစားကြဖို့ တိုက်တွန်းနှိုးဆော်ပါရစေ။

လူကြီးများအနေနဲ့ ကလေးလူငယ်များအပေါ် ကောင်းမှု၊ မကောင်းမှုကို တိကျသေချာစွာ ခွဲခြားပြပါ။ လူငယ်တို့ရဲ့ဘဝ ဖြောင့်ဖြူးသာယာဖို့ မှန်ကန်တဲ့ သွန်သင်ဆုံးမမှုကို ပြုလုပ်ပေးကြပါ။ တတ်နိုင်သမျှ အားပေးချီးမြှောက်ပေးကြပါ။ လူငယ်လေးတိုင်းမှာ မတူညီတဲ့ စွမ်းရည်ကိုယ်စီရှိကြတယ်လို့ ယုံကြည်ပေးပြီး ကိုယ်စွမ်းကိုယ်စတွေ ထုတ်သုံးတတ်လာအောင် အလေ့အကျင့်ပေးကြပါ။ ဆရာကြီး ဦးအောင်သင်းပြောဖူးတယ်။ “ ငါတို့နိုင်ငံမှာ လူငယ်တွေကို လေးစားရကောင်းမှန်းမသိတာ သိပ်ကို ရင်နာဖို့ကောင်းပါတယ်”တဲ့။ လူကြီးတွေအနေနဲ့ လူငယ်တွေကို တလေးတစားနဲ့ နေရာပေးဆက်ဆံကြဖို့ တိုက်တွန်း အကြံပြုပါရစေ။

ဘာဖြစ်လို့လဲဆိုတော့ “ယနေ့လူငယ် နောင်ဝယ်လူကြီး” ဆိုတဲ့စကားအတိုင်း ကမ္ဘာကြီးရဲ့ အနာဂတ်ဟာ လူငယ်တွေလက်ထဲမှာ ရှိနေတာကြောင့်ပါ။ ဒါကြောင့် လူငယ်တွေကို လမ်းဖွင့်ပေးကြပါ။ သူတို့တွေကို အလေးထားဆက်ဆံပေးကြပါ။ ယုံကြည်မှုတွေရှိလာအောင် တွန်းအားပေးကြပါ။ အနာဂတ်ကောင်းတွေ ပိုင်ဆိုင်နိုင်ဖို့ လမ်းပြပေးကြပါ။ ။

## အနာဂတ်နိုင်ငံတော်

ပြည်မြန်မာ ဤဌာန
ညီညာမှ ဝေဆာ၊
တည်ပါရ မြေကမ္ဘာမှာ
ရွှေမြန်မာ တင့်ဆန်း။
ကယား၊ ရခိုင်၊ ကရင်ရှင်တဲ့
ကချင်၊ မွန်၊ ချင်း၊ ဗမာနဲ့ ရှမ်း။
ရိုးမတို့ တောင်တန်းအသွယ်သွယ်
အဆောင်ကြွင့်နှံးနှယ် စံမြန်း။
နောင်လမ်းသွယ် အမှန်လှမ်းပါမှ
မှန်နန်းက ထာဝရတည်၊
ချင်းတွင်း၊ သံလွင် စစ်တောင်းကိုလ
နှစ်ထောင်းကြ ဧရာဝတီ။
ဇာတိသွေး ဘာမထီကွယ်
သာကီနွယ် ဂုဏ်အချင်းကိုပို့
ရိုင်းပင်းကြ စိတ္တကိုယ်စီ
တွဲလက်ညီညီ၊
လှမ်းကိုင်ရ ဒီမိုကရေစီ
ပြည်ဗဟိုရ်ဝေမည် ရှင်လန်းစရာပါ့လေး။ ။

မောင်လင်းလတ်(ရွှေဆေးမြေ)

## ပန်းတိုင်သို့

လူ့လောက မြေကမ္ဘာ
မာယာပြည့်လမ်း။
ကြုံတွေ့လာ အခက်အခဲကို
ဇွဲနှင့်လျှောက်လှမ်း။ ။
လောကဓံ ဒုက္ခကြမ်းကို
ပင်ပန်းလည်း မမှုစေ
အားတင်းလျှောက်လေ။
မည်သို့မသွေ
ခက်ခဲနေ ဒုက္ခ။
နီးကြားစွာ ကြိုးစားကာ
သတ္တိဇွဲဆောင်မှ အောင်ပွဲတွေရ။ ။
ဇွဲမာန်ကူ စိတ်အလှတွေနဲ့
ရန်းထွက်ရ ဇောန်ပေ။
ဉာဏ်ကွန့်ကာ လုံ့လထားလို့
ကြိုးစားပါလေ။
အောင်မြင်မှု လမ်းစတွေ
မှန်းဆဖွေ ခရီးဖောက်။
ဒိဋ္ဌပါ စိတ်သန်ရာ
မျှော်ရည်မှန်းတဲ့ ပန်းတိုင်သို့ရောက်။ ။

သက်မွန်(မော်ကျွန်း)

ဆောင်းပါး

လှိုင်းလေပြေဦး(ညောင်ဦး)

# ပြုစုပျိုးထောင်ခြင်း အနုပညာ

စာဖတ်သူအနေနဲ့ မိသားစုလို့ ပြောလိုက်တဲ့အခါ နွေးထွေးမှုကို ခံစားလိုက်ရသလား။ ခါးသက်မှုကို ခံစားရလေသလား။ ဖြတ်သန်းပုံဘဝတွေမတူတဲ့အခါ ခံစားမှုတွေကလည်း မတူနိုင်ပါဘူး။ ကျွန်မက ဘဏ်ဝန်ထမ်းဆိုတော့ လေဆိပ်ငွေလဲကောင်တာမှာလည်း တာဝန်ကျတတ်ပါတယ်။ ဒီတော့ တာဝန်ကျခိုက် နေ့စဉ်မြင်တွေ့နေရတဲ့ နိုင်ငံခြားသားများရဲ့ လှုပ်ရှားမှုတွေပေါ်ကနေ မိသားစုတစ်စု ဘယ်လိုသွားသင့်သလဲ။ ကျွန်မတို့နိုင်ငံအတွက် ဘယ်လိုအပြုအမူတွေက အတုယူဖွယ်ကောင်းသလဲ။ မိမိနိုင်ငံ ယဉ်ကျေးမှုနဲ့မကိုက်ညီလို့ အတုမယူသင့်တာတွေက ဘာတွေဖြစ်မလဲ။ ကျွန်မတို့နိုင်ငံရဲ့ မိသားစုနေထိုင်မှုပုံစံကနေ ဘာတွေကို ပြောင်းလဲသင့်သလဲ စဉ်းစားဖို့ လိုအပ်နေတာကို သတိထားမိလာတယ်။ ကျွန်မတို့ မဖွံ့ဖြိုးတဲ့နိုင်ငံသူ နိုင်ငံသားများအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အနေအထားကိုကြည့်ပြီး ယူသင့်တာယူ၊ ပယ်သင့်တာပယ်၊ ထပ်ဖြည့်သင့်တာ ထပ်ဖြည့်ပြီး လုပ်ဆောင်သွားကြဖို့ လိုပါတယ်။ ကိုယ့်ဘာသာနဲ့လူမျိုးရဲ့ အခြေခံယဉ်ကျေးမှုကို မေ့ထားပြီး အတုယူလွဲကာ တလွဲဆံပင်ကောင်းနေကြတဲ့ သူမျိုးမဖြစ်ဖို့တော့ အထူးသတိထားရပါမယ်။

ကျွန်မတို့တွေက မိသားစုဆိုတာနဲ့ အဖေက ပိုက်ဆံရှာမယ်၊ အမေက အိမ်ထောင့်တာဝန်ယူမယ်၊ သားသမီးက ဆယ်တန်းမှာ အမှတ်ကောင်းကောင်းနဲ့ အောင်အောင်ကြိုးစားရမယ်။ ဒါက မရိုးနိုင်တဲ့ သီအိုရီဟောင်းတစ်ခုပါပဲ။ သားသမီး အမှတ်ကောင်းကောင်းနဲ့အောင်မှ လိုင်းကောင်းရမယ်။ လိုင်းကောင်းရမှ အလုပ်ကောင်းရမယ်။ အလုပ်ကောင်းရမှ ဝင်ငွေကောင်းရမယ်။ ဒီတော့ ဆယ်တန်းဆိုတဲ့ အတန်းကိုမရောက်မချင်း သားသမီးကို ဂရုတစိုက် ပြုစုပျိုးထောင်ကြတယ်။ မိဘရဲ့ သဘောဆန္ဒအတိုင်း စာပြီးရင်းစာ နေထိုင်ကြီးပြင်းလာကြရမယ်။ ဆယ်တန်းအောင်ပြီးလို့ မေဂျာရွေးချယ်တဲ့အခါမှာလည်း မိဘကပဲ ဆုံးဖြတ်ကြပြန်ပါတယ်။

ဒါက ကျွန်မတို့နိုင်ငံမှာ ယနေ့အထိ မပြောင်းမလဲတည်ရှိနေတဲ့ မိသားစုလည်ပတ်ပုံ သီအိုရီကြီးပါပဲ။ အတန်းပညာပြီးရင် သင်တန်းတွေ တစ်ခုပြီးတစ်ခုတက်ကာ လုပ်ငန်းခွင်ဝင်ဖို့ ကြိုးစားကြရပြန်တယ်။ ကျွန်မတို့ရဲ့ လူငယ်တွေ ကြိုးစားကြသလောက် ကြိုးစားမှုရဲ့ အသီးအပွင့်ကို ခံစားကြရသလား။ စိတ်နှလုံး ပျော်ရွှင်ကြရဲ့လား။ ဘယ်နှယောက်မြောက်သော လူငယ်တို့က တိုးတက်သွားကြသလဲ။ လူပီသစွာ နေထိုင်နိုင်ကြသလဲ။ လူတစ်ယောက်က ဝါသနာပါပါတယ်ဆိုတဲ့ အလုပ်ကို လုပ်တာတောင် စိတ်ညစ်စရာများလို့ အာရုံမစိုက်နိုင်ချိန်မျိုးဆို ကိုယ်လုပ်တဲ့အလုပ်ပေါ် စိတ်စေတနာအပြည့်အဝ မထားနိုင်ကြပါဘူး။

ဒီနေ့ခေတ်လို စိတ်ဖိစီးမှုများပုံမျိုးနဲ့ ဝါသနာမပါတဲ့အလုပ်ကို မိမိဆန္ဒမပါဘဲ မိသားစုရဲ့ ရွေးချယ်မှုဆန္ဒအရ လုပ်ကိုင်ကြရတဲ့အခါ အလုပ်အပေါ် စိတ်စေတနာအပြည့်အဝ ထားနိုင်ကြပါ့မလား။ ကျွန်မအမြင် ထားနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ကျွန်မတို့အားလုံး နေရာအတော်များများမှာ အလုပ်အပေါ် စေတနာမပါမှု၊ စိတ်မရှည်မှုတွေကို ကြုံတွေ့ဖူးမှာပါ။ ကြုံဖူးသမျှကို ထိုင်ပြီးအပြစ်တင်နေကြမလား။ ဘာကြောင့် ဖြစ်ရသလဲ၊ အဖြေရှာပြီး ပြုပြင်ကြမလား တွေးကြည့်ပါ။ ဒါကို ကြည့်ခြင်းအားဖြင့် အနာဂတ်လူငယ်တွေကို ကိုယ်ပိုင်အနာဂတ်တွေ ရွေးချယ်တတ်အောင် ငယ်စဉ်ကတည်းက စနစ်တကျ ပြုစုပျိုးထောင်ကြဖို့ လိုပါတယ်။ ဒါမှသာ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ ဝါသနာ၊ စေတနာ၊ အနစ်နာ နာသုံးနာနဲ့ အပြည့်အဝ လုပ်ဆောင်နိုင်ကြမှာပါ။ ယနေ့ခေတ်ပြုစုပျိုးထောင်ခြင်းစနစ်က နိုင်ငံတော်နှင့်မိသားစုအတွက် ဘယ်လောက်များ အထောက်အကူရကြသလဲ။ အထောက်အကူရော ရကြရဲ့လား။ အလေးအနက်ထားပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ကြဖို့လိုလေပြီ။

ကျွန်မတို့တွေက စိုးရိမ်ကြီးစွာ ဟိုဟာ ဒီဟာ အကုန်လိုက်လုပ်ပေးတယ်။ ပြဿနာတစ်စုံတစ်ခုဖြစ်လာရင်လည်း ကိုယ့်သားသမီးသာအမှန် လူကြီးချင်း ငြင်းကြ၊ ခုန်ကြ၊ ရန်သတ်ကြတယ်။ မိဘတွေက အရာရာမှာ စိုးရိမ်ပူပန်မှုများပြီး စိတ်မချကြဘဲ ကလေးတွေကို ကိုယ်ပိုင်ဖြေရှင်းခွင့်မပေးရုံသာမက ဘယ်အရာကိုမှ ဆွေးနွေးခွင့်လည်း မပေးကြပါဘူး။ ကျွန်မတို့လူမျိုးရဲ့ မိသားစုသွားပုံက ဒီလိုလုပ်ရတာဆိုပြီး မိဘတွေကိုယ်တိုင်ဆုံးဖြတ်လုပ်ဆောင်ပေးတတ်ကြတယ်။ သူတို့လူမျိုးက ဒီလိုလုပ်ရတယ်လို့ ကိုယ်တိုင် တွေးခိုင်း၊ လုပ်ခိုင်း တတ်ကြတာပဲ။ ကျွန်မတို့နိုင်ငံမှာ ကလေးစကားက လူရာမဝင်ပေမယ့် သူတို့နိုင်ငံတွေကတော့ အလေးထားနားထောင်ပေးတတ်ကြတယ်။ ကလေးတစ်ယောက် ခံစားချက်ကို ဘယ်တော့မှ လျစ်လျူမရှုပါဘူး။ နိုင်ငံတစ်နိုင်ငံ အကောင်းဆုံး ရှေ့ဆက်နိုင်ဖို့ မျိုးဆက်သစ်က အဓိကဆိုတာ သူတို့ကောင်းကောင်းသိတယ်။ ကျွန်မတို့ ပြည်သူတွေအနေနဲ့ မျိုးဆက်သစ်တွေကို စိတ်အခြေခံကအစ မိသားစုတွေ တက်ညီလက်ညီ ပြုစုပျိုးထောင်ကြဖို့ ပြောင်းလဲသင့်တာ ပြောင်းလဲဖို့လိုပါပြီ။

ကျွန်မကြုံဆုံခဲ့ရတဲ့ဖြစ်စဉ်တွေကို အခြေခံပြီး နှိုင်းယှဉ်သုံးသပ်ပြပါရစေ။ လေဆိပ်ကောင်တာမှာ တာဝန်ကျတဲ့ တစ်ရက်ကပါ။ နိုင်ငံခြားသားအုပ်စုကြီးတစ်စု ကောင်တာရှေ့မှာရပ်လာတယ်။ မိသားစုတစ်ခုထဲ မဟုတ်ပါဘူး။ မိသားစုသုံးလေးစု မိတ်ဆွေအချင်းချင်းစုပြီး ခရီးထွက်လာကြပုံပါပဲ။ တစ်ဖွဲ့လုံးမှာ သုံးနှစ်အရွယ် ကလေးမလေးနှင့် ၁၀ နှစ်ကျော်လောက်ရှိမယ့် ကောင်လေးတစ်ယောက်။ ကလေးနှစ်ယောက်ပဲပါတယ်။ လူကြီးတွေက ဒေါ်လာဈေးနှုန်းကြည့်နေချိန်မှာ ကောင်လေးကလည်း လိုက်ကြည့်ပါတယ်။ ပြီးတော့ သူ့နည်းသူ့ဟန်နဲ့ တွက်နေပုံပါပဲ။ ကျွန်မလည်း ကောင်တာပေါ် ဂဏန်းပေါင်းစက်လေး တင်ပေးလိုက်မိတယ်။ အဲဒီကလေးလေးက ပျော်ရွှင်သွားပြီး ဂဏန်းပေါင်းစက်နဲ့ တွက်ချက်တယ်။ ကောင်လေးလုပ်သမျှကို လူကြီးတွေကကြည့်ပြီး ပြုံးနေကြတယ်။ ဘာမှဝင်မပြောမဆူကြဘူး။

ပြီးတော့ ကောင်လေးက ငွေလဲမယ့်လူကြီးတွေဆီက ပတ်စ်ပို့နဲ့ ပိုက်ဆံလိုက်ယူတယ်။ အားလုံးထုတ်ပေးကြတာပဲ။ ကျွန်မတို့ကို တစ်ယောက်ချင်းစီရဲ့ ပြေစာထုတ်ပေးဖို့ ကောင်လေးကပြောတယ်။ ပြေစာနဲ့ မြန်မာငွေကို တိုက်ဆိုင်စစ်ဆေးပြီး သက်ဆိုင်တဲ့ လူကြီးတစ်ယောက်ချင်းကို ပတ်စ်ပို့နဲ့ ပိုက်ဆံလိုက်ပေးတယ်။ အားလုံးကို ပေးပြီးချိန်မှာတော့ တစ်ချိန်လုံးငြိမ်နေတဲ့ လူကြီးတွေက လက်ခုပ်တီးပြီး ဂုဏ်ပြုကြတယ်။ ကောင်လေးလည်း အတော်ကို ပျော်သွားရှာတယ်။ သိပ်ပျော်နေတဲ့ကောင်လေးကို ဖခင်ဖြစ်သူက အနမ်းနဲ့ ထပ်ဂုဏ်ပြုတယ်။ ကျွန်မတို့ကို သားဖြစ်သူ ပခုံးကို ဖက်ထားလျက်ကနေ ကျေးဇူးတင်စကားပြောပြီး ကောင်တာကနေ ထွက်ခွာသွားကြတယ်။

ကျွန်မအတွေးထဲမှာလေ သူတို့အဖွဲ့က လူကြီးတွေကို သိပ်လေးစားအားကျမိတယ်။ ကလေးတစ်ယောက်ရဲ့ ကောင်းမွန်တဲ့ သိလိုစိတ် လုပ်လိုစိတ်ကို ချောင်မထိုးဘဲ လုပ်ခွင့်ပေးတယ်။ အပေါ်ယံကြည့်ရင် ဘာမှမထူးဆန်းသလိုပါပဲ။ ဒီမထူးဆန်းတဲ့ လုပ်ရပ်က ကလေးအတွက်တော့ မိမိကိုယ်ကို ယုံကြည်စိတ်ရှိဖို့ လေ့ကျင့်ခြင်းတစ်မျိုး မဟုတ်ပါလား။ လူကြီးတွေပေးလိုက်ရတဲ့ အချိန်က ပုံမှန်ကြာသင့်တာထက် ၁၅ မိနစ်လောက်ပါပဲ။ ကလေးအတွက် ရသွားတာကြတော့ တစ်ဘဝစာယုံကြည်မှုပါ။ နောက်ထပ် မိသားစုတစ်စုကျ ကလေးလမ်းလျှောက်တတ်ခါစ အရွယ်လေးပေါ့။ လေဆိပ်ထဲ ဟိုဟိုဒီဒီ လျှောက်တယ်။ လဲကျသွားတော့ ကလေးက ငိုတာပေါ့။ သွားထူပေးလိုက်ရင် မြန်လည်းမြန် ကလေးအငိုတိတ်မှာ သိရက်နဲ့မထူကြပါဘူး။ ကိုယ်တိုင်ပြန်ထနိုင်အောင် အားပေးကြပါတယ်။ကလေး ပြန်ထနိုင်တဲ့အခါမှာလည်း စောစောတုန်းကလိုပဲ ချီးကျူးကြတယ်။ နောက်တစ်ကြိမ် လဲကျချိန်မှာတော့ ကလေးက မငိုတော့ပါဘူး။ မရရအောင် မတ်တတ်ပြန်ထပြီး လူကြီးတွေကို ရယ်ပြပါတယ်။ လူကြီးအားလုံးကလည်း ထပ်ပြီး ချီးကျူးကြတာပါပဲ။

ကိုယ်တိုင်အားထုတ် ကြိုးစားချင်စိတ်ကို လေ့ကျင့်ပေးနေလိုက်တာလို့ တွေးမိပြန်တယ်။ ဘုရားမှ ဆုံတွေ့ခဲ့ရတဲ့ နောက်ထပ်မိသားစုတစ်ခုကျ ကလေးမလေးက မြန်မာကလေးငယ်တစ်ယောက်ကိုကြည့်ပြီး သူ့မိဘတွေကို တစ်ခုခုပေးဖို့ ပူဆာတယ်။ ကလေးမလေးစိတ်ထဲမှာ သနပ်ခါးဘဲကျားနဲ့ လူကြီးတွေနောက် ရှင်းပြရမလား လိုက်နေတဲ့ မြန်မာကလေးအပေါ် သနားသွားပုံပါပဲ။

မိဘတွေကလည်း ကျေကျေနပ်နပ်ပြုံးပြီး ဘာပေးချင်လည်း မေးကြတယ်။ ကလေးပေးချင်တာကို လက်ထဲ တန်းထည့်ပြီး ပေးခိုင်းတယ်။ ပြီးတော့မှ သူ့သမီးလေးကို နမ်းရှုပ်ပြီးချီးကျူးစကားပြောကြတယ်။ ကျွန်မမြင်လိုက်ရတဲ့ ခဏလေး ရင်ထဲသိမ့်ခနဲခံစားလိုက်ရတယ်။ ကြည့်စမ်း လူသားချင်းစာနာစိတ်ကို ပြုစုပျိုးထောင်နေတာ။ကျွန်မတို့ လူမျိုးတွေရော လုပ်ကြပါလေစ။သူတို့က ကိစ္စတစ်ခုခုဆိုအချိန်တွေ၊ ငွေကြေးတွေထက် ကလေးတစ်ယောက်ရဲ့ အနာဂတ်ကို အလေးထားကြတယ်။ ဒီမိသားစုတွေမှလားဆို မဟုတ်ပါဘူး။ ကျွန်မမြင်တွေ့ရသမျှတော့ အတော်များများက ဒီလိုပုံစံချည်းသာ။ ကျွန်မတို့ လူမျိုးတွေသာဆို ဘယ်အချိန်ပေးလိမ့်မလဲ။ ခရီးထွက်ရင်လည်း ဘုရားဖူးလို့ သာပြောတာ သွားသွက်သွက်၊ စားသွက်သွက်၊ ဘုရားဖူးတာပင် သွက်သွက်မို့ အချိန်မပေးနိုင်ကြပါဘူး။ ကလေးတစ်ယောက်က လူကြီးစီစဉ်မှုအောက်မှာပဲ ဘာမှတွေးခေါ်ခွင့်၊ လုပ်ဆောင်ခွင့်မပေးဘူး။ ကန့်သတ်ခံထားရတဲ့ ဦးနှောက်က ရှင်သန်ကြီးထွားဖို့နေရာ မရှိသလိုဘဲ၊ တွေးခေါ်လုပ်ဆောင်မှုမရှိမှုတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ဆိုတာ ရှိလာနိုင်ဖို့ ခက်ခဲပါတယ်။

ကျွန်မအမြင် အနောက်နိုင်ငံသားတွေက သားသမီးကို ယုံကြည်ချက်ရှိအောင်၊ ကိုယ့်တာဝန်ကိုယ်ယူတတ်အောင်၊ လူသားချင်းစာနာစိတ်တွေရှိအောင် ငယ်စဉ်ကတည်းက ကြုံတွေ့ရတဲ့ အပေါ်ကနေ သင်ပြသွားကြတာပါ။ ဒါက အားကျဖို့ကောင်းပါတယ်။ ဘယ်လောက်ထိ ကိုယ့်တာဝန်ကိုယ်ယူရသလဲဆို လမ်းကောင်းကောင်း မလျှောက်တတ်တဲ့ ကလေးလေးကပင် သူ့အိတ်လေးသူ လွယ်ထားရပါတယ်။ အိတ်ထဲမှာ ပစ္စည်းပါမပါတော့မသိ။ ကလေးတိုင်းက ကိုယ့်အိတ်ကိုယ်သယ်ကြရတယ်။မိန်းမလည်း ကိုယ့်အိတ် ကိုယ်သယ်ပဲ။ ယောကျ်ားလည်း ကိုယ့်အိတ် ကိုယ်သယ်ပဲ။ ငွေလဲကောင်တာ ရောက်တော့လည်း ကိုယ့်အိတ်ထဲက ပိုက်ဆံကိုယ်လဲကြတယ်။တစ်ယောက်ရဲ့ ကိစ္စကိုယ် တစ်ယောက်မလိုအပ်ဘဲ မပါဝင်ကြဘူး။

မိသားစုတစ်စုက ကိုယ့်တာဝန်ကိုယ်ယူတဲ့အခါ မိသားစုဝင် တစ်ယောက်ထဲမှာပဲ တာဝန်တွေ မပိတော့ဘူးပေါ့။ သိပ်ချီးကျူးစရာကောင်းတာက အမျိုးသားတွေပဲ။ ကလေးလသားအရွယ်ဆို ကြည့်လိုက် အဖေတွေ ချီထားတာများတယ်။ သူတို့က အမျိုးသမီးတွေကို စာနာပြီး အလေးထားဆက်ဆံတာပဲ အများဆုံးတွေ့ရတယ်။ ဒါကလည်း ငယ်စဉ်ကတည်းက မိသားစုပြုစုပုံစနစ် မှန်ကန်မှုကြောင့်ဖြစ်မယ်။ မိသားစုချင်း ဘယ်လောက်ထိ အလေးထား ဆက်ဆံကြလည်းဆို ဒုက္ခိတဖြစ်နေသူ၊ ပိုလီယိုဖြစ်နေသူ ဖြစ်ပါစေ ပြည်ပခရီးလာတဲ့အခါ ခေါ်လာကြတယ်။ အဲဒီလိုလူတွေကို ပိုပြီး အလေးထားဆက်ဆံကြတာ တွေ့ရတယ်။ ကျွန်မလေ သူတို့ရဲ့ လူသားချင်းစာနာတတ်တဲ့ စိတ်ကို သိပ်ချီးကျူးတာပဲ။ ကျွန်မတို့လူမျိုးမှာ ရှိပြီးသား အခြေခံ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဗီဇစိတ်တွေက ကောင်းပြီးသားပါ။ မိသားစုပြုစုပုံစနစ်သစ် ထပ်ပေါင်းကာ စိတ်ဓာတ်မြင့်မားအောင် ကလေးအရွယ်ကစ အခြေခံအုတ်မြစ်ချပေးပြီး နောက်မျိုးဆက်သစ်တွေအတွက် လမ်းမှန်ဖောက်ပေးကြဖို့ သင့်လေပြီ။

ကျွန်မတို့နိုင်ငံသားတိုင်းက ပင်ကိုဗီဇ သိပ်ကောင်းကြပါတယ်။ ဒါပေမယ့် ဗီဇနဲ့ ပတ်ဝန်းကျင်ညီမျှမှုသာ လူတော်လူကောင်းဖြစ်နိုင်တာမို့ ပတ်ဝန်းကျင်က အလွန်အရေးကြီးပါတယ်။ ကျွန်မတို့နိုင်ငံမှာ မိသားစုတွေဟာ တစ်မိသားစုနဲ့တစ်မိသားစု လုပ်ဆောင်ချက်ညီမျှအောင် နေထိုင်ကြရင်း သူ့ထက်ငါသာအောင်ပဲ ရှေးရှုပြီး လုပ်ဆောင်ကြတာများပါတယ်။ ဖြစ်စဉ်တစ်ခုကို ကောင်း၊ မကောင်း၊ ပြောင်းလဲရန်သင့်၊ မသင့် မစဉ်စားကြတော့ဘူး။ ပတ်ဝန်းကျင်အချင်းချင်းသာကြည့်ပြီး နိုင်ငံရဲ့ ဝေးကွာလွန်းတဲ့ အနာဂတ်ကို မေ့လျော့လို့ နေကြပြီ။ ဒီနေရာမှာ မှတ်မိနေတဲ့ပုံပြင်လေးတစ်ပုဒ်ကို မျှဝေပေးချင်မိပြန်တယ်။ ပုံပြင်လေးကတော့ “ဖားငယ်လေးတစ်ကောင်ကို ရေဖြည့်ထားတဲ့ အိုးတစ်ခုထဲမှာ ထည့်လိုက်ပါ၊ ဖားငယ်လေးဟာ အိုးထဲမှာ ပျော်ရွှင်စွာ ရေကူးနေပါလိမ့်မယ်၊ မကြာခင် အဲဒီအိုးကို မီးဖိုပေါ်တင်လိုက်ပြီး မီးအပူ နည်းနည်းပေးလိုက်ပါတယ်၊ ဖားသူငယ်က ရေနွေးနွေးထဲမှာ အေးအေးဆေးဆေးပါပဲ၊ မီးအပူချိန်ကို နည်းနည်းချင်း မြှင့်တင်ပေးလိုက်တယ်၊ ဖားလေးဟာ ရေအပူချိန်နဲ့ အသားကျပြီး ရေထဲမှာ ပျော်ပျော်လေး ရေကူးနေဆဲပါပဲ၊ နောက်ဆုံး အိုးထဲက ရေဟာပွက်ပွက်ဆူလာတော့ ဖားသူငယ်ဟာ အပူဒဏ်မခံနိုင်တော့ဘူး၊ အပူဒဏ် မခံနိုင်ချိန်ကျမှ ရေနွေးအိုးထဲက ခုန်ထွက်ဖို့ လုပ်ပေမယ့် ခုန်ထွက်နိုင်တဲ့ အားမရှိတော့ အိုးထဲက မထွက်နိုင်ရှာတော့ဘူး၊ နောက်ကျသွားပြီ။ ပွက်ပွက်ဆူတဲ့ ရေနွေးအပြုတ်ခံရပြီး သေသွားရရှာတယ်” ဆိုတဲ့ပုံပြင်လေးပါပဲ။ ကျွန်မတို့တွေကလည်း နေသားကျနေတဲ့ မိသားစုအုပ်ချုပ်ပုံ၊ နေသားကျနေတဲ့ ပညာရေးတွေထဲမှာ ကူးခတ်ပြီး ကျေနပ်နေကြတာပါပဲ။ ဒီပုံစံအတိုင်း နှစ်ပေါင်းများစွာနေခဲ့ကြရတော့ အသားတကျဖြစ်နေကြပြီ။ တဖြည်းဖြည်း အပူချိန်တက်နေတဲ့ရေထဲမှာ ဖားလေးပျော်သလို ပျော်နေကြတုန်းပါပဲ။ ခေတ်မီတိုးတက်လာတာနဲ့အမျှ ရုပ်ဝတ္ထုပိုင်းမှာပဲ ပြုပြင်ပြောင်းလဲလာကြပြီး စိတ်ပိုင်းဆိုင်ရာ ပြုပြင်မှုနည်းလာကြတယ်။ နိုင်ငံတကာအဆင့်မီဖို့ ရုပ်ပိုင်းဆိုင်ရာ တုပရုံနဲ့ မရပါဘူး။ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုနဲ့ မသက်ဆိုင်တဲ့ ဝတ်စားဆင်ယင်မှု၊ နေထိုင်မှုပုံစံတွေကို လူငယ်တွေ အတုယူမမှားဖို့ အထူးသတိပေးကြပ်မတ်ကြဖို့ လိုပါတယ်။ လူကိုပြင်ဆင် ခြယ်သခြင်းထက် စိတ်ကိုပြုပြင်ဖို့ ပိုလိုအပ်ပါတယ်။ တိုးတက်မှုနှင့်အတူ ကျယ်ပြန့်လာတဲ့ မီဒီယာခေတ်ကြီးမှာ ဟာခနဲ ဟင်ခနဲ အဖြစ်အပျက်တွေက နေ့စဉ်ကြားနေ မြင်နေရတာ အနာဂတ်အတွက် ထိတ်လန့်ဖွယ်ကိစ္စပါ။ ကလေးတွေ ငယ်ရွယ်စဉ်ကတည်းက စဉ်းစားဆုံးဖြတ် လုပ်ကိုင်တတ်တဲ့ ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်ဖို့ ဝိုင်းဝန်းကြိုးစားကြရန်များစွာ လိုအပ်ပါတယ်။ ပညာရေးစနစ်ကို အကြိမ်ကြိမ်လွှဲချနေမယ့်အစား ပြုပြင်ပြောင်းလဲမှုတွေ စုပေါင်းလုပ်ဆောင်သင့်ပါတယ်။ ဟိုဘက် ဒီဘက် ဘောလုံးပုတ်သလို ပုတ်နေကြမယ့်အစား ညှိညှိနှိုင်းနှိုင်းနဲ့ အကောင်းဆုံး ပြုပြင်နေထိုင်ကြဖို့ သင့်လေပြီ။ ဆူပွက်တဲ့ ရေနွေးထဲမှာ အပြုတ်ခံရတဲ့ ဖားသူငယ်လို မဖြစ်စေဖို့အချိန် မလွန်ခင်ကပင် ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ကြဖို့ လိုပါတယ်။ မိသားစုတစ်စုကစ ပတ်ဝန်းကျင်ရှိ မိသားစုတွေကိုပါ လက်ဆင့်ကမ်းပြီး ကလေးတွေရဲ့ စိတ်ကိုပြုပြင်ပြောင်းလဲကြရမှာပါ။ ကျွန်မတို့ နိုင်ငံသားအားလုံးက မြန်မာနိုင်ငံရဲ့ မိသားစုဝင်များဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ အနာဂတ်ကလေးငယ်များကို လူတိုင်း လူတိုင်း မိသားစုသဖွယ် ထိန်းသိမ်းစောင့်ရှောက် ပြုပြင်ကြဖို့တိုက်တွန်းရေးသားအပ်ပါတယ်။ ။

## ထာဝရ မေတ္တာ

ခက်လက်စိမ်းစို ပင်ညောင်ညိုလည်း
နပျိုကာလ ချိန်ခဏသာ
အေးမြ လန်းရွှင် အရိပ်ထင်၏။
ရာသီရွှေ့ပြောင်း ဇရာထောင်းတော့
ရွက်ဟောင်းလည်းကြွေ ခက်မဝေဘဲ
ပင်ခြေယိုင်လဲ ရိုးတံကျဲ၍
မမြဲအဆင်း အရိပ်ကင်း၏။
ရောင်ဝါထိန်လင်း ရှင်နေမင်းလည်း
နေ့ခင်းချိန်ခါ ခဏသာလျှင်
ဝေဖြာအဆင်း ထိန်ထိန်ဝင်း၏။
မိနစ်နာရီ စက္ကန့်ညီ၍
ပြည့်မီကာလ အချိန်ကျလျှင်
မှိန်ပျပျောက်ကွယ် ဝေးရာနယ်သို့
သွေဖည်ကျရောက် အလင်းပျောက်၏။
စန္ဒာလမင်း သူ့အဆင်းက
ညခင်းအခါ ခဏသာလျှင်
ဝေဖြာအဆင်း ထိန်ထိန်ဝင်း၏။
ညခင်းကွယ်ပျောက် အလင်းရောက်၍
မိုးသောက်ချိန်ခါ ရောင်နီလာလျှင်
ဖယ်ခွာအဆင်း သူ့အလင်းမှာ
ထိုးထွင်းရောင်ဝါ မှေးမှိန်ပါ၏။
ညောင်ညိုရိပ်ဖြာ လစန္ဒာနှင့်
ဖန်ဝါနေမင်း ဂုဏ်အဆင်းမှာ
ပျက်ယွင်းချိန်ခါ ရှိတတ်ပါလည်း
မာတာပီတ မိနှင့်ဖ၏
ကြီးလှမေတ္တာ ဂုဏ်ရောင်ဝါသည်
ဘယ်ခါမယွင်း ဖြစ်ပျက်ကင်း၍
အဆင်းရောင်ဝါ ဤကမ္ဘာတွင်
ဇရာကင်းပ ထာဝရတည့်။

မောင်ရိုးဂုဏ် (သရက်တော)

ဝတ္ထုတို

## နန္ဒမင်းကြယ်(တွင်းငယ်)



စိုးအောင်။ တစ်ကျောင်းလုံး သူ့ကို မသိတဲ့ ကျောင်းသား ကျောင်းသူမရှိ။ သူကလည်း နာမည်ကြီး။ ဆော့တဲ့နေရာ နှစ်ယောက်မရှိ။ စတဲ့နေရာ ဝိတ်။ စာဆိုရင်တော့ ခေါ်မနောက်ပိတ်ဆိုတာမျိုး။ သူ့နောက် မရှိတော့။ သူက ရှစ်တန်းကျောင်းသား။ အနောက်အပြောင်တော့ ဘာသန် သလဲမမေးနဲ့။ ကျောင်းမှာလည်း နောက်ပြောင်တတ်သလို အိမ်မှာလည်း ဒီလိုပဲတဲ့။ တစ်နေ့က သူ့အမေ ဒေါ်စန်း လာပြောပြလို့ သိရတယ်။

"ဆရာရယ် ဆရာ့တပည့် ပြောပါတယ်၊ နောက်တောက်တောက်နဲ့"

"ပြောပါဦး ဒေါ်စန်းရဲ့၊ စိုးအောင် ဘာဖြစ်လို့လဲဗျ"

ကျွန်တော်မေးလိုက်တော့ ဒေါ်စန်းက သူ့သားပြောပုံကို အစချီပြီး ပြန်ပြောပြတော့တယ်။

"ဒီလိုလေ ဆရာရဲ့၊ အမေတဲ့ သား ကျောင်းမှာ ဆီခြောက်ပိသာရတယ်တဲ့၊ အမေ ဟင်းထဲထည့်ဖို့ ယူလာတယ်၊ ရှော့အမေတဲ့၊ ရှော့ဆိုတော့ ကျွန်မ အဟုတ်မှတ်သွားတာလေ၊ တွေးတော့တွေးမိပါတယ်၊ ဒီဆီ ဘယ်ကရလဲပေါ့၊ ဒါနဲ့ ကျွန်မက ပေးလို့ပြောတော့ သွားယူဦးမယ်ဆိုပြီး ယူလာတော့ စာရွက်လေး၊ ဘယ်မလဲ နင့်ဆီကဆိုတော့ ဒီမှာဆိုပြီး စာရွက်ဖြန့်ပြတယ်၊ သားက ဒီစီရတာကို ပြောတာတဲ့၊ အင်္ဂလိပ်စာလုံး စီတွေကိုတန်းလို့၊ ဒီကဖြင့် အဟုတ်မှတ်လို့၊ ဒါကြောင့် ခေါင်းနှစ်ချက်လောက် ဆွဲခေါက်ပစ်လိုက်တယ်"

"ဟား ဟား ဟား၊ ဒေါ်စန်းက စီနဲ့လွဲသွားတာကိုးဗျ"

ကျွန်တော်သဘောကျမိပါတယ်။ စိုးအောင်က ဒီလို ရွှတ်နောက်နောက်လုပ်တတ်သေးတာ။ နောက်လွန်း၊ ပြောင်လွန်း၊ စလွန်းလို့ ဆရာကြီးရုံးခန်းမှာ "ဆရာကြီးရယ် ကျွန်မသားလေးအတွက် တာဝန်ယူပါတယ်ရှင်၊ နောက်မဖြစ်စေရပါဘူး"ဆိုပြီး ဒေါ်စန်း အာမခံရပေါင်းကလည်း မနည်းတော့ဘူး။ အစခံရတဲ့ သူရဲ့မိဘကို "ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မသားလေး နောက်နောင် ဒီလို မစစေရပါဘူးရှင်" လို့ ဒေါ်စန်း တောင်းပန်ရတာလည်း အကြိမ်ကြိမ်။ ဒီလိုတွေ တောင်းပန်ရတာများတော့ ဒေါ်စန်းလည်း ဒေါသအကြီးအကျယ်ထွက်ပြီး စိုးအောင်ကို ရိုက်တော့တာပဲ။ ဒါပေမယ့် စိုးအောင်က ထုသားပေသားရနေပါပြီ။ စိုးအောင်က လက်ရဲ ဇက်ရဲကလည်းရှိတယ်။ စီခနဲဆို စိုးအောင်ပါပြီးသား။ တစ်ဖက်ကိုပဲ ကြည့်။ တစ်ဖက်က သေချာတယ်။ စိုးအောင်ပဲ။ တစ်နေ့က အားလပ်ချိန်မှာ စိုးအောင်က ဒေါ်လှရဲ့သား ညီထွေးကို ကျောက်ခဲနဲ့ ပေါက်လိုက်တာ ခေါင်းပေါက်သွားတယ်။

ဒါကြောင့် စိုးအောင် ကျောင်းအုပ်ကြီးရုံးခန်း တက်ရပြန်တယ်။ ဒါကြောင့် ဒေါ်စန်းကိုခေါ်ပြီး ညီထွေးအမေကို ကျေနပ်အောင် တောင်းပန်ခိုင်းရတယ်။ ညှိပေးလိုက်ရတယ်ဆိုပါတော့။ စိုးအောင်ကိုတော့ ဒေါ်စန်းက ဒီလိုထပ်ဖြစ်ရမလားဆိုပြီး တွယ်တော့တာပဲ။ ကျွန်တော်ကလည်း ထပ်ဆင့်တွယ်ပေးလိုက်တယ်။ စိုးအောင် ပြဿနာတက်တိုင်း ကျွန်တော်မျက်နှာပျက်ရသလို ဒေါ်စန်းလည်းမျက်နှာပျက်ရတာပဲ။ ဒါပေမယ့် စိုးအောင်ကတော့ ဆရာကြီးရုံးခန်းက ရေအိုးနဲ့ ရေမှုတ်လိုကို လုပ်နေတော့တာပဲ။

စိုးအောင်က စာသာမကြိုးစားတာ။ ကျောင်းလုပ်ငန်းတော့ ဘာမဆိုလုပ်ပေးတတ်တဲ့ အကျင့်လေးရှိတယ်။ ကျောင်းမှာ အိမ်သာနှစ်လုံးရှိတယ်။ အဲဒီအိမ်သာတွေမှာ အမြဲတမ်းရေမရှိတတ်။ တောကျောင်းဖြစ်လို့ ကလေးအများစုက တုတ်တွေသုံးကြတယ်။ ပြီးတော့ ရေမရှိ မလောင်းခဲ့ဘဲ ထားခဲ့တတ်ကြတယ်။ အဲဒီတော့ အိမ်သာတွေမှာ မစင်တွေတစ်ပြီး ဘယ်ကျောင်းသားမှ မတက်ကြတော့ဘူး။ ကျောင်းအုပ်ကြီးတို့၊ ကျွန်တော်တို့ မပြောမချင်း ဘယ်သူမှမဆေးကြဘူး။ ဒါပေမယ့် တစ်နေ့က ကျောင်းအုပ်ကြီးက ကျွန်တော့်ကို လာပြောတယ်။

"ဆရာ ဆရာ့အတန်းက စိုးအောင်ဆိုတဲ့ကလေး ရန်တွေတော့ တအားဖြစ်တာ၊ သူ့မှာအကျင့်ကောင်းလေးတော့ ရှိတယ်"

"ဘယ်လိုအကျင့်လဲ ဆရာကြီး ပြောပါဦး"

"ဒီလိုဆရာရေ ညနေတိုင်း အိမ်သာတွေစစ်ကြည့်တာ မစင်တွေတစ်နေတယ်၊ ဒါပေမယ့် နောက်နေ့မနက် ကျောင်းမတက်ခင် လိုက်ကြည့်တော့ အဲဒီကလေး ရေတွေခပ်ပြီး ဆေးနေတာ"

"ဟုတ်ဆရာကြီး"

"အဲဒီလို အကျင့်ကောင်းလေးရှိတော့ ကောင်းတာပေါ့၊ သူလုပ်တာ တစ်ရက်မဟုတ်ဘူး၊ နေ့တိုင်းနော်"

"ဟုတ် ဆရာကြီး"

ကျွန်တော် စိုးအောင်လိုကလေးမျိုးကို တွေ့ဖူးတာ ဒါပထမဆုံးပါပဲ။ စိုးအောင်မှာ ဒီလို အကျင့်ကောင်းလေး ရှိသေးလို့ ဝမ်းသာပါတယ်။ ရန်ဖြစ်တဲ့ အကျင့်လေးရယ်၊ စာကို လုပ်ချင်စိတ်ရှိအောင် ဆွဲခေါ်နိုင်ရင် စိုးအောင်ဟာ ကျောင်းသားကောင်းလေးပါ။ ရန်မဖြစ်ဖို့၊ စာကိုကြိုးစားဖို့တော့ ကျွန်တော်လည်း အတန်းထဲမှာ တတ်နိုင်သမျှ ဆုံးမပါတယ်။ အတန်အသင့်လည်း ရိုက်ပေးပါတယ်။ ဒါပေမယ့် စိုးအောင်က မပြောင်းလဲပါဘူး။ စိုးအောင်ကို ထုလေမာလေ ငါးဖယ်တေကြီးဖြစ်လာမှာ စိုးရိမ်မိလာတယ်။ ဒါကြောင့် ကျွန်တော် စိုးအောင်ကို လုံးဝမရိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒေါ်စန်းရော ကျွန်တော်ရော ဖိရိုက်နေရင် စိုးအောင်အတွက် မလွယ်ဘူး။ ဘာလို့လဲဆိုတော့ ရိုက်နှက်တာက ကလေးကြီးလာရင် ဆင်ခြင်တုံတရားမရှိဘဲ သူများအပေါ် ရိုင်းရိုင်းစိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံတတ်လာတယ်။ ဒါမှမဟုတ် ကြောက်စိတ်ဝင်သွားပြီး မိဘဆရာရဲ့အလိုကျ နေထိုင်လိုတာတို့၊ နားထောင်ချင်တဲ့စိတ် ပျောက်သွားတာတို့ ဖြစ်လာမယ်လို့ ပညာရေးစိတ်ပညာမှာ ပြောထားလို့ပါ။

ဒါပေမယ့် အဲဒီထက်ပိုဆိုးတာက စိုးအောင် ရှစ်တန်းရောက်နေပေမယ့် ၁၂ အလီကို လုံးစေ့ပတ်စေ့ မရသေးဘူး။ မြန်မာစာလည်း အမြီးအမောက်တည့်အောင် မဖတ်တတ်သေးဘူး။ အင်္ဂလိပ်စာပိုဒ်ဆို ဖတ်ခိုင်းလို့ကို မရဘူး။ ဖတ်လို့ရအောင် မီးနင်းကျက်ခိုင်းတော့လည်း လူလေးဆယ်ရှိရင် သုံးဆယ့်ကိုးယောက်ရပြီးမှ စိုးအောင်က နေရာယူတာ။ ဒါတောင် ထစ်အဲထစ်အဲ။ ဒီကလေးကို ရှစ်တန်းအောင်ဖို့ ဘယ်လိုသင်ရပါ့။ တွေ့ဖူးသမျှ ကလေးတွေထဲမှာ စိုးအောင်က ရှာမှရှား။ တကယ့်ကို ထူးတဲ့ကျောင်းသား။ တတ်အောင်သင် အောင်အောင်စစ်ဆိုတဲ့အတိုင်း တတ်အောင်သင်ရမှာတော့ ဆရာ ဆရာမတွေရဲ့ တာဝန်ပဲ။ ဒီအတိုင်း ပစ်ထားတာထက်စာရင် ဆရာ ဆရာမကပဲ အားထားပေးရတာပေါ့။ ဒါကြောင့် ဒေါ်စန်းကို ခေါ်ပြောထားလိုက်တယ်။

"ဒေါ်စန်း စိုးအောင် နှစ်ဝက်မှာ ကျပါတယ်၊ အပိုချိန်ခေါ်ပြီး အနီးကပ်စောင့်ကြပ်ပြီး လုပ်ကြည့်ရမယ်"

"ဟုတ်ကဲ့ ဆရာ"

အချိန်ပိုခေါ်ရတာလည်း နေ့ကုန်ရက်ရဆိုသလို မပြောင်းလဲပါဘူး။ စိုးအောင်က နောက်ဆုံးပဲ။ ငါးပိသည်က အိပ်ပြီး ဆားသည်က ခွေးမောင်းလုပ်နေတာလေ။ ဒါကြောင့် ဒီလိုကျောင်းသားမျိုးကို ဘယ်လိုတတ်အောင်သင်ရမလဲ စဉ်းစားလိုက်တယ်။ တကယ်တော့ စိုးအောင်က သင်ယူလိုစိတ်ကိုမရှိတာ။ စိတ်မဝင်စားတော့ သင်လည်း မထူးတော့ဘူးလေ။ ဒါကြောင့် ကိုယ်တိုင်သင်ယူလိုစိတ်မရှိတဲ့ကလေးကို ဘယ်လိုသင်ရမယ်ဆိုတာ နောက်ဆုံးတွေးလိုက်မိတော့တယ်။ စိုးအောင်အတွက် အပြင်လူမှုဘဝမှာ သူ့အတွက် အသုံးကျအောင် သင်္ချာအခြေခံဖြစ်တဲ့ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားကို ကျွမ်းအောင် ပြန်သင်လိုက်တယ်။ ကျောင်းမနေလို့ ဈေးရောင်း ဈေးဝယ် လုပ်ရင်တောင် အဆင်ပြေအောင်ပေါ့။ မြန်မာစာကို ကောင်းကောင်းဖတ်တတ်အောင် လေ့ကျင့်ပေးလိုက်တယ်။ ဘဝအတွက် စာအုပ်စာပေတွေကို ဖတ်လို့ရအောင်ပေါ့။ ကျွန်တော်ကတော့ စိုးအောင်ကို ဒီလောက်ပဲ လုပ်ပေးလိုက်နိုင်တယ်။ မကြာပါဘူး စိုးအောင်ခမျာ အကြောင်းအမျိုးမျိုးနဲ့ ကျောင်းထွက်သွားရရှာတာပါပဲ။ စိုးအောင် ကျောင်းထွက်သွားပေမယ့် ကျွန်တော် သူ့လို စာမရတဲ့ကလေး၊ စာကို စိတ်မဝင်စားတဲ့ကလေးတွေ တခြားအတန်းတွေမှာတွေ့တိုင်း စိုးအောင်ကို မြင်ယောင်နေတုန်းပဲ။ ကောင်းပြီး မတော်တဲ့ကျောင်းသား စိုးအောင်ကို သတိရနေတုန်းပါပဲ။ ။

### တို့ကျောင်းခေါင်းလောင်းသံ

အချက်ပေးသံ ဒေါင်ဒင်ညံ
မှန်မှန်ပေးတဲ့ ဒီအသံ။
ကြည်သံသာတဲ့ ခေါင်းလောင်းလေး
ချိုတေးသီကာ အချက်ပေး။
အချိန်မှန်တဲ့ ခေါင်းလောင်းသံ
တို့များထံသို့ လွင့်လာပြန်။
ကျောင်းဖွင့်ချိန်မှန် သူမအား
တာဝန်ချိန်များ ပျော်ပျော်ပါး။
တို့ကျောင်းသားများ စာတွေအံ
ခေါင်းလောင်းသံလို အချိန်မှန်။
ကျောင်းကိုမှန်မှန် အမြဲသွား
စာသွားကြဖို့ တို့မနား။

**ရွှေမန်း(ပညာရေး)**

### သစ်ပင်စိုက်ကြစို့

ဥတုရာသီ တောကိုမှီ
သစ်ပင် ချစ်ရမည်
ပြန်လှန်ကိုယ်စီ အကျိုးပြု
စိုက်ပျိုးကြ ယခု။
ကောင်းမှုတစ်ခု ဖြစ်ပေတာ
ငှက်များ နားစေရာ
ဝန်းကျင်ပြည်ရွာ လှစေဖို့
သစ်ပင်စိုက်ကြစို့။
တို့နေထိုင်တဲ့ ကမ္ဘာမြေ
အစဉ်တည်ဖို့လေ
သာယာစိုပြည် စိမ်းလန်းလှ
အားလုံးဆောင်ရွက်ကြ။

**နံ့သာမြိုင်ဘိုချို**

### ကြိုးစားသူတိုင်းရဲ့မနက်ဖြန်

ကြိုးစားသူစံ၊ ရွှေမနက်ဖြန်
အောင်မြင်မှုပန်းပန်။
မကြိုးစားသေး၊ နေရာလေး
ရပ်လို့နေမှာတွေး။
ကြိုးစားမှုတိုင်းမှာ၊ ကံဉာဏ်ပါ
ဝီရိယ ဖွဲ့လိုတာ။
မကြိုးစားငြား၊ ပျင်းထူထား
နောက်ကျကျန်ခဲ့မှား။
အနာဂတ်မှာ၊ အောင်မြင်ရာ
ဆက်၍ကြိုးစားပါ။
အောင်မြင်မှုပန်း၊ ဆွတ်ယူလှမ်း
ကမ်းလင့်လက်တစ်ကမ်း။

**ဖြူလေး(လယ်ဝေး)**

### စာဖတ်ကြပါစို့

ကျောင်းစာကြည့်တိုက် ဖွင့်ထားတယ်
ငါတို့ သွားကြမယ်။
စာပေဟူကွယ် မိတ်ဆွေပ
ဗဟုသုတရ။
အချိန်ရှိက မပျင်းရာ
မှတ်သားလေ့လာပါ။
သတင်းစာ၊ ဂျာနယ် မဂ္ဂဇင်း
ကြိုက်ရာ ရွေးချယ်ရင်း။
အချင်းချင်းဖွဲ့ ဖလှယ်လို
ဉာဏ်ထက် သိမြင်ပို။
တိုင်းပြည်ပိုမို တိုးတက်ဖို့
စာဖတ်ကြပါစို့။

**ရိုးတံ(ပုလဲနယ်)**

# တွေးခေါ်ကြံဆမှုဆီဦးတည်သော စာသင်ခန်းများဖန်တီး

■ ကျော်သူရ(အဖျောက်)

*“ကျွန်မ ဘာတွေးလဲ မေးပါ။ အကြောင်းက အတွေးတွေက အလုပ်တွေဖြစ်လာလို့ပဲ”*
(မာဂရက် သက်ချာ)

တလောက သင်တန်းမှာသင်ကြားရေးဆိုင်ရာ အကြောင်းအရာတွေဆွေးနွေးဖြစ်ကြတော့ လုပ်သက် အတော်အတန်ရင့်နေပြီဖြစ်သော ဆရာကြီးတစ်ဦး၏ အတွေးအမြင်သဘောထားတွေကို နားထောင်ခွင့်ရသည်။ ဆရာကြီး၏ဆွေးနွေးချက်တွေက ကျွန်တော်တို့ နောက်လူတွေအတွက် သင်ကြားရေးဆိုင်ရာ ဗဟုသုတများကို တော်တော်လေးရရှိစေပါသည်။

ဆရာကြီးဆွေးနွေးစဉ် အတွေ့အကြုံဟူသော စကားလေးကို ထပ်ကာထပ်ကာသုံးသွားသည်ကိုလည်း သတိထားမိပါသည်။ ထပ်ကာထပ်ကာ သုံးနှုန်းခဲ့သောဆရာကြီး၏ အတွေ့အကြုံဟူသော စကားရပ်က သင်တန်းပြီးဆုံးသွားသည့်တိုင် ကျွန်တော်၏နားထဲတွင် စွဲမြဲကျန်ရစ်နေပါသည်။ ဦးနှောက်ထဲတွင် အတွေးတို့က ဖြစ်ကျန်နေပါသည်။ မှန်ပါသည်။ ကျွန်တော်တို့လောကလူသားတွေအတွက် အတွေ့အကြုံသည် အကောင်းဆုံးသော ဆရာပင်ဖြစ်ပါသည်။ မည်သည့်အလုပ်တွင်မဆို အတွေ့အကြုံက အရေးကြီးပါသည်။ အတွေ့အကြုံကြောင့် ယုံကြည်မှုတို့ ရှိလာရသည်။ ရဲရင့်လာရသည်။ တည်ကြည်လာသည်။ ထက်မြက်လာသည်။ ပြောရဲဆိုရဲရှိလာသည်။ အတွေ့အကြုံတို့များလာလျှင် လောကကို ခါးစောင်းတင်နိုင်လာသည်။ လောကဓံကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်လာသည်။ လောက၏စိန်ခေါ်မှုကို ခံနိုင်ရည်ရှိရှိ အန်တုဗလပြုနိုင်လာသည်။

အတွေ့အကြုံ အနည်းအများအပေါ်မူတည်၍ သော်လည်းကောင်း၊ အတွေ့အကြုံတွေ မတူညီမှုကြောင့် သော်လည်းကောင်း လူတစ်ဦးနှင့်တစ်ဦး ခံစားချက် ယုံကြည်ချက်တို့မတူညီဘဲ ကွဲပြားမှုတို့ရှိလာရသည်။ လောကအပေါ် ရှုမြင်ပုံ၊ တုံ့ပြန်ပုံ၊ အကျိုးပြုပုံတို့ကမတူညီတော့ပေ။ ဆိုပါစို့။ ထမင်းတစ်နပ်ပင်အနိုင်နိုင်စားရဖို့ ကြုံတွေ့နေရသောဘဝကို တိုက်ကြီးကြီးနှင့်ဇိမ်ခံကားကြီးစီးပြီး ဗိုက်အဆီရစ်နေသူက ထမင်းတစ်နပ်လျှော့စားဖို့ ပြောလာလျှင် တရားပါ၏လော။ မျှတပါ၏လော။ စာနာစိတ်ရှိသူဟု ပြောနိုင်ပါမည်လော။

တစ်နေ့လုပ်အားခ ၄၈၀၀ နှင့် စားဝတ်နေရေးအတွက် မလုံလောက်မှုကို ကြုံတွေ့နေရသော အလုပ်သမားတို့က ၅၂၀၀ တိုးတောင်းသည်ကို အလိုက်ကန်းဆိုးမသိတတ်ရန်ကောဟု ဆိုနိုင်ပါမည်လော။ ဆယ်ရေးတစ်ရေး ကိုးရေး တစ်ရာမှ မီးပျက်သည့်အမှုကို ကြုံကြိုက်မိသူအနေဖြင့် (မိုးရွာလည်းပျက်၊ မိုးမရွာလည်းပျက်) မီးခဏခဏပျက်၍ မီးပျက်သည့် ဒုက္ခခံစားနေရသော ဒေသမှပြည်သူက ဝေဖန်သမှုပြုသည်ကို အပြစ်ပြောဖို့ ချောင်းနေသော အဆိုးမြင်ဝါဒီသမားဟု စွဲချက်တင်လျှင် သင့်မြတ်ပါ၏လော။ (အမှန်တရားကိုရှာဖွေရာ၌ တိုက်ခိုက် လိုသော အတွေးတစိုးတစိမျှမရှိပါ) ဤအရာသည်ပင် အတွေ့အကြုံတွေ မတူညီမှုကြောင့် လောကအပေါ် ရှုမြင်ပုံ၊ တုံ့ပြန်ပုံများ မတူညီမှု၏အကြောင်းတရားများ ပင်တည်း။ အတွေ့အကြုံသည် နေရာဒေသ၊ လူ့ပတ်ဝန်းကျင်နှင့် အချိန်ကာလကိုလိုက်၍ ကွဲပြားခြားနားမှုတို့ရှိနေမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

ကောင်းပြီ။ အတွေ့အကြုံတွေက လူ့ဘောင်လောကတိုးတက်ရေးအတွက် အထောက်အကူပြုသလော။ အထောက်အကူပြုပါသည်။ သို့သော် အတွေ့အကြုံသက်သက်ချည်းပဲတော့မဟုတ်ပါ။ အတွေးအကြံတွေပါလာမှ လူ့ဘောင်လောကတိုးတက်ရေးကို အထောက်အကူပြုနိုင်လာပါလိမ့်မည်။ ဤဆွေးနွေးချက်ကို ယုတ္တိတန်ဖို့ရာအတွက် ဆရာကြီးအောင်သင်း၏ အတွေ့အကြုံနှင့် အတွေးအကြံစာအုပ်မှ စာတစ်ပိုဒ်ကို ကောက်နုတ်တင်ပြချင်ပါသည်။ “ကျွန်တော်၏ခေါင်းထဲသို့ မကြာခဏဝင်ရောက်တတ်သည်မှာ သစ်သော့သီးတစ်လုံး ကြွေကျသည်ကိုတွေ့လိုက်ရသောကြောင့် “ကျတယ်ဆိုတာဘာလဲ၊ ဘာကြောင့်ကျလာရသလဲ” စသည်ဖြင့် တွေးတောကြံစည်ရာမှ ကမ္ဘာကြီး၏ ဆွဲငင်အားအကြောင်းကို ထုတ်ဖော်လိုက်နိုင်သော သိပ္ပံပညာရှင်ကြီး နယူတန်၏အကြောင်းပင်ဖြစ်ပါသည်။

သစ်သော့သီးကြွေသည်ကို ကမ္ဘာဦးကစပြီး လူတို့တွေ့ကြုံခဲ့ကြရဖူးသော်လည်း သူ့လိုမည်သူမျှမစဉ်းစားခဲ့ကြဟု ဆိုရပါတော့မည်”ဟူသော စာပိုဒ်ဖြစ်ပါသည်။ အတွေ့အကြုံတွေက လူကိုပြည့်ဝစေသည်ကတော့ မှန်ပါသည်။ သို့သော် ဆရာကြီး၏ဖွင့်ဆိုချက်အရ လူ့ဘောင်လောကတိုးတက်လာဖို့ရာအတွက် အတွေ့အကြုံတွေ မရှိမဖြစ်လိုအပ်လာပါသည်။ အတွေ့အကြုံတွေက တစ်ဆင့် အတွေးအကြံတွေ ရင့်သန်လာဖို့လိုပါသည်။ အတွေးအကြံမရှိသော အတွေ့အကြုံသည် မရှိကောင်းသကဲ့သို့ အတွေ့အကြုံမရှိသော အတွေးအကြံသည်လည်း မရှိကောင်းဟူ၍ ယူဆပါသည်။

ဆိုလိုသည်မှာ အတွေ့အကြုံတွေစုံဖို့လိုသကဲ့သို့ တွေးတောကြံဆသည့်နေရာတွင်လည်း ဝါသနာထုံဖို့လိုပါသည်။ အတွေ့အကြုံနည်းပါးသော်လည်း အတွေးအကြံစူးရှလျှင် လောကကို အကျိုးပြုလာနိုင်သည်ဟူသော ဆရာကြီး၏ ယူဆချက်အရဆိုလျှင် အတွေ့အကြုံထက် အတွေးအကြံက ပိုပြီးအရာရောက်သည့်သဘောကို ပြသနေပါသည်။ သို့ကြောင့်လည်း အရွယ်အရှိထက် အမြင်အသိက ပိုအရေးကြီးသည် ဟူသောစကားပေါ်လာသည်ဟု ထင်မှတ်ရပါသည်။

ထိုစကားကိုတွေးဆကြည့်ရင်း တိုင်းပြည်အတွက် လွတ်လပ်ရေးကို အရယူပေးခဲ့သော ၃၂ နှစ်သားအရွယ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်ဝင် လူငယ်တစ်စုတို့၏ စွမ်းဆောင်ရည်ကို အားကျနေမိသည်။ ဆိုရလျှင် အတွေ့အကြုံတွေများသကဲ့သို့ ကျွန်တော်တို့လူ့ဘောင်ဝန်းကျင်မှာ အတွေးအကြံတွေ များများပြုလုပ်ဖို့လိုလာသည်။ အတွေးအကြံတွေက နိုင်ငံတစ်နိုင်ငံ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါအရာရောက်သည်ကိုသိလျက် ဝိပါက်ကြမ္မာငင်ခဲ့ကြသည်ဆိုလျှင် မမှားပေ။

ကျောင်းပညာရေး၌ ဒါသင် ဒါကျက်စနစ်ဖြင့် ကြီးပြင်းခဲ့ရသော ကျွန်တော်တို့မျိုးဆက်သည် အတွေးအကြံပြုမှု၌ အတော်ပင်အားနည်းခဲ့ကြသည်။ သုတေသနပြုမှု၊ လေ့လာမှုကို အခြေမခံသော ပညာရေးစနစ်တွင် အမှတ်ကောင်းရရေးအတွက်သာ ဘဝတစ်ခုဖြစ်နေပြီး မွေးရာပါဗီဇအရ သိချင်၊ တတ်ချင်၊ မေးမြန်းချင်သော၊ တွေးတောမြော်မြင်ကြံဆချင်သော သားကောင်းရတနာများကို တစ်ဖက်ပိတ်ပညာရေး၏ စာသင်ခန်းများက ထိုမွေးရာပါဗီဇကို ရိုက်ချိုးပစ်ခဲ့သည်။ စာသင်ခန်းအတွင်း စဉ်းစားတွေးခေါ်၍ တိုင်ပင်နှီးနှောဆွေးနွေးတတ်သောကျောင်းသားဆိုလျှင် စိတ္တဇဆေးရုံက ထွက်ပြေးလွတ်မြောက်လာသော အရူးများသဖွယ်ပြုမူ ဆက်ဆံခဲ့ကြသည်။ ချိုးနှိမ်ခဲ့ကြသည်။ ဝိုင်းပယ်ခဲ့ကြသည်။ ယနေ့ပညာရေး၌ ထိုစနစ်ကို အခြေမခံတော့။ မကောင်းတာပယ်၍ ကောင်းတာယူပြီး အသစ်တို့ဖြင့် အစားထိုးပြုပြင်နေသည်။

အထူးသဖြင့်လေ့လာမှုကိုအခြေခံပြီး တွေးတောကြံဆမှုကို အားပေးသောပညာရေးကို အလေးထားအကောင်အထည်ဖော်သင့်သည်။ လေ့လာမှုတွေများလာမှ တွေးတောကြံဆမှုတွေ အားကောင်းလာမည်မဟုတ်ပါလော။ ဤနေရာတွင် ကျွန်တော်တို့ ဆရာ ဆရာမများနှင့်ပက်သတ်ပြီး ဆရာကြီးအောင်သင်း ဘာသာပြန်ပြီးပြောခဲ့သောစကားက အကြောင်းသင့်လာပြန်ပေသည်။ မည်သည့်ကျောင်းဆရာမျှ ကျောင်းသားအား တစ်သက်လုံးသုံးမကုန်သော ပညာသုတကိုပေးလိုက်နိုင်သည်မဟုတ်။ ကျောင်းသား၏ နှလုံးသားကို ပညာမွတ်သိပ်လာအောင် လုပ်နိုင်သူပင်လျှင် အတော်ဆုံး ဆရာဖြစ်သည်ဟူသောစကားဖြစ်ပါသည်။ သို့ကြောင့် မြန်မာ့လူဘောင်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အတွေးအခေါ် အလေ့အကျင့်ကောင်းများကို အားပေးမြှင့်တင်သော စာသင်ခန်းများကို ဖန်တီးကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း နိဂုံးကမွတ်အဆုံးသတ်လိုက်ရပါသည်။ ။

# အနင်းခံဘဝ

လေနင်ရာ လွင့်မျောကြမို့
ဆင့်သောက ဗျာပွေ
နင့်မောရ ကြမ္မာတွေရယ်
သဟာဆွေ ဖော်ကင်း။
ရှေးဝိပါက် ဆတိုးပြန်တယ်
ရရိုးအမှန် ဆိုးဘက်သို့နင်း။
ကောင်းအကျိုး ပါရမီတွေ
လာမတည် ရှောင်ကွင်း။
သာမစည် ပြောင်တလင်းသို့
မအောင်ခြင်း မင်းမူ။
အပြောချို လုပ်ရပ်မှားတွေနဲ့
ဆုတ်ဖြတ်သွား ဖေးလို့မကူ။
ရင်နာဘိ အောချယူတယ်
လောကလူ ကိုယ်တစ်ယောက်ကိုယ်လ
ကြိုမထောက် ချစ်လက်မပါ
လှစ်ထွက်မကြာ။
ခြင်းကြားကြက် လှောင်အိမ်မှာလို
ခေါင်နိမ်ရာ နင်းပြားကွဲ့လေး။
ဘဝပေး အကြောင်းသာကွယ်
နှောင်းတစ်ဖြာ လွတ်ရကွဲ့လေး။ ။

**မောင်ငွဲမာန်**

# စစ်မှန်သော အလင်းရောင်

■ ချစ်ခိုင်စံ ( ဘီအီးဒီ )

ကျွန်တော်က တာဝန်ကျရာ ကျောင်းနှင့် အနီးဆုံးဘုန်းကြီးကျောင်းတွင် တည်းသည်။ တစ်လနေမှ တစ်ခေါက်လောက်သာ အိမ်သို့ပြန်ဖြစ်၏။ ကျွန်တော်တည်းသော ဘုန်းကြီးကျောင်းတွင်လည်း ဘုန်းကြီးကျောင်းသားလေး တစ်ယောက်ရှိ၏။ ထိုကျောင်းသားမှာ ကျွန်တော့်တပည့်ပင်။ ကျွန်တော်က ညဘက်တိုင်း သူ့ကိုစာပြပေးပါ၏။

တစ်နေ့တော့ ကျွန်တော့်တပည့်က အင်္ဂလိပ်ကဗျာတစ်ပုဒ် ထိုင်ကျက်နေသည်။ ကျွန်တော်က သူနှင့် မလှမ်းမကမ်းတွင် စာဖတ်နေရင်း သူ့စာကျက်သံကို နားစွင့်နေမိ၏။ သူကျက်နေသည့်ကဗျာမှာ "Light" ဟူသော ကဗျာဖြစ်၏။

ထိုကဗျာကို ၂၀ ရာစုတွင် ဗြိတိသျှလူမျိုး ကဗျာနှင့် ဘာသာပြန်ဆရာဖြစ်သူ Francis William Bourdillon က စပ်ဆိုထားခြင်းဖြစ်ပါ၏။ သူ၏ အကျော်ကြားဆုံး ကဗျာများစွာထဲမှ တစ်ပုဒ်ဆိုလည်း မမှားချေ။ ကဗျာလေးက ရိုးရှင်းသည်၊ သိမ်မွေ့သည်၊ အသံသာသည်၊ အတွေးအခေါ် အယူအဆများ နက်နဲကျယ်ပြန့်သည်။

ကျွန်တော့်တပည့်၏ စာကျက်သံကို နားစွင့်ရင်း ကျွန်တော့်စိတ်ထဲဝယ် ထိုကဗျာလေးကို စကားပြေပြန်ဆိုနေမိပါ၏။ ကဗျာဆရာက ပြောသည်။ ညဘက်တွင် မျက်လုံးပေါင်းတစ်ထောင်ရှိသည်။ သို့သော် နေ့ဘက်တွင်တော့ မျက်လုံးတစ်လုံးသာ ရှိ၏။ ညဘက်ရှိမျက်လုံးများမှာ ကြယ်ကလေးများဖြစ်ပြီး နေ့ဘက်ရှိမျက်လုံးမှာ နေမင်းကြီးသာ ဖြစ်ကြောင်း အထူးပြောစရာမလို။ သို့သော် ကမ္ဘာလောကကြီးအတွက် လိုအပ်လှသော အလင်းဓာတ်ကို များစွာသောကြယ်တို့က မပေးစွမ်းနိုင်။ တစ်လုံးတည်းသော နေမင်းကြီးကသာ ပေးနိုင်စွမ်းပါ၏။ နေမင်းကြီး ပျောက်ကွယ်သွားချိန်တွင်တော့ ကျွန်တော်တို့ တစ်လောကလုံး အမှောင်ဖုံးရပါတော့သည်။

ထို့အတူ ကျွန်တော်တို့ စိတ်သန္တာန်တွင်လည်း အတွေးအခေါ်၊ အယူအဆများဟူသော မျက်လုံးပေါင်းတစ်ထောင် ရှိပါ၏။ သို့သော် နှလုံးသားတွင်တော့ စစ်မှန်သော မေတ္တာတရားဟူသည့် မျက်လုံးတစ်လုံးသာ ရှိပါသည်။ သို့သော် မေတ္တာတရားဟူသော မျက်လုံးသာ ကွယ်ပျောက်သွားမည်ဆိုလျှင် ကျွန်တော်တို့တစ်ဘဝလုံး အဝိဇ္ဇာအမှောင်များ ဖုံးလွှမ်းသွားပါလိမ့်မည်။

ကဗျာကလေးက ဤမျှရယ်သာ။ သို့သော်ငြားလည်း စေ့စေ့တွေးလေ နက်နဲလေ ဖြစ်နေပါ၏။ သေသေချာချာ သုံးသပ်ဆင်ခြင်လေ၊ အတွေးအခေါ် ကျယ်ပြန့်လေ ဖြစ်နေပါသည်။ လူသားအားလုံး၏ဘဝကို ကောင်းရာသုဂတိလားဖို့ မီးမောင်းထိုးပြနေသကဲ့သို့ပင်။

ယခုတလော ကြားနေရသည့်သတင်းများက ရင်နင့်ဖွယ်ပင်။ သက်ငယ်မုဒိမ်းမှု၊ လူသတ်မှု၊ ခိုးမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု၊ ပြည်တွင်းစစ်၊ ဈေးကလီယားဗုံးတီထွင်ခြိမ်းခြောက်မှု စသည်ဖြင့် အမျိုးစုံ အမယ်စုံပင်။ စေ့စေ့တွေးလျှင် တစ်လောကလုံး အမှောင်ဖုံးနေသည့်အလား။

ဤကဲ့သို့ ရင်နင့်ဖွယ် အမှုကိစ္စများသည် ကျွန်တော်တို့ ကမ္ဘာကြီး၌ ဟိုးရှေးကာလ ကတည်းကပင် အရိုးစွဲခဲ့လေပြီ။ ယခုတိုင်လည်း ဆက်လက်ဖြစ်ပွားနေဆဲ။ ဒီအရှိန်အဟုန်အတိုင်းဆိုလျှင် နောင်ကာလများ၌လည်း ဆက်လက်ဖြစ်ပွားနိုင်ပါသေးသည်။ အဘယ်သို့ စောင့်ထိန်းကြပါအံ့။

ဟစ်တလာက သူ့အတ္တအမှောင်ဖြင့် တစ်ကမ္ဘာလုံးကို အုပ်မိုးဖို့ရန် ကြိုးစားခဲ့သည်။ သူ့အတ္တ၏မိုက်မဲမှုကြောင့် အပြစ်မဲ့ဂျူးများ အသက်ပေးခဲ့ရ၏။ အဘယ်မျှ ထိုက်တန်ပါအံ့။ ထို့ပြင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အာဏာပြိုင်ကာ စစ်ပွဲတွေ ဆင်နွှဲခဲ့ကြသည်။ အပြစ်မဲ့ပြည်သူတို့ အသက်ပေးဆပ်ခဲ့ရ၏။ ကမ္ဘာနှင့်အဝန်း ငြိမ်းချမ်းရေးတောင်းဆိုသံတွေ ဘဝင်ညံနေသည်။

ဤသည်မှာ လောကကြီး အမှောင်ဖုံးနေခြင်း၏ နိမိတ်ပင်။ အထူးသဖြင့် လူတို့၏ စိတ်သန္တာန်ဝယ် လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာန်မာနဟူသော ဘဝအမှောင်များ အုပ်မိုးကြီးစိုးနေခြင်းဖြစ်ပါ၏။ ပြင်ပလောက အမှောင်ဖုံးခြင်းကို နေမင်းကြီး၏ အရောင်အဝါဖြင့် ဖယ်ရှားနိုင်ပါသည်။ သို့သော် လူတို့၏ စိတ်ထားများ အမှောင်ဖုံးခြင်းကိုမူ နေမင်းကြီးက မစွမ်းသာ။ မည်သည့်အရာဖြင့် ဖယ်ရှားကြပါအံ့။ တစ်ခုတည်းသော အလင်းရောင်မှာ “မေတ္တာတရား” သာဖြစ်ပါ၏။

ဗုဒ္ဓမြတ်စွာဘုရားက ဟောဖော်ညွှန်ကြားထားပါသည်။ လူရယ်လို့ဖြစ်လာလျှင် လူပီသစွာ နေထိုင်နိုင်ဖို့ရန် ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားရမည် ဟူ၏။ ထိုဗြဟ္မစိုရ်တရား လေးပါးမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့လူသားတိုင်း ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားနိုင်ကြပါ၏လော။ အများစုမှာ မထားနိုင်ကြပေ။ ဖြစ်နိုင်လျှင် မေတ္တာတရားလေးတော့ ထားသင့်ပါ၏။ သို့မှသာ တစ်ကမ္ဘာလုံး အေးချမ်းသာယာမည်ဖြစ်ပါသည်။ သို့မဟုတ်ပါက တစ်လောကလုံး ပူဆွေးနေမည်သာ။

လောက၌ မေတ္တာတရားထက် အေးမြသောအရာ မရှိပါချေ။ အဘယ်ကြောင့် လူအချင်းချင်း မေတ္တာမထားနိုင်ကြပါသနည်း။ သိဃ်သူ့သမီး ကျောက်စာတွင် ဆုတောင်းပုံတစ်ခုရှိပါသည်။ “အချင်းချင်း အမျက်အဉ္ဈ တစ်စေ့မရှိ၊ ချစ်သောမျက်စိဖြင့် ရှုကြရစေ၏” ဟူလို။ သို့သော် ကျွန်တော်တို့အားလုံး ကြည့်ရှုနိုင်ကြပါ၏လော။

ဖြစ်နိုင်လျှင် အချင်းချင်း ချစ်ခင်မြတ်နိုးသော အေးမြသည့် မေတ္တာမျက်လုံးဖြင့် ကြည့်စေချင်ပါသည်။ သို့မှသာ လောကတစ်ခွင်လုံး အေးမြသာယာပါလိမ့်မည်။ ငိုယိုသံများ တိတ်ဆိတ်ကာ အပြုံးပန်းတို့ ဝေဆာလာပါမည်။ ပူလောင်မှုများ ချုပ်ငြိမ်းကာ အေးချမ်းသာယာ လာပါလိမ့်မည်။

ထို့ကြောင့် ကျွန်တော်တို့အားလုံး မေတ္တာမျက်လုံးများ ဖွင့်ထားကြဖို့ လိုပါပြီ။ မိမိနှလုံးသားအတွင်း ကိန်းဝပ်ငုပ်လျှိုးနေသော မေတ္တာဓာတ်ကို နှိုးဆော်ကြပါဟုသာ တိုက်တွန်းချင်ပါ၏။ မေတ္တာသည်သာ လောကကြီးအတွက် အစစ်အမှန် အလင်းရောင်ဖြစ်နေကြောင်း . . . ။ ။

